တက္ကသိုလ်

# သိဟအောင်

ကျူး အင်း ၏ ထိ နိ င် း ချိ

## သစ္စာသိုင်းတံခွန်

ပထမပိုင်း



တက္ကသိုလ်

# သိပ္ပံမောင်

## သစ္စာသိုင်းတံခွန်

(ပထမပိုင်း)

စာမူခွင့်ပြုချက်အမှတ် ၅၀၀၃၉၆၀၄၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၄၁၉၀၄၁၁

၂၀၀၁၁ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ–၅၀၀
တန်ဖိုး ၁၀၀/–ကျပ်

ထုတ်ဝေသူ
ဒေါ်ခင်မာချို (ပန်းဝေဝေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅– လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။

### ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
☆ တိုင်းရင်းသားစည်းလုံးမှုမပြိုကွဲရေး ဒို့အရေး
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

### ပြည်သူ့သဘောထား

☆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
☆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
☆ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက်(၄)ရပ်

☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ရှက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက်(၄)ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
☆ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
☆ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

## ညွှန့်သည်

ကျန်ဆီပြည်နယ်...။

နန်းတွင်းအာဏာစက် ဝေးကွာရာ ဒေသကြီးဖြစ်သလို ပြည်မနှင့်ပါ မိုင်ထောင်ချီ ကွာဝေးသော အရပ်၌ ရှိသည့် နယ်စွန်နယ်ဖျားရှိ ဒေသကြီးတစ်ခု ဖြစ်သည်။

ဆက်သွယ်ရေး ခေါင်ခိုက်သည့်အပြင် လမ်းပမ်းခရီးမှာ ကြမ်းတမ်းလှသည်။

ဆိုရလျှင် ကျန်ဆီပြည်နယ်သည် အလွန်ခေါင်ခိုက်သော ဒေသကြီးတစ်ခုသာ ဖြစ်ပေတော့သည်။

တောင်တန်းမြို့ ဈေးတန်းလေးသည် အုံးအုံးကျွက်ကျွက် ဖြင့် စည်ကားနေ၏။

ဈေးတန်းမှာ ငါးရက်တစ်ဈေးမို့ ဈေးဝယ်သူများ၊ ဈေးရောင်းချသူများနှင့် စည်ကားသိုက်မြိုက်နေခြင်း ဖြစ်သည်။

တောင်တန်းမြို့ကလေးသည် အောက်ပိုင်းဒေသ ဈေးများကဲ့သို့ နေ့စဉ်ရက်ဆက် ဖွင့်လေ့မရှိပါချေ။

ထို့ကြောင့်...

ငါးရက်တစ်ကြိမ်သာ ခင်းကျင်းစုဝေးရောင်းချသည့် ဈေးဖြစ်၍ စည်ကားနေခြင်း ဖြစ်သည်။

အဖြူရောင်အဝတ်အစားများ ဝတ်ဆင်ထားသည့် လူရွယ်တစ်ဦးသည် ဈေးတန်းအားဖြတ်ကာ တစ်ဘက်ထိပ်၌ ရှိသော မြင်းလှည်းဂိတ်သို့ ဦးတည်လျှောက်လှမ်းလာနေ၏။

လူရွယ်၏ပခုံးပေါ်၌ အဝတ်အိတ်တစ်လုံး လွယ်ထား၍ ခရီးသွားမှန်း သိသာလှသည်။

ထို့အပြင် ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထား၍ သိုင်းသမား ဖြစ်မှန်းလည်း ထင်ရှားလှပေသည်။

လူရွယ်၏ဟန်ပန်သည် တည်ကြည်လေးနက်ကာ ရဲရင့်သော ခြသေ့်အသွင်ဆောင်နေ၏။

လူရွယ်၏ခါးမှ ဓားသည် ငွေရောင်တဖိတ်ဖိတ် တောက်ပ



နေလေသည်။

ဓားအိမ်ပေါ်၌ ဓာမဏီငှက်ပုံ ရေးထွင်းထားသည်။

ဓားကိုင်လက်မှာလည်း ဓာမဏီငှက်ပုံ ဖော်ထားကာ ဆင်စွယ်လက်ကိုင်ရိုး ဖြစ်သည်။

သူ၏ဓားမှာ အခြားသောသိုင်းသမားများ ကိုင်ဆောင်လေ့ရှိသော ဓားများနှင့်မတူ တမူထူးခြားကာ ဝင့်ကြွားလှသည်ကား အမှန်ပင် ဖြစ်သည်။

ထိုဓားအား သိုင်းလောကသားများက ကောင်းစွာ သိရှိရုံသာမက နန်းတွင်းအမှုထမ်းတပ်များကပါ ကောင်းစွာ သိရှိထားပေသည်။

ထိုဓားအား ကိုင်ဆောင်သူမှာ တစ်ဦးတည်းသာ ရှိပေသည်။

ထိုလူမှာ 'ဓာမဏီသိုင်းသမားဝမ်းရှ'ပင် ဖြစ်သည်။

ဝမ်းရှ ကိုင်ဆောင်သော ဓားအား 'ဓာမဏီဓား'ဟု ခေါ်တွင်ကြလေသည်။

◆ ◆ ◆

ဓာမဏီဓားဝမ်းရှ...။

သူသည် အဘယ်ကြောင့် ဤမျှ ခေါင်ခိုက်လှသော ကျန့်ဆီပြည်နယ်သို့ ရောက်ရှိလာရပါသနည်း။

အရေးကြီးသော တာဝန်ကိစ္စ ရှိ၍လော။

မဟုတ်ပါ။

ဝမ်းရှသည် အသက်သုံးဆယ် ပြည့်မြောက်သည်နှင့် မင်းမှုထမ်းဘဝမှ အနားယူခဲ့သည်။

ထို့နောက်...

သိုင်းလောက၌ အနည်းငယ်မျှ ခြေဆန့်ခဲ့ပြီးနောက် ကျန်ဆီပြည်နယ် ကျန်းစုံမြို့တွင် ရှိသော သူငယ်ချင်းရှိရာသို့ အလည်အပတ် ထွက်လာခဲ့ခြင်းပင် ဖြစ်ပေသည်။

◆ ◆ ◆



ကျန်းစုံမြို့သို့ သွားမည့် မြင်းလှည်းမှာ တစ်စီးတည်းသာရှိ၏။

ထို့အပြင် ပြည်မဒေသရှိ မြင်းလှည်းများနှင့် မတူဘဲ သမ္မန်တစ်စင်းသဖွယ် ရှည်ရှည်မျောမျောကြီး ဖြစ်သည်။

အပေါ်အမိုးကို ထူထပ်ပေ့ါပါးသော ထင်းရှူးသားဖြင့် ပြုလုပ်ထားလေသည်။

မြင်းလှည်းအိမ်အတွင်း၏ နံရံတစ်ဘက်တစ်ချက်တွင် ထိုင်ခုံတန်းလျားနှစ်ခု တပ်ဆင်ထားလေသည်။

ထိုထိုင်ခုံတန်းလျားတွင် ကျန်းစုံမြို့သို့ လိုက်ပါကြမည့် ခရီးသည်များ ဘေးချင်းကပ်ထိုင်၍ လိုက်ပါကြလေသည်။

ယင်းသို့ လိုက်ပါကြမည့် ခရီးသည်များ၏ပစ္စည်းပစ္စယများကို မြင်းလှည်းထိန်းက မြင်းလှည်းခေါင်မိုးပေါ်သို့ ပစ္စည်းပိုင်ရှင်အားမှတ်၍ အစီအရီ တင်ပေးလေသည်။

တစ်စီးတည်းသော မြင်းလှည်း ဖြစ်၍ ခရီးသည်များမှာ မလိုက်ရမည်ကို ပူပန်နေကြ၏။

ဝမ်းရှ လျှောက်လာစဉ် အဘိုးအိုလင်မယားသည် နေရာမရမည်ကို စိုးရိမ်ပြီး ကပျာကယာ တက်သွားသည်ကို တွေ့လိုက်ရ၏။

ဝမ်းရှလည်း နေရာရရန်အတွက် ခပ်သွက်သွက် လှမ်းလာခဲ့သည်။

ထိုအချိန်တွင် ရုပ်ဆိုးပြီး ထွားကျိုင်းသန်မာသော လူသန်ကြီးတစ်ယောက်သည် ခရီးဆောင်အိတ်တစ်လုံးထမ်းလျက် မြင်းလှည်းရှိရာသို့ ရောက်ရှိလာလေသည်။

ဝမ်းရှသည် မြင်းလှည်းနောက်ဘက် အတက်အဆင်းဆီသို့ ရောက်သောအခါ မြင်းလှည်းမှာ လူပြည့်နေသည်ကို တွေ့မြင်လိုက်ရသည်။

"ဒုက္ခပဲ၊ မြင်းလှည်းပေါ်မှာ လူအပြည့်ပါပဲလား၊ ခရီးဝေးသွားရမယ်ဆိုတော့ နေရာမရလို့ မဖြစ်ဘူး"

သူက တွေးတောယင်း နေရာလွတ် ရှာဖွေကြည့်လိုက်မိသည်။

ရုတ်တရက် သူ၏မျက်လုံးများ ဝင်းလက်သွားသည်။

မြင်းလှည်းအရှေ့ဘက် မြင်းလှည်းသမားထိုင်သည့် သုံးယောက်တန်း ထိုင်ခုံတွင် နေရာနှစ်နေရာ လစ်လပ်လျက် ရှိကြောင်း ဝမ်းရှ လှမ်းမြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့်...

ခပ်သွက်သွက် လှမ်းသွားကာ လှမ်းတက်ရန် ဟန်ပြင်လိုက်သည်။

ထိုအခါ...

"ဒီမှာ နေရာလွတ် မရှိတော့ဘူး"



မြင်းလှည်းသမားက လေသံတင်းတင်းဖြင့် ပြောလာ၏။

ဝမ်းရှ မကျေမနပ် ဖြစ်သွားသည်။

"ဒီမှာ နေရာလွတ်နေတာပဲ မဟုတ်လား"

မြင်းလှည်းသမား ခေါင်းယမ်းလိုက်သည်။

"လူရှိတယ်ဗျ"

"ဒါဖြင့် ဘယ်မှာလဲ"

မြင်းလှည်းသမားက...

"မကြာခင် သူလာလိမ့်မယ်"

"ဘယ်နှစ်ယောက်လဲ"

မြင်းလှည်းသမား ဒေါပွလာ၏။

"မသိဘူး"

ဝမ်းရှ မျက်မှောင်ကုပ်သွားသည်။

ထိုအခိုက်မှာပင်...

"ဟေ့ ရှေ့က ဖယ်စမ်း၊ ဘာကြောင့် လမ်းပိတ်နေတာလဲ"

နောက်ကျောဘက်မှ ငေါက်သံတစ်ချက် ထွက်ပေါ်လာသည်။

ဝမ်းရှ ဒေါသထွက်သွားကာ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုအခါ ရုပ်ဆိုးသော လူသန်ကြီးအား တွေ့လိုက်ရသည်။

လူသန်ကြီးသည် ခပ်စိမ်းစိမ်း စူးစိုက်ကြည့်ကာ...

"ဘာငိုင်နေတာလဲ၊ ဘေးဖယ်စမ်း"

မောက်မာစွာ ပြောယင်း အင်္ကျီလည်ဂုတ်အား ဖမ်းဆုပ်ရန် ဟန်ပြင်လာ၏။

သူ၏ရိုင်းပျသော အပြုအမူကြောင့် ဝမ်းရှ သည်းမခံနိုင်ဘဲ ဖြစ်သွားသည်။

ထိုလူသန်ကြီး၏လက်အား ပုတ်ထုတ်ကာ ညာလက်သီးဖြင့် သူ၏ဝမ်းဗိုက်အား ထိုးသွင်းလိုက်၏။

သူ၏လှုပ်ရှားမှုမှာ အလွန်ပင် လျင်မြန်လှပေသည်။

လူသန်ကြီး မရှောင်နိုင်တော့ပါ။

"ခွပ်"

"အင့်"

ညည်းညူသံတစ်ချက်နှင့်အတူ ဖင်ထိုင်လျက် ကျသွားလေသည်။

သူ၏ပခုံးပေါ်မှ ခရီးဆောင်အိတ်မှာလည်း လမ်းပေါ် လွင့်စဉ်ကျသွား၏။

"တောက်"

လူသန်ကြီး ထရပ်ကာ ဒေါသတကြီး တက်ခေါက်လိုက်၏။

ထို့နောက်...



ကျောပေါ် လွယ်သိုင်းထားသော ဓားကို ဆွဲထုတ်လိုက်သည်။

တစ်ဆက်တည်းပင် ဝှေ့ယမ်းကာ တိုက်ခိုက်လိုက်လေသည်။

ဝမ်းရှ မဲ့လိုက်သည်။

ချက်ချင်းပင် ခြေတစ်ချက်ဆောင့်ကာ ခုန်ပျံရှောင်တိမ်းပေးလိုက်သည်။

လူသန်ကြီးမှာ သူ၏ဓားချက် လွဲချော်သွားလျှင် ပို၍ ဒေါသထွက်သွား၏။

ချက်ချင်းပင် ဝမ်းရှထံ ခုန်လွှားကာ တိုက်ခိုက်လိုက်ပြန်သည်။

ထိုစဉ်မှာပင်...

"ချွင်"

ဝမ်းရှက ဓာမဏီဓားအား ဖျတ်ခနဲ ဆွဲထုတ်လိုက်သည်။

စောစောက မြင်းလှည်းပေါ်တွင် ဆူညံစွာဖြင့် ပြောဆိုနေကြသော ခရီးသည်များ၏စကားသံများ ရုတ်ခြည်း တိတ်ဆိတ်သွားရလေသည်။

အားလုံးပင် တိုက်ပွဲအား စိတ်ဝင်တစားဖြင့် ကြည့်လာကြသည်။

ဝင်းလက်သော ဓားရောင်ကြောင့် ကြည့်ရှုနေသူများ၏ မျက်လုံးများ ကျိန်းစပ်သွားသည်ဟု ထင်ရပေသည်။

ဝမ်းရှသည် အနီးသို့ ရောက်ရှိလာသော လူသန်ကြီးအား ဇာမဏီဓားဝှေ့ယမ်းကာ တုန့်ပြန်တိုက်ခိုက်လိုက်သည်။

ဝင်းလက်သာ ဓားရောင်များ ရောထွေးသွားသည်။

မရှေးမနှောင်းမှာပင်...

"ချွမ်း"

"ဟာ"

ကျယ်လောင်သော အသံနှင့်အတူ အထိတ်တလန့် ရေရွတ်သံ ထွက်ပေါ်လာ၏။

လူသန်ကြီး ကပျာကယာ နောက်ဆုတ်သွား၏။

ပြူးကျယ်သော မျက်လုံးအစုံဖြင့်လည်း သူ၏ဓားအား ကြည့်နေမိသည်။

သူ၏ဓားမှာ ထက်ပိုင်းကျိုးသွားရပြီ မဟုတ်ပါလား။

သူက မှင်တက်ကာ ငူငူကြီး ရပ်နေမိသည်။

ထိုစဉ်...

သြဇာညောင်းသော အမိန့်ပေးသံတစ်ချက် ထွက်ပေါ်လာသည်။

"ယက္ခကြီး ဓားသိမ်းလိုက်စမ်း"



အားလုံးပင် အသံရှင်ဆီသို့ အကြည့်ရောက်သွားလေသည်။

အသံရှင်မှာ အရပ်မြင့်မြင့် လူရွယ်တစ်ဦး ဖြစ်သည်။

လူရွယ်သည် တင်းမာသော မျက်နှာထားဖြင့် ယက္ခကြီးထံ လျှောက်လှမ်းလာသည်။

သူ၏ခါးတွင်လည်း ဓားတစ်လက် ချိတ်ဆွဲထား၏။

ထိုလူသည် တစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူသော အဝတ်အစားဝတ်ဆင်ထားပြီး လျှောက်လှမ်းလာပုံမှာ ပေါ့ပါးလှ၏။

ထိုလူ၏သိုင်းပညာသည် ယက္ခကြီးထက် အဆင့်မြင့်မည် ဖြစ်ကြောင်း ဝမ်းရှ ရိပ်စားမိလိုက်သည်။

ထိုလူသည် ကျန်ဆီပြည်နယ်၌ ကျော်ကြားနေသော 'ဖျိုင်းဖြူ'သိုင်းသမားပင် ဖြစ်သည်။

ယက္ခကြီးသည် ဖျိုင်းဖြူ ရှေ့မှောက်ဝယ် ကြောင်လိမ္မာလေးတစ်ကောင်ပမာ ရှိနေပေသည်။

ယက္ခကြီးသည် ဓားကျိုးကို လွှင့်ပစ်ကာ နောက်ဆုတ်သွားသည်။

ဖျိုင်းဖြူက ဝမ်းရှနှင့် မျက်နှာချင်းဆိုင်လိုက်၏။

တစ်ဖန်...

ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်ကာ...

"မိတ်ဆွေ ဘယ်ကလဲ"

သူ၏လေသံမှာ ဘုဆတ်ဆတ် ဖြစ်နေ၏။

ဝမ်းရှကာ...

"ရပ်ဝေးကပဲ"

ခြောက်ကပ်ကပ် လေးသံဖြင့် ဖြေလိုက်၏။

ဖိုျင်းဖြူ မျက်မှောင်ကုပ်သွားကာ...

"ဘယ်သွားမလို့လဲ"

ထိုအမေးကြောင့် ဝမ်းရှ တစ်ချက်ရယ်မောကာ...

"ဒီမြင်းလှည်းနဲ့ လိုက်မှတော့ ကျုပ် ဘယ်ကို သွားမယ်ဆိုတာ ခင်ဗျားသိလောက်ပါတယ်၊ ကျုပ်က နေရာလွတ်ဆီ ထိုင်မယ်လုပ်တုန်း ခင်ဗျားလူက လာနှောင့်ယှက်တာပဲ"

ဖိုျင်းဖြူ ခေါင်းယမ်းကာ...

"အဲဒီ နေရာမအားဘူး၊ စောစောကတည်းက ကျုပ်တို့ မြင်းလှည်းသမားကို မှာထားပြီးသား"

"ခင်ဗျားတို့ ယူထားပြီးသားဆိုယင် ကျုပ် ဘာမှ ဝင်လုစရာမလိုပါဘူး၊ ဒါပေမယ့် ကျုပ်များ ထိုင်လို့ရမလား မေးနေတုန်း ခင်ဗျားလူက ရန်စတာပဲ"

သူ၏ရှင်းပြမှုကြောင့် ဖိုျင်းဖြူ၏မျက်နှာပြင်ပေါ်ဝယ် တင်းမာမှုများ ပြေလျော့သွား၏။

"ကောင်းပြီလေ၊ ခင်ဗျား လှည်းနဲ့လိုက်မယ်ဆိုယင် နောက်



ကလိုက်ပါ၊ ဒီနေရာမှာတော့ ထိုင်လို့ မဖြစ်ဘူး"

ဝမ်းရှကာ...

"ခင်ဗျားတို့နှစ်ယောက်ပဲဆိုယင် ကျုပ်ဝင်ထိုင်လို့ ရလောက်ပါတယ်"

ဖိုျင်းဖြူ ခေါင်းယမ်းလိုက်သည်။

"ဒါတော့ မဖြစ်ဘူး"

ဝမ်းရှ မျက်မှောင်ကုပ်သွား၏။

ဖိုျင်းဖြူအား အကဲခတ်ကြည့်ကာ...

"ဘာလို့ မဖြစ်နိုင်တာလဲ"

ဟု မေးလိုက်သည်။

ဖိုျင်းဖြူက...

"ကျုပ်တို့ ထိုင်မှာလဲ မဟုတ်ဘူး၊ မိန်းကလေးတစ်ယောက် ထိုင်မှာ၊ ဟော ပြောယင်းဆိုယင်း ဟိုမှာ လာနေပြီ"

ဝမ်းရှသည် ချက်ချင်း နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ထိုအခါ ပန်းရောင်ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦး လျှောက်လှမ်းလာနေသည်ကို တွေ့လိုက်ရ၏။

မိန်းကလေးသည် ချောမောလှပသူလေး ဖြစ်သည်။

မိန်းကလေးက မြင်းလှည်းအနီးသို့ ရောက်လာလျှင်...

"ဘာတွေ ဖြစ်နေကြတာလဲ"

ဟု မေးမြန်းလာသည်။

မြင်းလှည်းသမားက ရှင်းပြလိုက်သည်။

မိန်းကလေးက ဝမ်းရှအား အကဲခတ်ကြည့်လာသည်။

တစ်ဖန်...

ဖိုးငြင်းဖြူအား မျက်မှောင်ကုပ်ကြည့်ကာ...

"ရှင်က ဘယ်သူလဲ"

ဖိုးငြင်းဖြူ ဦးညွှတ်ကာ...

"ဖိုးငြင်းဖြူပါ"

မိန်းကလေး ခေါင်းတစ်ချက်ခါယမ်းကာ...

"ရှင်တို့လုပ်ပုံ မဟုတ်သေးပါဘူး"

"ကျူပ်..ကျူပ်လုပ်တာ မဟုတ်ပါဘူး သခင်မလေး"

မိန်းကလေး နှုတ်ခမ်းတွန့်သွားကာ...

"ရှင့်တပည့် လုပ်တာပေါ့"

"သခင်မလေးကျင်ပန်းခင်ဗျာ၊ အထင်မလွဲပါနဲ့၊ သူများက နေရာလာလုလို့ပါ"

သခင်မလေးကျင်ပန်းက သက်ပြင်းတစ်ချက်ချကာ...

"ထားပါတော့လေ၊ တကယ်ဆိုယင် ရှင်တို့လာကြိုဖို့ မလိုပါဘူး၊ ကိုယ့်နေရပ် ကိုယ်ပြန်လာတာပဲ"



ဖိုးငြင်းဖြူက...

"သခင်ကြီးက စိတ်မချလို့ အတင်းစေလွှတ်ခဲ့တာပါ၊ အခု တလော ဒုစရိုက်သမားတွေ ထကြွသောင်းကျန်းနေတယ်၊ ဘီလူးအဖွဲ့က အဆိုးဆုံးပဲ"

ကျင်ပန်းက...

"ကဲ တော်ပြီ၊ အခု ကျွန်မပြောချင်တာက ရှင်တို့နှစ်ယောက် အေးအေးဆေးဆေး လိုက်ခဲ့ဖို့ပဲ၊ လမ်းမှာ ဘာပြဿနာမှ မတက်စေနဲ့"

ဖိုးငြင်းဖြူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်ကဲ့"

ကျင်ပန်းက မြင်းလှည်းအား တစ်ချက်ကြည့်ကာ...

"ရှင်တို့နှစ်ယောက် ဘယ်က စီးမှာလဲ"

ဖိုးငြင်းဖြူ တစ်ချက်စဉ်းစားကာ...

"ယက္ခကြီးက မြင်းလှည်းသမားဘေးက စီးပါ့မယ်၊ ကျွန်တော်ကတော့ အမိုးပေါ် တက်စီးပါ့မယ်"

ကျင်ပန်း၏အကြည့်က ဝမ်းရှထံ ရောက်ရှိလာ၏။

ဝမ်းရှမှာ သူတို့ပြောစကားများကို နားထောင်ယင်း အကဲခတ် ကြည့်ရှုနေ၏။

ထိုမိန်းကလေးသည် သာမန်လူတန်းစားမှ မဟုတ်ကြောင်း

သူက ရိပ်မိထားသည်။

ထိုစဉ်...

ဗျိုင်းဖြူက မြင်းလှည်းသမားအား အမိန့်ပေးလိုက်၏။

"ကဲ သွားကြမယ်၊ အချိန်မရှိဘူး"

ထို့နောက်...

မကျေမနပ်ဖြင့် ဗျိုင်းဖြူသည် မြင်းလှည်းခေါင်မိုးပေါ်သို့ တက်ရောက်သွားသည်။

"ဘုံး"

ဗျိုင်းဖြူမှာ ခေါင်မိုးပေါ်သို့ အသာအယာ ထိုင်နိုင်ပါလျက် မကျေနပ်ဟန်ပြလိုသဖြင့် ခြေဆောင့်နင်းကာ တက်ရောက်သွားခြင်း ဖြစ်သည်။

ထို့အတူပင်...

တပည့်ဖြစ်သူ ယက္ခကြီးမှာလည်း ခြေနင်းခုံပေါ်သို့ မကျေမနပ် ပုံစံဖြင့် ခြေဆောင့်၍ တက်ရောက်လိုက်သည်။

ဤသည်ကို ကျင်ပန်းက ရိပ်စားမိလိုက်သည်။

ယက္ခကြီးနှင့် ဗျိုင်းဖြူတို့၏ အပြုအမူကိုလည်း သဘော မကျဘဲ ဖြစ်သွားသည်။

သို့တစေ...

သူမ ဘာမျှမပြောလိုတော့၍ ခြေနင်းခုံပေါ်သို့ သိမ်မွေ့စွာ



ဖြင့် လှမ်းတက်လိုက်လေသည်။

အပေါ်ရောက်လျှင် မြင်းလှည်းသမားဘက်သို့ တိုးထိုင် လိုက်သဖြင့် ခုံထောင့်စွန်းဘက်၌ လူတစ်နေရာစာ လွတ်လပ်သွား သည်။

ထို့နောက်...

သူမသည် ဝမ်းရှထံသို့ အကြည့်ရောက်သွား၏။

သူမက တစ်ချက်ပြုံးပြယင်း...

"ထိုင်ပါရှင်"

ရည်မွန်စွာ ဖိတ်ခေါ်လာသည်။

မိန်းကလေး နံဘေး၌ ဝင်ထိုင်ရမည်ကို ဝမ်းရှ အားတုံ့အား နာ ဖြစ်သွားမိသည်။

သူက ခေါင်းခါယမ်းကာ...

"ကိစ္စမရှိပါဘူးဗျာ"

ကျင်ပန်းက...

"ထိုင်ပါရှင်၊ နေရာကျယ်ပါတယ်"

ဝမ်းရှက...

"နေပါစေ၊ ကျုပ် ဒီကပဲ ထိုင်ပါ့မယ်"

ယင်းသို့ ပြောဆိုပြီးနောက် ခြေနင်းခုံပေါ် တက်ရောက် လိုက်သည်။

သို့သော် သူမ နံဘေးနေရာလွတ်တွင်တော့ မထိုင်မိချေ။

ဝမ်းရှသည် ထိုင်ခုံလက်ရန်းပေါ်တွင် တစောင်းအနေအထား ထိုင်မိလိုက်သည်။

ထို့ကြောင့်မို့ မိန်းကလေးနှင့် သူ၏ကြားဝယ် နေရာလွတ်ကလေးတစ်ခု ခြားလပ်လျက် ရှိနေပေသည်။

ထိုအခိုက် မြင်းလှည်းသမားက သခင်မလေးကျင်ပန်းထံ အကြည့်ရောက်လာပြီး...

"သခင်မလေး သွားရတော့မလား"

ဟု လှမ်းမေးလာသည်။

ကျင်ပန်း ခေါင်းညိတ်လိုက်၏။ ထိုအခါ...

"ဟေး"

မြင်းလှည်းသမားက အော်ငေါက်ကာ ကျာပွတ်သံပေးယင်း မြင်းလှည်းကို စတင်မောင်းနှင်လိုက်၏။

"ခွပ်ခွပ်..ခွပ်ခွပ်"

"ကျွီ..ကျွီ"

မြင်းခွာသံ၊ မြင်းလှည်းဘီးလိမ့်သံများ စတင်ထွက်ပေါ်လာပြီး မြင်းလှည်းသည် စတင်ရွေ့လျား ထွက်ခွာလာလေတော့သည်။

◆ ◆ ◆



## ခရီးကြမ်း

မြင်းလေးကောင်ဆွဲသော မြင်းလှည်းသည် စတင်ထွက်ခွာလာ၏။

မြို့တွင်းရှိ လမ်းမှာ ညီညာစွာ ဖောက်လုပ်ထားသဖြင့် ငြိမ့်ညောင်းညီညာစွာ ပြေးထွက်နှင်လာ၏။

သို့သော်...

မြို့ပြင်ရောက်သည်နှင့် လမ်းကြမ်းလာမှုကြောင့် လျင်မြန်စွာ မစိုင်းနှင်နိုင်တော့ချေ။

လမ်းမှာ ညီညာမှုမရှိဘဲ နိမ့်လိုက်မြင့်လိုက် လှိုင်းပမာ ဖြစ်နေသောကြောင့် ဒုန်းစိုင်းနှင်လာသော မြင်းလှည်းမှာလည်း တည်ငြိမ်မှုမရှိပါ။

နိမ့်လိုက်မြင့်လိုက်နှင့် ဘောင်ဘင်ခတ် လှုပ်ရှားနေရလေသည်။

ထို့ကြောင့်...

မြင်းလှည်းအတွင်းရှိ ခရီးသည်များမှာလည်း စကားစမြည်မပြောနိုင်အောင်ပင် ခလောက်ဆန်လာလေသည်။

သို့နှင့်...

မြင်းလှည်းခရီးနှင်လာခဲ့ရာမှ နေမွန်းတည့်ချိန် ရောက်သောအခါ ရွာကြီးတစ်ရွာသို့ ရောက်ရှိလာလေသည်။

ထိုစဉ်...

မြင်းလှည်းသမားက ကျင်ပန်းအား ကြည့်ကာ...

"သခင်မလေး ပုလဲကျေးရွာကြီးမှာ ခရီးတစ်ထောက်နားပြီး မြင်းတွေကို ခေတ္တအနားပေးလိုက်မယ်နော်"

လှမ်း၍ ခွင့်ပန်လာသည်။

ကျင်ပန်း ခေါင်းညိတ်လိုက်၏။

"ရှင်သဘောပါပဲ"

ကျင်ပန်းထံမှ ခွင့်ပြုချက် ရရှိသည်နှင့် မြင်းလှည်းသမားသည် လိုက်ပါလာသော ခရီးသည်များ အနားယူ စားသောက်ရန်အတွက် စားသောက်ဆိုင်များရှေ့တွင် မြင်းလှည်းကို ရပ်ဆိုင်းလိုက်လေသည်။



ထိုအခါ...

မြင်းလှည်းပေါ်တွင် ခလောက်ဆန်၍ လိုက်ပါလာကြသော ခရီးသည်များလည်း ခြေဆန့်လက်ဆန့်ရန်အတွက် အလျှိုလျှိုဆင်းကုန်ကြလေသည်။

တစ်ချို့လည်း အပေါ့အပါးသွားကြသလို တစ်ချို့လည်း တစ်ဖက်တစ်ချက် ဖွင့်လှစ်ထားသော စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင် စသည်တို့ကို ဝင်ရောက်အနားယူယင်း မိမိကြိုက်နှစ်သက်ရာကို မှာယူစားသောက်နေကြလေသည်။

ထိုအခါ...

ယခုမှ ဤလမ်းခရီးကို လာဖူးသော ဝမ်းရှမှာလည်း မြင်းလှည်းပေါ်မှ ဆင်းကာ လက်ဖက်ရည်ဆိုင်ထဲသို့ လှမ်းဝင်ခဲ့လေသည်။

မြင်းလှည်း ဆိုက်နားနေသည်မှာ လက်ဖက်ရည်ဆိုင်ရှေ့ဖြစ်သဖြင့် သူလည်း နီးစပ်ရာဆိုင်သို့ အလွယ်ဝင်ရောက်လာခြင်းဖြစ်လေသည်။

သူ ဆိုင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် စားပွဲဝိုင်းတစ်ဝိုင်းတွင် ခရီးသည်အဘိုးအိုလင်မယားနှစ်ဦး ထိုင်၍ လက်ဖက်ရည်သောက်နေသည်ကို လှမ်းမြင်တွေ့လိုက်ရလေသည်။

အဘိုးအိုလင်မယားနှစ်ယောက်တို့သည် သူ ဆိုင်ထဲသို့ ဝင်

ရောက်လာသည်ကို လှမ်းမြင်တွေ့သည်နှင့် တိုးတိုးတွတ်တွတ် ပြောဆိုနေကြသည်။

ယင်းအဘိုးကြီး၊ အဘွားကြီးနှစ်ဦးတို့ တွတ်တိုး ပြောဆိုနေသည်မှာ သူ့အကြောင်း ပြောဆိုနေကြောင်း အတပ်သိ လိုက်ရလေသည်။

ဆိုင်ထဲတွင် ထိုလင်မယား ထိုင်နေကြသည့် စားပွဲတစ်လုံးသာ ခင်းကျင်းထားကြောင်း တွေ့လိုက်ရသဖြင့် ဝမ်းရှမှာ ယင်းစားပွဲတွင်သာ ဝင်ရောက်ထိုင်လိုက်ရလေသည်။

သူသည် မြင်းရထားဘက်ဆီသို့ လှမ်းကြည့်လျှင် မြင်ရအောင်အတွက် ဆိုင်အပြင်ဘက်သို့ မျက်နှာမူ၍ ထိုင်လိုက်လေတော့သည်။

ထိုအခါ အဘိုးကြီး၊ အဘွားကြီးလင်မယားတို့မှာ သူ၏ညာဘက်အခြမ်းသို့ ရောက်သွားရလေသည်။

ထိုအချိန်တွင် ဗိုလ်ဖြူနှင့် ယက္ခကြီးတို့မှာမူ လမ်းတစ်ဖက်ရှိ စားသောက်ဆိုင်အတွင်းသို့ ဝင်ရောက်သွားသည်ကို ဓာမဏီသိုင်းသမားဝမ်းရှ လှမ်းမြင်တွေ့လိုက်ရလေတော့သည်။

အံ့သြစရာ ကောင်းနေသည်မှာ သခင်မလေးကျင်ပန်းပင်ဖြစ်လေသည်။

အကြောင်းမှာမူ ကျင်ပန်းမှာ ဘယ်မှမသွားဘဲ ထိုင်ခုံနေ



ရာတစ်နေရာတွင် ထိုင်ကျန်ရစ်ကာ စာအုပ်တစ်အုပ် ဖတ်ရှုနေသည်ကို ဝမ်းရှ လှမ်းမြင်တွေ့လိုက်ရခြင်းပင်တည်း။

ထိုစဉ် သူတို့ စားပွဲဆီသို့ အဘိုးကြီးတစ်ဦး ရောက်ရှိလာပြီး ဝမ်းရှထံ လှမ်းမေးလာသည်မှာ...

"မောင်ရင် ဘာမုန့်စားမလဲကွယ့်"

မေးလာတော့ ဝမ်းရှမှာ သခင်မလေးထံ အကြည့်ခွာကာ အဘိုးကြီးထံ လှမ်းကြည့်ယင်း...

"ပေါက်စီပဲ စားမယ် အဘ"

"အေးကွယ်"

ဟု ဆိုကာ အဘိုးကြီးမှာ ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက် ကျောခိုင်းထွက်ခွာသွားလေသည်။

ကြည့်ပုံအရ ထိုဆိုင်ရှင်အဘိုးကြီးကိုယ်တိုင် စားပွဲထိုး လုပ်နေကြောင်း ဝမ်းရှ အကဲခတ် သိရှိလိုက်လေသည်။

ထိုစဉ်မှာပင် သူနှင့် စားပွဲဝိုင်းတစ်ဝိုင်းတည်း ထိုင်နေသော အဘိုးကြီးက ဝမ်းရှထံ လှမ်းမေးလာသည်မှာ...

"မောင်ရင် ဘယ်အရပ်သားလဲ၊ တယ်သတ္တိကောင်းပါလား"

လှမ်းမေးလာတော့ ဝမ်းရှက အပြုံးယဲ့ယဲ့ ပြုံးလိုက်ကာ...

"ကျွန်တော်က ပြည်မကြီးကပါ၊ ဟင်း...ဟင်း သတ္တိကောင်း

တယ်တော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ အရပ်သားတွေ မဟုတ်ရင် မခံတတ်ဘူး"

ထိုစကားကို ကြားမိပြီး အဘိုးကြီးမှာ သဘောကျစွာ ပြုံး၍ ခေါင်းဆတ်ခနဲ ညိတ်လိုက်ယင်း...

"အား မဟုတ်ရင် မခံတတ်တာ သတ္တိပေါ့ကွာ၊ ကျုပ်တို့ အံရပ်က ကောင်တွေဟာ သတ္တိမရှိကြလို့သာ ခေါင်းငုံ့ခံနေကြတာ ပေါ့၊ မဟုတ်မှန်းတော့ အားလုံးသိကြသား"

သည်တွင် အဘွားကြီးက မကျေမနပ် လေသံဖြင့် ကြားဝင်၍ ပြောဆိုလာသည်။

"ဒီအဘိုးကြီး ဘာတွေ လျှောက်ပြောနေတာလဲ"

"ဟုတ်တာ ပြောတာပဲ ကူးမေရယ်၊ ဒါလောက်လဲ မကြောက်စမ်းပါနဲ့၊ ဟင်း ကျန်းရီတို့ အသက်တစ်ဝက်လောက် ပြန် ငယ်ချင်စမ်းပါတယ်၊ ကျုပ်တို့ ငယ်ငယ်တုန်းက ဘယ်လိုဆိုတာ ကူး မေသိတယ် မဟုတ်လား၊ ကျန်းစုံမြို့ တစ်မြို့လုံး မပြောနဲ့၊ ဟောဒီ စီကျန်နယ်တစ်ခုလုံးတောင် ကျန်းရီ၊ ကျန်းလီဆိုရင် ဖိန့်ဖိန့်တုန်ကြရ တယ် မဟုတ်လား ကူးမေ"

ထိုသို့ ကျန်းရီမည်သော အဘိုးကြီးက သူ၏ဇနီး ဟန့်ထား နေရသည့်ကြားက ခံပြင်းသော လေသံဖြင့် သူငယ်ငယ်က အစွမ်း အစ ရှိခဲ့ပုံကို ထုတ်ဖော်ခိုင်းနှိုင်း၍ ပြောဆိုလာလေသည်။



ထိုအခါကျမှ ဇာမဏီသိုင်းသမားဝမ်းရှမှာ သူနှင့် စားပွဲဝိုင်း တွင် ဝိုင်းတည်းတွင် လက်ဖက်ရည် အတူသောက်နေကြသော အဘိုး ကြီး၊ အဘွားကြီးတို့၏ နာမည်နာမတို့ကို သိလာရုံမကပဲ တစ်ချိန်က အဘိုးကြီးမှာ သာမန်လူ မဟုတ်ကြောင်း သိလာရလေသည်။

ဟုတ်သည်။

လွန်ခဲ့သော နှစ်နှစ်ဆယ်ခန့် ဝန်းကျင်ကဆိုလျှင် သည်စီ ကျန်ပြည်နယ်တစ်ဝိုက်၌ လေခွင်းဓားညီနောင် ကျန်းရီ၊ ကျန်းလီဆို လျှင် မည်သည့်မြို့၊ မည်သည့်ကျေးရွာတို့ရှိ လူဆိုးလူမိုက်တို့မျှ မယှဉ် ရဲဝံ့အောင် ဖိန့်ဖိန့်တုန်အောင် ကြောက်ရွံ့ခဲ့ကြသည်။

ဒါကြောင့်လည်း မဟုတ်မမှန် မတရားမှုကို မနှစ်မြို့သော လေခွင်းဓားညီနောင် ကျန်းရီ၊ ကျန်းလီတို့ကို ချီးကျူးကိုးစားယုံကြည် ကြလေသည်။

ထိုအချိန်ကာလက စီကျန်နယ်ရှိ ဒုစရိုက်သမားအားလုံးတို့ လည်း ကျန်းရီ၊ ကျန်းလီတို့ကို ရင်မဆိုင်ဝံ့၍ တစ်နယ်သို့ ပြောင်းပြေး ကုန်ကြလေတော့သည်။

ဒါကြောင့် စီကျန်နယ်တစ်ခုလုံး အေးချမ်းစွာဖြင့် ပြည်နယ် သူ၊ ပြည်နယ်သားတို့ နေထိုင်ခဲ့ကြလေသည်။

ထိုအချိန်က စီကျန်နယ်မှာ အုပ်ချုပ်မှုနှင့် ကင်းဝေးလာခဲ့ သဖြင့် ကြီးနိုင်ငယ်ညှဉ်း ဒုစရိုက်သမားတို့က ကြီးစိုးမင်းမူ အုပ်ချုပ်ခဲ့

ကြတော့သည်။

ထိုစဉ်မှာပင် ကျန်းရီ၊ ကျန်းလီတို့ ထကြွပုန်ကန် တိုက်ခိုက်နှိမ်နင်းမှုကြောင့် မတရားကြီးစိုးနေသော ဒုစရိုက်သိုင်းသမား အုပ်ချုပ်ချယ်လှယ်မှုကို တွန်းလှန်ဖြိုခွင်းခဲ့မှုကြောင့် ပြည်သူပြည်သားတို့ အေးချမ်းသာယာခဲ့ချေပြီ။

ဤသည်ကို အသက်အရွယ် အိုမင်းသွားပြီ ဖြစ်ရသည့် ကျန်းရီက ပြန်လည်အမှတ်ရကာ အခု ကြုံတွေ့နေရသည့် အခြေအနေအပေါ် ခံပြင်းစွာ ရေရွတ်ပြောဆိုလိုက်မိခြင်း ဖြစ်ပေသည်။

သည်တွင် ငယ်ရွယ်ပျိုပျစ်စဉ်က အတော်ချောမောဟန်ရှိသော အဘွားကြီးကူးမေက အဘိုးကြီးကျန်းရီအပေါ် မျက်စောင်းအစုံကို လွှတ်ထိုးလိုက်ကာ…

"အခုလဲ ဘီလူးဖြူ၊ ဘီလူးမည်းတို့ဟာ ရှင်တို့ညီအစ်ကိုရဲ့ ခြေရာကို နင်းမယ့် ကောင်လေးတွေပဲ"

အဘွားအိုကူးမေသည် အဘိုးအိုကို ဟန့်တားရာမှ သူမကိုယ်တိုင် စိတ်ဝင်စားလာဟန်ဖြင့် ထက်သန်စွာ ပြောဆိုလာလေသည်။

ထိုအခါ ဘီလူးမည်းဟူသောအမည်ကို ဓာမဏီသိုင်းသမားဝမ်းရှကြ ဒုတိယအကြိမ်အဖြစ် ကြားရပြန်ပြီ ဖြစ်လေသည်။

သည်တွင် ကျန်းရီက ဂုဏ်ယူဝင့်ကြွားဟန်ဖြင့် သူ့ဇနီးကူး



မေထံ ရှုးစိုက်ကြည့်ရင်း…

"ကျုပ်တို့ ခြေရာနင်းတဲ့ ဒီကောင်လေးတွေဟာ ကျုပ်တို့နဲ့ ဆွေမျိုးအရင်းကြီးတွေပဲ မဟုတ်လား၊ သူတို့အမေ ပိုးချောင်က ကျုပ်တို့နှမဝမ်းကွဲပဲလေ"

ထိုစကားကို ကြားလိုက်ရသောအခါ အဘွားကြီးကူးမေက အဘိုးကြီးကျန်းရီကို မျက်လုံးအစုံ ဝင့်ကြည့်လိုက်ပြီး…

"ပိုးချောင်က ကျွန်မနဲ့လဲ ညီမတော်ပါသေးတယ်ရှင်"

ဟု အားကျမခံ ခွန်းတုံ့ပြန်ပြောဆိုလာလေသည်။

ထိုစဉ် ဝမ်းရှသည် သူ၏ရင်ထဲတွင် တဖွားဖွား သိချင်နေသော ဘီလူးဖြူ၊ ဘီလူးမည်းတို့ အကြောင်းကို ကျန်းရီထံ အကြည့်ရောက်ရင်း ဖွင့်ဟမေးလိုက်သည်။

"နေပါဦး၊ အဘတို့ ပြောပြောနေတဲ့ ဘီလူးဖြူနဲ့ ဘီလူးမည်းတို့ဆိုတာတွေက ဘယ်သူတွေလဲ"

ထိုအခါ ကျန်းရီက ဝမ်းရှ၏အမေးကို မဆိုင်းမတွပင် ဖြေကြားလာသည်မှာ…

"မင်းလိုပဲ၊ သံမဏိလက်ဝါးကျင်စန်းလူတွေ လုပ်သမျှကို ငုံ့မခံတတ်တဲ့ သတ္တိခဲ ညီအစ်ကိုပဲကွ"

ထပ်ဆင့်၍ ဖြေကြားပြောဆိုလာသည့် အဘိုးကြီး၏စကားထဲ၌ ဝမ်းရှတစ်ယောက် စိတ်ဝင်စားရန် နာမည်တစ်လုံး ပါလာပြန်

သည်။ သည်နာမည်တစ်လုံးဟာ သံမဏိလက်ဝါးကျင်စန်းပင် ဖြစ်လေသည်။

ဤသို့ဆိုလျှင် စောစောက သူနှင့် အချင်းဖြစ်ပွားခဲ့သော ဗိုလ်ဇင်းဖြူနှင့် ယက္ခကြီးတို့မှာ သံမဏိလက်ဝါးကျင်စန်း၏ တပည့်တပန်းများ ဖြစ်ကြောင်း သိလိုက်ရသည်။

မိန်းမချောလေး သခင်မလေးကျင်ပန်းက သံမဏိလက်ဝါးကျင်စန်းနှင့် မည်သို့ ပတ်သက်နေပါသနည်း။

သို့သော် ဝမ်းရှသည် သူ့ရင်ထဲ ခန့်မှန်းတွေးတောမိလိုက်သည့် အတွေး မှန်မမှန် သိစေရန်အတွက် ကျန်းရီကို မေးလိုက်သည်။

"သံမဏိလက်ဝါးကျင်စန်းရဲ့လူတွေဆိုတာ ဘယ်သူတွေလဲ"

မေးလိုက်တော့ အဘိုးကြီးကျန်းရီက ချက်ချင်းတုံ့ပြန်ဖြေဆိုလေသည်။

"ဟိုကောင် နှစ်ကောင်ပဲ"

ထိုသို့ ပြောဆိုယင်း ကျန်းရီက လမ်းတစ်ဖက်ရှိ ဗိုလ်ဇင်းဖြူနှင့် ယက္ခကြီးတို့ ဝင်ရောက်သွားကြသည့် စားသောက်ဆိုင်ဆီသို့ မေးငေါ့ထိုးပြသည်။

ဓာမဏိသိုင်းသမားဝမ်းရှက သူ့ရင်ထဲ သိချင်လွန်းနေသော သံမဏိလက်ဝါးကျင်စန်းအကြောင်း ကျန်းရီကို မေးလိုက်လေသည်။



"သံမဏိလက်ဝါးကျင်စန်းဆိုတာကကော"

ထိုအခိုက် အဘွားကြီးကူးမေက ရုတ်တရက် သတိပေးပြောဆိုလာသည်မှာ...

"ကျွန်မတို့ သွားကြစို့၊ တော်ကြာ မြင်းရထား ထွက်သွားလိမ့်မယ်တော့"

သည်တွင် ကျန်းရီက မျက်မှောင်ကြုတ်ကာ...

"နေစမ်းပါဦးကွာ၊ မြင်းရထားက အခုမှ မြင်းတွေ အစာရေစာ ကျွေးမွေးတုန်း၊ ဟောဒီ မောင်ရင်လဲ ငါတို့နဲ့အတူတူ သွားမယ့် ဥစ္စာပဲ"

ဟု ကူးမေဘက်သို့ ခေါင်းလှည့်ပြောဆိုလိုက်သည်။

ကျန်းရီက ဝမ်းရှဘက်ဆီသို့ အကြည့်ရွှေ့ပြောင်းလိုက်လေပြီး...

"ဒီလိုကွယ့်၊ သံမဏိလက်ဝါးကျင်စန်းဆိုတာက ဒီနယ်တစ်ဝိုက်မှာတော့ အာဏာရှင်ပုဂ္ဂိုလ်ကြီးတစ်ဦးပေါ့"

ထိုစဉ် ကူးမေက လောဆော်သော လေသံဖြင့် ကျန်းရီကို ပြောဆိုလာသည်။

"အဘိုးကြီး ကျုပ်တို့သွားကြစို့"

ထိုအခါ ကျန်းရီ၏ဇရာအရေးအကြောင်း၊ အကြောင်းအစင်းများဖြင့် တွန့်ရှုံ့ကြုံလှီနေသော မျက်နှာပေါ်ဝယ် မကျေမနပ် အရိပ်

အယောင် ဆိုင်းထင်သွားရပြီး...

"ရော ဒီအဘွားကြီး တယ်ခက်ပါလား၊ ဟိုမှာ မြင်းတွေ အစာကျွေးနေတုန်းပါဆို"

ထိုစဉ် ဝမ်းရှက ကူးမေ၏မျက်နှာပေါ်ဝယ် ကြောက်ရိပ်၊ စိုးရိမ်ရိပ် လွှမ်းခြုံနေသည်ကို အကဲခတ်မိလိုက်သောကြောင့် အဘွားကြီးကူးမေထံ အကြည့်ရောက်ကာ...

"အမေကြီးက အာဏာရှင်ပုဂ္ဂိုလ်ကြီး သံမဏိလက်ဝါးကျင်စန်းကို တော်တော်ကြောက်နေပုံရတယ်"

ဟု ရယ်မောဟန်ဖြင့် ပြောလိုက်သည်။

သည့်တွင် ကူးမေက အပြုံးယဲ့ယဲ့ ပြုံးလိုက်ကာ...

"မကြောက်ပါဘူး၊ ကြောက်တယ်တော့ မဟုတ်ပါဘူးပေါ့ကွယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူ့နောက်မှာက လက်နက်ကိုင် အဖွဲ့အင်အားက တောင့်တင်းနေတယ် မဟုတ်လား"

"နေပါဦး အမေကြီး၊ အဲဒီ သံမဏိလက်ဝါးကျင်စန်းက လူအင်အား လက်နက်အင်အား အုပ်ချုပ်လွှမ်းမိုးနေတာက သူက ဘာအဆင့်တုန်း"

ထိုအခါ အဘွားကြီးကူးမေက မျက်လုံးအစုံ ဝင့်ကျယ်စွာဖြင့်

"ဒီဘက်က ဘုရင်အုပ်ချုပ်မှုနဲ့ အလှမ်းဝေးတဲ့ နယ်ပယ်ဆိုတော့ ဘုရင့်အမှုတော်ထမ်း ရဲမက်စစ်သည်တွေက တစ်ခါတစ်လေမှ



ရောက်လာတာ၊ ဒါနဲ့ ဒေသအုပ်ချုပ်ရေးမှူးက သံမဏိလက်ဝါးကျင်စန်းအဖွဲ့ကို ကျန်းစုံမြို့ အုပ်ချုပ်သူအဖြစ် ခန့်အပ်အုပ်ချုပ်စေခဲ့တာပါပဲ"

ယင်းသို့ အဘွားကြီးကူးမေက အကျိုးအကြောင်း ရှင်းလင်းပြလာတော့မှ သူ့ရင်ထဲက သိချင်နေမိသော သံမဏိလက်ဝါးကျင်စန်း၏ အခြေအနေ အချို့ကို သိလာရလေတော့သည်။

ဒါကြောင့် ဇာမဏီသိုင်းသမားဝမ်းရှမှာ သက်ပြင်းခပ်ယဲ့ယဲ့ ချလိုက်ပြီးနောက်...

"ဩော် ဒေသအုပ်ချုပ်ရေးမှူး မြို့နယ်လုံခြုံရေးအတွက် သူတို့နယ်စားအဖြစ် ခန့်အပ်ခဲ့တာကိုး"

သည့်တွင် အဘွားကြီးကူးမေက စားပွဲပေါ်မှ အသင့်စောင်းငှဲ့ထည့်ထားသော ရေနွေးကြမ်းပန်းကန်လုံးကို လှမ်းယူ၍ ခေါင်းမော့သောက်လိုက်လေသည်။

ပြီးမှ သူ့လက်ထဲမှ ရေနွေးကြမ်းပန်းကန်လုံးကို စားပွဲပေါ်သို့ အသာအယာချလိုက်လေသည်။

ထို့နောက် အဘွားကြီးကူးမေက ဇာမဏီလက်ဝါးဝမ်းရှထံ အကြည့်ရောက်ယင်း...

"မင်း...သခင်ကျင်စန်း...သခင်ကျင်စန်းနဲ့ စီကျန်နယ်တစ်ဝိုက်မှာ ဟိုလေးတကြော် ဖြစ်နေတာ မကြားမိဘူးလား"

ထိုသို့ မေးလာတော့ ဇာမဏီသိုင်းသမားဝမ်းရှမှာ သူ ကျင်ဖုံမြို့ ရောက်သောအခါ ဈေးမြို့လယ်မှ တည်းခိုခန်းဆောင်၌ တည်းခိုခဲ့စဉ်...

သည်နယ်ကနေ စီနယ်စား ရွေးချယ်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နယ်စားသခင်လောင်းမှာ သူသွားရောက်လည်ပတ်မည့် ဆန်ကျူးရှိရာ ကျန်းစုံမြို့မှ သခင်လောင်းကျင်စန်း ဖြစ်ကြောင်း အမျိုးမျိုး ဝေဖန်ပြောဆိုသံကို သူကြားသိလာခဲ့ရလေသည်။

သို့မို့ကြောင့် သူသိရှိခဲ့ကြောင်း ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက်...

"သြော် သိပြီ..သိပြီ၊ နယ်စားလောင်းလေ"

ပြောလိုက်တော့ အသာငြိမ်၍ နားစွင့်ထောင်နေသော အဘိုးကြီးကျန်းရီက ခနဲ့တဲ့တဲ့ လေသံဖြင့် မဲ့ကာရွဲ့ကာ ပြောဆိုလာသည်မှာ...

"အောင်မယ်လေး မောင်ရင်ရယ်၊ နယ်စားလောင်းဆိုပေမယ့် တို့ဆီမှာတော့ ဘုရင်ကွယ့်..ဘုရင်"

ထိုစကားကြားလိုက်ရသည်နှင့် အဘွားကြီးကူးမေက အာ ချောင်လွန်းရှေ့ဟူသော အကြည့်ဖြင့် အဘိုးကြီးကျန်းရီဆီ စိုက်ကြည့်ယင်း...

"ဟွန်း ဒီအဘိုးကြီးကဖြင့် ပြောရှေ့မယ်၊ နှုတ်ကြောင့် သေ



တယ်ဆိုတာ ရှင့်လိုလူမျိုးပေ့ါ"

ဟု မဲ့မဲ့ရွဲ့ရွဲ့ အပြစ်တင် ပြောဆိုလာလေသည်။

ထိုအခိုက် ဇာမဏီသိုင်းသမားဝမ်းရှ၏အကြည့် မြင်းရထားထိပ်ပိုင်းတွင် ထိုင်၍ စာဖတ်ရှုသော ကျင်ပန်းထံ ဝေ့ဝဲရောက်ရှိသွားရင်း အဘိုးကြီးနှင့် အဘွားကြီးထံ လှမ်းမေးလိုက်လေသည်။

"ဟို မြင်းရထားပေါ်မှာ ထိုင်နေတဲ့ အမျိုးသမီးကကော အာဏာရှင်ကြီးနဲ့ ဘာတော်သလဲ"

ထိုအခါ အဘိုးကြီးကျန်းရီက မဆိုင်းမတွပင် ပြောလာသည်မှာ...

"အဲဒီ အမျိုးသမီးက သူ့ရဲ့သမီးပဲကွ၊ သူ့ရဲ့နာမည်က ကျင်ပန်း"

"အဲဒီ ကျင်ပန်းက နေပြည်တော်ကို ပညာတော်သင်သွားမှ နာမည်ကို မှည့်လာတဲ့နာမည်ပါပဲ"

အဘွားကြီးကူးမေ ထိုသို့ ဆက်ခနဲပင် ပြောလာသည့် အသံမှာ အနည်းငယ် ကျယ်ဝင့်လာလေသည်။

ပြီးမှ အဘွားကူးမေ တစ်စုံတစ်ခုကို ပြေးသတိရလိုက်မိသောကြောင့် ရုတ်ခြည်းပင် သူ့စကားအား လျှော့ချလိုက်ပစ်လေသည်။

နောက် အဘွားကြီးကူးမေမှာ ဘေးဘီဝန်းကျင်တစ်ချက်

ကြည့်ရှုလိုက်ပြီး ဇာမဏီသိုင်းသမားဝမ်းရှထံ စကားဆက်လို့ လာလေသည်။

အဘွားကြီးက ဇာမဏီသိုင်းသမားဝမ်းရှ၏မျက်နှာကို တစ်ချက်ကြည့်၍ ပြောလေသည်။

"ဒါပေမယ့် အဲဒီ ကောင်မလေးက သူ့အမေဘက်နွယ်လို့ စိတ်နှလုံးနူးညံ့ရှာပါတယ်၊ စောစောကပဲ သူဆက်ဆံပြောဆိုတာ ကြည့်ပါလား"

ထိုအခါ ဇာမဏီသိုင်းသမားဝမ်းရှက ခေါင်းဆတ်ခနဲ ညိတ်လိုက်လေသည်။

သည်နောက် ဇာမဏီသိုင်းသမားဝမ်းရှကား ဆိုင်ရှင်အဘိုးကြီးထံ အကြည့်ရောက်ကာ...

"အဘရေ ရှင်းမယ်ခင်ဗျ"

ပြောလိုက်တော့ ဆိုင်အတွင်းဘက်ဆီမှ ဆိုင်ရှင်အဘိုးကြီး၏ ခွန်းတုံ့ပြန်သံ မတိုးမကျယ် ထွက်ပေါ်လာသည်မှာ...

"လာပြီ လူလေးရေ"

တအောင့်ကြာတော့မှ ဆိုင်ရှင်အဘိုးအို သူတို့ စားပွဲဆီသို့ တရွေ့ရွေ့ ချဉ်းကပ်ရောက်ရှိလာလေသည်။

ထိုစဉ် ဇာမဏီသိုင်းသမားဝမ်းရှမှာ တစ်ဝိုင်းလုံး ကျသင့်ငွေကို ဆိုင်ရှင်အဘိုးကြီးကို လှမ်းမေးရင်း ရှင်းပေးလိုက်ရာ...



"ဟိတ်..ဟိတ်၊ မောင်ရင် ဒီစရိတ် ရှင်းလင်းပေးစရာ မလိုဘူး၊ အစ်ကိုကြီး သူ့ဆီက မယူပါနဲ့၊ ကျွန်တော်တို့ဆီက ယူပါ၊ သူက ဧည့်သည်ပါ"

ထိုသို့ အဘိုးကြီးကျန်းရှီ ဟန့်တားပြောဆိုလာပြီး သူ့အိတ်ကပ်ထဲမှ ငွေစအချို့ကို ထုတ်ယူ၍ ဆိုင်ရှင်အဘိုးကြီးထံ ကပျာကယာ လှမ်းရှင်းလင်းလိုက်လေသည်။

သည်တွင် အဘိုးကြီးက အဘိုးကြီးကျန်းရှီ၏ ဆိုစကားကြောင့် ကျသင့်ငွေကို ဇာမဏီသိုင်းသမားဝမ်းရှထံမှ မယူတော့ဘဲ အဘိုးကြီးကျန်းရှီဆီမှ လှမ်းယူ၍ စားပွဲအနားမှ ဖဲကြဉ်ထွက်ခွာသွားလေသည်။

ဇာမဏီသိုင်းသမားဝမ်းရှမှာ မည်သို့မျှ ပြောမရတော့သဖြင့် အသာငြိမ်နေရလေသည်။

ထိုအခိုက် အဘွားကြီးကူးမေက ဇာမဏီသိုင်းသမားဝမ်းရှထံ အကြည့်စူးစိုက်ရောက်ရင်း...

"မောင်ရင် နာမည် ဘယ်လိုခေါ်လဲကွယ့်"

မေးလာတော့ ဇာမဏီသိုင်းသမားဝမ်းရှမှာ ချက်ချင်းပင် တုံ့ပြန်ဖြေလိုက်လေသည်။

"ကျွန်တော့်နာမည် ဇာမဏီသိုင်းသမားဝမ်းရှပါ၊ ကျန်းစုံမြို့ကို ခေတ္တအလည်အပတ်လာတာပါ"

"ဩော်"

ဟု ဆိုကာ အဘိုးကြီးကျန်းရိက မြင်းရထားထိပ်ပိုင်းတွင် ထိုင်နေသော ကျင်ပန်းထံ ခေါင်းလှည့်ကြည့်လိုက်ရင်း စိုးရိမ်မကင်းသော လေသံဖြင့် ဇာမဏီသိုင်းသမားဝမ်းရှထံ စကားဆိုလာသည်မှာ...

"မောင်ရင့်ကို တစ်ခုတော့ သတိပေးထားရဦးမယ်ကွ"

ထိုစကားကြားလိုက်ရသဖြင့် ဇာမဏီသိုင်းသမားဝမ်းရှက အဘိုးကြီးကျန်းရိထံ မျက်မှောင်ကြုတ်ကြည့်ရင်း...

"ဘာများ ကျွန်တော့်ကို သတိပေးဦးမလို့လဲ ခင်ဗျာ"

"ဩော် အာဏာရှင်ကြီးရဲ့သမီးတော်လေးကိုတော့ ယောင်လို့တောင် စိတ်ကူးထဲ မထည့်နဲ့နော်၊ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ အသက်ရော လူရော မှုန့်မှုန့်ညက်ညက် ကြေသွားလိမ့်မယ်"

"ဟား..ဟား..ဟား"

ဇာမဏီသိုင်းသမားဝမ်းရှက အဘိုးကြီး၏စကားကို သဘောကျမိပြီး ဟားတိုက်ကာ ခွက်ထိုးခွက်လန် ရယ်မောလိုက်လေသည်။

ယင်းသို့ သူရယ်မောလိုက်သံကြီးမှာ အတော်ကြီးကျယ်သွားပုံ ရလေသည်။



ဒါကြောင့် သူ့ရယ်မောသံကြီးကို မြင်းရထားပေါ်ရှိ ကျင်ပန်းပင် လှမ်းကြားမိပြီး သူမ စာဖတ်နေရင်းက သူ့ထံ ငဲ့စောင်းကြည့်လာလေသည်။

ထိုအခိုက်...

"ဒင်..ဒင်..ဒင်..ဒင်"

မြင်းရထားထံမှ မကြာခင် ထွက်ခွာတော့မည့် အချက်ပေးခေါက်သံ တဒင်ဒင် ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။

ဒါကြောင့် သူတို့သုံးဦးသား စားပွဲမှ ကပျာကယာ ဖဲကြည်ကာ မြင်းရထားဆီသို့ လျှောက်ကြလေသည်။

ထိုအချိန်တွင် ခရီးသည်အားလုံးတို့သည်လည်း မြင်းရထားဆီသို့ သုတ်သီးသုတ်ပျာ ရောက်ရှိလာကြလေသည်။

◆ ◆ ◆

"ခွပ်..ခွပ်..ခွပ်..ခွပ်"

တိတ်ဆိတ်ငြိမ်သက်လျက် ရှိသော ဝန်းကျင်တစ်ဝိုက် စိုင်းနှင်လာသော မြင်းခွာသံများ ဆူညံစွာ လွှမ်းခြုံလျက် ရှိနေလေသည်။

တဖြည်းဖြည်းဖြင့် မြင်းရထားမှာ ရွာနှင့် ဝေးသထက်ဝေးလာရပြီး တောနက်အတွင်းသို့ ရောက်ရှိလာလေတော့သည်။

မြေသားနီနီညိုညိုလမ်းမှာ အနိမ့်အမြင့် ညီညာမှုမရှိသဖြင့် မြင်းရထားမှာ တဝုန်းဝုန်း တဝုန်းဝုန်းဖြင့် နိမ့်ချည်မြင့်ချည် ဖြစ်ကာ ရွေ့လျားနေလျက် ရှိသည်။

ဘေးဘီဝန်းကျင်မှာလည်း သစ်ပင်အုပ်များက စိမ်းစိမ်းစိုစို၊ ကြည့်မြင်ရသူ၏ရင်ဝယ် ပေါ့ပါးလန်းဆန်းလျက် ရှိနေလေသည်။

ကျင်ပန်းမှာ မြင်းရထား စထွက်လာကတည်းက သူမ၏ ဖတ်စာအုပ်ကို ကျောပိုးအိတ်လေးအထဲသို့ ပြန်ထည့်သိမ်းပြီးသား ဖြစ်လေသည်။

သူမအတွက် တစ်ကြိမ်တစ်ခါမှ မရောက်ဖူးသော အရပ်ဒေသကို သွားရောက်နေသည့်အလား ရှေ့တူရှု သဘာဝရှုခင်းရှုကွက်ကို ငေးမောကြည့်ရှုလာလေသည်။

ယင်းသို့ သူမ ငေးမောကြည့်နေရင်းက ရုံဖန်ရံခါ သူမ၏ အကြည့်တို့ ဘေးရှိ ဇာမဏီသိုင်းသမားဝမ်းရှထံသို့ စောင်းငဲ့ကြည့်လာလေသည်။



ဇာမဏီသိုင်းသမားဝမ်းရှသည် သူ့အား ကျင်ပန်းတစ်ယောက် ရုံဖန်ရံခါ စောင်းငဲ့ကြည့်နေကြောင်း လုံးအကဲခတ်မိလာလေသည်။

သူသည် လမ်းဘေးဝဲယာရှိ စိမ်းညို့ညို့ တောအုပ်များဆီ အကြည့်ရောက်လိုက်၊ မဖွဲ့မယဉ် ဖြစ်သော ကျင်ပန်းထံ အကြည့်ရောက်လိုက်ဖြင့် မြင်းရထား သယ်ဆောင်ရာနောက်သို့ လိုက်ပါခဲ့ရလေသည်။

တစ်ခါတစ်ရံ သူနှင့် ခားရေးယှဉ်ပြိုင်ခဲ့သော ယက္ခကြီး၊ မျိုင်းဖြူတို့ဆီ လှမ်းကြည့်၍ အကဲခတ်မိလိုက်သည်။

တစ်စနှင့်တစ်စ တောနက်လာသည်နှင့်အမျှ မြင်းခွာသံမှတစ်ပါး ပကတိ ဆိတ်ငြိမ်နေလျက် ရှိနေပေသည်။

နီညိုမြေနီလမ်းကလေးမှာ အနိမ့်အမြင့် မညီညာသလို ပို၍လည်း ကြမ်းတမ်းလာလေသည်။

ပို၍ပို၍ သွားလမ်းမှာလည်း ကျဉ်းသထက် ကျဉ်းလာရလေသည်။

ထိုအချိန်တွင် ရထားထိန်း၏ ကြိမ်ရိုက်သံ၊ ကြိမ်းမောင်းငေါက်ငမ်းသံတို့ ပို၍ ကျယ်လောင်ဆူညံလာရလေသည်။

မြင်းလေးကောင်တို့သည်လည်း ရထားအိမ်ကြီးကို ရုန်းကန်၍ ဆွဲသယ်နေရလေသည်။

ဟုဝ်သည်။

ယခု မြင်းလေးကောင်တို့သည် အတော်မြင့်သော တောင်ငယ်တစ်ခုကို နဂါးပတ် ခွေတက်နေရလေသည်။

ဒါကြောင့်မို့ မြင်းလေးကောင်တို့သည် ကုန်အပြည့်အသိပ်ပါသောရထားအိမ်ကြီးကို တောင်ငယ်တစ်ခုပေါ်သို့ မနည်းအားကုန်ရုန်းကန်ဆွဲပြေးနေကြရလေသည်။

"ရှမ်း..ရှမ်း..ရှမ်း"

"ဟဲ့ ဟိုကောင် ပေကပ်ကပ်နဲ့ သေတော့မှာပဲ"

"ရှမ်း"

"ခွပ်..ခွပ်..ခွပ်..ခွပ်"

ထိုအချိန်တွင် ရထားထိန်းနှင့်အတူ လိုက်ပါလာရသော ကျင်ပန်းက မြင်းလေးကောင်တို့အား ကုန်းရုန်း၍ လမ်းခရီး၏အမြင့်ဆုံး အတက်ကို တက်နေရသည့်ကြားက ရထားထိန်းမှာ အပေါ်မှနေ၍ မြင်းများကို မြင်းနှင်တံဖြင့် မညှာမတာ ရိုက်နှက်မောင်းနှင်နေသည်ကို တွေ့ရှိပြီး စိတ်မချမ်းမသာ ခံစားနေရလေသည်။

နောက်ဆုံး သူမရင်ထဲ အောင့်အည်းစွာ မခံစားနိုင်သောကြောင့် ရထားထိန်းထံ ရင်ဖွင့်ပြောလိုက်သည်။

"ရထားထိန်းကြီးရယ်၊ သူတို့လဲ အတက်လမ်းကြီး ဖြစ်နေတော့ ဒီလောက် အရှိန်နဲ့ပဲ ဆွဲနိုင်မှာပေါ့၊ သိပ်ကြီးလဲ တအားရိုက်



နှက်မနေပါနဲ့တော့"

ထိုသို့ ပြောလာတော့ ရထားထိန်းကြီး၏အကြည့် ကျင်ပန်းထံ ရွေ့လျားရောက်ရှိလာရပြီး...

"သခင်မလေး၊ ကျွန်တော်လဲ ကိုယ့်ကို ရှာဖွေကျွေးမွေးနေတဲ့ မြင်းတွေကို မတရားမနှိပ်စက်ချင်ပါဘူး၊ သခင်မလေး မြင်တွေ့လိုက်ရတဲ့အတိုင်း တစ်ဖက်က ချောက်နက်ပြီး၊ အခု တစ်ကယ်လို့ ဒီနေရာမှာ ကျွန်တော်မျိုး ခိုကပ်ပြီး အားစိုက်ထုတ်ပြီး ဇရုန်းကန်ချင်တဲ့ မြင်းကို ရိုက်နှက်ပြီး မခိုမကပ်အောင် ဆုံးမနေတာပါ၊ တကယ်လို့ မြင်းလေးကောင်မှာ တစ်ကောင်ခိုကပ်နေရင် ကျန်သုံးကောင်ပေါ် ဝန်ထုပ်ဝန်ပိုး ပိုကျသွားမယ်၊ ကြာရှည်ဆွဲလာတော့ ဝန်နဲ့အား မမျှတော့ဘဲ နောက်ဘက်ကုန်းဆင်းကို ဆင်လျောကျသွားမည်ဆိုရင် လှည်းတစ်စင်းလုံး ချောက်ထဲကို တစ်ပတ်ကျွမ်းလည်ပြီး ကျသွားရတော့မယ်"

ယင်းသို့ ရထားထိန်းက စိတ်ရှည်လက်ရှည် ရှင်းလင်းပြတော့မှ ကျင်ပန်းမှာ ရထားထိန်း အော်ငေါက်ဆဲဆို ကြိမ်းမောင်းရိုက်နှက်နေရသည့် သဘောကို နည်းနည်းနားလည်လာသည်။

ဟုတ်လည်း ဟုတ်ပါသည်။

သူတို့ စီးနင်းလိုက်ပါနေကြသော တောင်တက်လမ်းခရီး၏ တစ်ဖက်နေရာရှိ ချောက်ကြီးက အသင့်ပါးစပ်ဖြဲဟ၍ စောင့်ဆိုင်းနေ

သည် မဟုတ်ပါလား။

လမ်းခရီးက အတက်မောက်သလောက် အဆင်းတောက် နေပါ၏။

သို့နှင့် မြင်းလေးကောင် ကဈ် စိုင်းနှင်နေသော မြင်းရထား ကြီးမှာ အတက်ကုန်သွားပြီး အဆင်းနှင့် ကြုံရပြန်တော့သည်။

လမ်းခရီးတွင် မြင်းလေးကောင်တို့သည် အတက်တွင် ပင် ပန်းကြီးစွာ အားစိုက်ရုန်းတက်ရသလို တောင်အဆင်း ရောက်သော အခါ တဖြည်းဖြည်း ရွေ့လျားလာကြလေသည်။

ပြောရမည်ဆိုလျှင် ယင်းမြင်းလေးကောင်တို့မှာ သည်ခရီး လမ်းကို သွားလာနေကျမို့ အတွေ့အကြုံ ရှိပြီးသား ဖြစ်နေကြလေ သည်။

ဒါကြောင့်မို့ အဆင်းခရီးတွင် ရထားထိန်းမှာ မြင်းဇက်ကြိုး ကို မလျော့မတင်း ဆွဲထိန်း၍ စိုင်းနှင်လာရလေသည်။

တောင်တက်နဂါးပတ်လမ်းမို့ အကွေ့အကောက်များ ရှိနေ သည်။

ညာဘက်ကို ကွေ့ပြီးသည်နှင့် ဘယ်ဘက်ကို ပြန်ပြီး ချက် ချင်း ပြန်ကွေ့ရပြန်လေသည်။

သို့နှင့် မြင်းရထားသည် ထောင့်ချိုးကွေ့ အလွန်တွင်...

"ဒုန်း...ဒုန်း"



ကျယ်လောင်သော မြည်သံများကြောင့် ခရီးသွားအားလုံး အထိတ်တလန့် ဖြစ်သွားကြကုန်သည်။

◆ ◆ ◆

သခင်မလေးကျင်ပန်းက ရုတ်တရက် မြင်းရထား ရပ်ဆိုင်း လိုက်မှုကြောင့် ရထားထိန်းထံ အံ့သြတူးစမ်းဟန်ဖြင့် စိုက်ကြည့်ရင်း...

"ဘာဖြစ်လို့ မြင်းလှည်းတွေ ရပ်ဆိုင်းလိုက်ရတာလဲ"

ထိုအခါ...

ရထားထိန်းက နှုတ်မှ တုံ့ပြန်မဖြေဘဲ သူ့ရှေ့တူရူသို့ လက် ညှိုးထိုး ညွှန်ပြလာလေသည်။

ဤတွင် ကျင်ပန်း၏အကြည့်က ရထားထိန်း လက်ညှိုးထိုး ညွှန်ပြနေသော နေရာဆီသို့ ရွေ့ပြောင်းရောက်ရှိသွားရလေသည်။

ရှေ့ခပ်လှမ်းလှမ်းတွင် တံတားတစ်ခု ရှိနေ၏။

ယင်းတံတား၏အစွန်းတစ်ဖက်တွင် အတန်ကျယ်သော မြေ ပြန့်ကလေးတစ်ခု ရှိ၏။

ထိုမြေပြန့်ငယ်ကလေးမှာ အလွန်မတ်စောက်သော အ တက်ရှိလေသည်။

တံတားတစ်ဖက်တွင်တော့ လက်နက်ကိုယ်စီ ကိုင်ဆောင်

ထားကြသော လူဆယ့်ငါးယောက်တို့ အသင့်စောင့်ဆိုင်းနေကြသည်ကို ကျင်ပန်း လှမ်းမြင်တွေ့လိုက်ရလေသည်။

ယင်းလူစုကို လှမ်းမြင်တွေ့လိုက်ရသည်နှင့် ကျင်ပန်းက ရထားထိန်းထံ လှမ်းမေးလိုက်လေသည်။

"သူတို့က ဘယ်သူတွေလဲ"

ရထားထိန်းက စိုးရိမ်ကြောင့်ကြသော မျက်နှာထားနှင့်...

"ဘီလူးအဖွဲ့ပါ သခင်မလေး"

ထိုအဖြေစကား ကြားလိုက်ရသည်နှင့် သူမ၏မျက်နှာလှလှလေးပေါ်သို့ ကြောက်ရိပ်များ ရုတ်ခြည်း လွှမ်းခြုံသွားပြီး သူမတစ်ကိုယ်လုံး မသိမသာ လှုပ်ခါသွားရလေသည်။

ယင်းသို့ ပြောင်းလဲသွားရသော အခြေအနေကို သူမ နံဘေးရှိ ဝမ်းရှ သတိပြုမိလိုက်၏။

ထို့နောက်...

ဝမ်းရှ၏အကြည့်မှာ ယက္ခကြီးနှင့် ရထားခေါင်မိုးပေါ်ရှိ ဖျိုင်းဖြူတို့ထံ အကြည့်ဝေ့ဝဲ ရောက်ရှိကာ လှမ်းအကဲခတ်ကြည့်မိလိုက်လေသည်။

ထိုအခါ...

ဖျိုင်းဖြူနှင့် ယက္ခကြီးတို့၏ အမူအရာတို့မှာ အေးတိအေးစက် အနေအထား ရှိနေသည်ကို မြင်တွေ့လိုက်ရလေသည်။



တံတားတစ်ဖက်ရှိ ဘီလူးအဖွဲ့အား လုံးဝဂရုမပြုသလိုဟန်ရှိသည်။

ထိုအချိန်တွင် ရထားပေါ်မှ လူများ တိတ်ဆိတ်ငြိမ်သက်သွားရာမှ စကားသံများ ပြန့်ထွက်လာကြလေသည်။

စကားသံများက ကျယ်ကျယ်လောင်လောင်ကြီး မဟုတ်ပါချေ။

ခရီးသည်အချင်းချင်း တစ်ယောက်ကိုတစ်ယောက် တိုးတိုးအုပ်အုပ် ပြောဆိုသံများပင် ဖြစ်သည်။

သို့သော်...

ထိုသို့ ခရီးသည်များ တိုးတိုးအုပ်အုပ် ပြောဆိုနေကြသံများကို သူ့အကြားစွမ်းအင်ဖြင့် ပီပြင်စွာ ကြားနေရလေသည်။

ခရီးသည်များ တီးတိုးတိုးတိုး ပြောဆိုနေကြသော စကားသံများကား...

"ခေါင်းတုံးပြောင်ပြောင်နှစ်ယောက်ဟာ ဘီလူးညီနောင်ပဲပေါ့"

"ဘီလူးဖြူက အရုပ်ပိုရှည်ပြီး ဘီလူးမည်းက ပိုတုတ်တယ်"

"သည်ဘက်က ဘီလူးဖြူ"

"မဟုတ်ပါဘူးဗျာ၊ ဟိုဘက်က ခါးထောက်နေတာ"

ထိုသို့ ခရီးသည်များ တစ်ယောက်တစ်ပေါက် ငြင်းခုံစကား

ဆိုနေကြလေသည်။

ထိုအခိုက် ရထားခေါင်မိုးရှိဗျိုင်းဖြူက ကြားသွားဟန်တူပါသည်။

ထို့ကြောင့်...

ဗျိုင်းဖြူက ခေါင်မိုးပေါ်မှ နေ၍ အော်ဟစ်အမိန့်ပေးလာသည်က...

"ဟေ့ လူတွေ တိတ်ကြစမ်း"

ယင်းသို့ ဗျိုင်းဖြူ၏အော်ဟစ် အမိန့်ပေးသံကြောင့် ရထားအတွင်းမှ စကားအငြင်းအခုံ ပြောဆိုနေကြသံများ တိခနဲ တိတ်ဆိတ်သွားရလေသည်။

ထိုအခါ...

ခရီးသည်အားလုံးတို့သည် ဗျိုင်းဖြူ မည်သို့ ဆက်လုပ်လေမည်လဲဟု စိတ်ဝင်စားမိကြ၏။

ခက်နေသည်က သည်ရထားတွင် ဗျိုင်းဖြူနှင့် ယက္ခကြီးတို့ နှစ်ယောက်သာ ရှိနေ၏။

တစ်ဖက်တွင် ဘီလူးအဖွဲ့မှာ လူအင်အား မနည်းပါချေ။

ဤတွင် ဗျိုင်းဖြူမှာ သူ့ဓားအိမ်ထဲမှ ဆောင်ဓားကို ရှပ်ခနဲ ဆွဲထုတ်လိုက်သည်။

ထို့နောက်...



ဗျိုင်းဖြူက ရထားထိန်းထံ အကြည့်စူးစိုက်ရောက်ရင်း...

"ရထားထိန်း ဆက်မောင်းစမ်း"

အမိန့်ပေးလာသောအခါ ရထားထိန်းက ဗျိုင်းဖြူထံ ကြောက်ကြောက်ရွံ့ရွံ့ စိုက်ကြည့်ရင်း...

"ဖြစ်ပါ့မလား"

ဟု မရဲတရဲ ပြောလိုက်၏။

ဗျိုင်းဖြူက မျက်နှာတင်းတင်းမာမာဖြင့်...

"မဖြစ်တော့ကော ခင်ဗျား နောက်လှည့်ပြန်မှာမို့လို့လား"

ထိုအခါ ရထားထိန်းက...

"ကျွန်တော်တို့အတွက်က အရေးမကြီးပါဘူး၊ အစ်ကိုကြီးတို့နဲ့ ဟောသည်က သခင်မလေးအတွက်"

"ဟာ သည်လူ စကားကြောရှည်ပါလား၊ ကျုပ်က မောင်းဆိုရင်မောင်းပါ၊ ယက္ခကြီးဘီးကျမ်းတုံး ဖယ်ပေးလိုက်စမ်း"

"ဟုတ်ကဲ့ ဆရာ"

ဟုဆိုကာ ယက္ခကြီး ခေါင်းတစ်ချက်ညိတ်ပြီး မြင်းရထားပေါ်မှ လွှားခနဲ ခုန်ဆင်းသွားလေသည်။

ထိုအခါ...

ရထားထိန်းမှာ မြင်းရထားကို အနောက်ဘက်သို့ ရွေ့ပြောင်းလိုက်စဉ် ယက္ခကြီးက လျင်မြန်သွက်လက်စွာဖြင့် ရထားထိန်း

စောစောက ခုခံထားသော ဘီးကျမ်းတုံးကို ဖယ်လိုက်လေ၏။

သည့်နောက် ရထားထိန်းသည် မြင်းရထားကို တံတားဆီသို့ ဦးတည်ရွေ့လျားသွားလေသည်။

ထိုအခိုက် ကျင်ပန်းမှာ သူမနံဘေးရှိ ဝမ်းရှထံ လှည့်ကြည့်မိသည်။

ထိုအခါ...

ဝမ်းရှ၏မျက်နှာသွင်ပြင်မှာ တည်ငြိမ်ရဲရင့်စွာ တည်ရှိနေသည်ကို သူမမြင်တွေ့ရသဖြင့် အားတက်သွားမိပုံရလေသည်။

သူ၏မျက်နှာမှာမူ အလွန်အမင်း ထိတ်လန့်နေခြင်းမရှိသော်လည်း အနည်းငယ် ဒွိဟ ဖြစ်နေပုံရှိသည်။

သို့နှင့် မြင်းလေးကောင် ဆွဲထားသော မြင်းရထားမှာ တစ်စတစ်စဖြင့် တံတားနှင့် နီးကပ်လာလေသည်။

ထိုအချိန်တွင် တံတားတစ်ဖက်၌ မြင်းရထားအလာကို စောင့်ဆိုင်းနေကြသော ဘီလူးအဖွဲ့ မလှုပ်မယှက် စောင့်ဆိုင်းနေလျက် ရှိသလို ရထားအိမ်အတွင်း၌ လိုက်ပါလာကြသော ခရီးသည်များလည်း စိုးရိမ်ထိတ်လန့်စွာဖြင့် ငြိမ်သက်စွာ လိုက်ပါလာကြသည်။

တစ်မူထူးခြားနေသည်မှာ ဗျိုင်းဖြူနှင့် ယက္ခကြီးတို့ပင် ဖြစ်သည်။



အကြောင်းမှာမူ သူတို့ အမူအရာတို့မှာ အေးစက်စက်နိုင်လွန်းလျက် ရှိနေလေသည်။

ပြောရမည်ဆိုလျှင် အန္တရာယ်နှင့် ကြုံတွေ့ရမည်ကို တုန်လှုပ်ခြင်းကင်းလျက် ရင်ဆိုင်ဝံ့သည့် သတ္တိကို ချီးကျူးရလေမည်လော။

သို့မဟုတ် သူတို့၏ မိုက်မိုက်မဲမဲ လုပ်ရပ်ကို အပြစ်တင်ပြောရမည်လော။

ခက်သည်က ဝမ်းရှပင် ဖြစ်သည်။

သူ့အနေနှင့် မည်သည့်နေရာတွင် ပါဝင်ဆောင်ရွက်ရမည်နည်း။

တစ်ဖက်က ကျန်းစုံမြို့ အုပ်ချုပ်သူ သံမဏိလက်ဝါး ကျင်စန်း၏သမီး ကျင်ပန်းနှင့် အဖွဲ့သားများ၊

နောက်တစ်ဖက်က ကျင်စန်း၏အုပ်ချုပ်မှုကို ဆန့်ကျင်တိုက်ခိုက်နေကြသော ဘီလူးဖြူနှင့် ဘီလူးမည်းတို့၏အဖွဲ့သားများ၊

ယင်းသို့ ဝမ်းရှက သို့လောသို့လော တွေးတော၍ မြင်းရထားပေါ် စီးနင်းလိုက်ပါလာခဲ့လေသည်။

တွေးရင်းငေးရင်း မြင်းလေးကောင်တို့ က,ထားသော မြင်းရထားက တံတားဆီသို့ စိုင်းနှင်ရောက်ရှိသွားလေသည်။

မြင်းရထား ရပ်လိုက်သည်နှင့် ရထားပေါ်မှ ဗျိုင်းဖြူနှင့်

ယက္ခကြီးတို့ ဆောင်ဓားကိုယ်စီကိုင်လျက် လွှားခနဲ ခုန်ပျံဆင်းလိုက်ကြသည်။

ပြောရမည်ဆိုလျှင် သည့်တံတားသည် မြင်းရထားပေါ်၌ ခရီးသည်များ တင်ဆောင်၍ ဖြတ်သန်းစိုင်းနှင်၍ မရပါချေ။

အကြောင်းမှာ ဤတံတားသည် တည်ဆောက်ထားသော သက်တမ်းမှာ နှစ်ပရိစ္ဆေဒ ကြာမြင့်လာပြီ ဖြစ်သဖြင့် ခိုင်ခံ့မှုကို စိတ်မချရသောကြောင့် မြင်းရထား ဗလာချည်းသက်သက်သာ ဖြတ်သန်းရလေသည်။

မြင်းရထားနှင့်အတူ လိုက်ပါလာရသော ခရီးသည်များမှာ တံတားကို ခြေကျင်ဖြတ်ကျော်ပြီးနောက် တံတားတစ်ဖက်ထိပ်တွင် မြင်းရထားအလာကို စောင့်ဆိုင်းနေရလေသည်။

ယခုလည်း ခရီးသည်အားလုံးတို့ ထုံးစံအတိုင်း မြင်းရထားပေါ်မှ လေးလေးလံလံဖြင့် ဆင်းနေကြလေသည်။

ယခင်က အချိန်ဆိုလျှင် တံတားကို ကျော်ဖြတ်ရန်အတွက် ခရီးသည်များ သူ့ထက်ငါ အလျင် ရထားပေါ်က အလုပ်အယက် ဆင်းကြသည်။

ယခုတော့ တံတားထိပ်တစ်ဖက်တွင် ဘီလူးအဖွဲ့က လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် အသင့်စောင့်ဆိုင်းလျက် ရှိနေပြီမဟုတ်ပါလော။



အဘယ်အကြောင်းကြောင့် ဘီလူးအဖွဲ့က လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် တံတားထိပ် တစ်ဖက်တွင် စောင့်ဆိုင်းနေရပါသနည်း။

ဘီလူးအဖွဲ့သည် ခရီးသည်များဆီမှ ပစ္စည်းများ လုယက်လို၍လော။

အမှန်ဆိုလျှင် ဘီလူးအဖွဲ့သည် တစ်ခါမျှ ထိုတံတားထိပ်လာရောက်၍ ခရီးသည်တို့အား လုယက်တိုက်ခိုက်ခြင်းကို တစ်ခါမျှ လုပ်ဆောင်ခဲ့ခြင်း မရှိပါချေ။

ဤသို့ ခရီးသည်များ တွေးတောစဉ်းစားမိကြပြီး ဂဃနဏ အဖြေမှန် မထုတ်နိုင်ချေ။

ဘီလူးအဖွဲ့သားတို့ တံတားကို ဖြတ်သန်းလာကြသူများအား အေးဆေးစွာ စောင့်ဆိုင်းနေကြလေသည်။

ထိုအခိုက်မှာပင် ဖြစ်ရပ်မှန်ကို ဦးစွာ ပထမ ရိပ်စားမိသူတစ်ယောက် ထွက်ပေါ်လာ၏။

ထိုသူမှာကား အခြားသူ မဟုတ်ပါချေ။

ကျင်ပန်းပင် ဖြစ်လေသည်။

မှန်ပေသည်။

ကျင်ပန်းသည် ဖိုးဖြူနှင့် ယက္ခကြီးတို့ထံ ရူးရဲစွာ စိုက်ကြည့်ရင်း....

"လက်စသတ်တော့ ရှင်တို့နှစ်ယောက်က ဘီလူးအဖွဲ့သား တွေကိုး"

ဤတွင် ရထားအောက်ဘက်မှ ယက္ခကြီးက မထိတရိ လေသံဖြင့်...

"ဟင်း...ဟင်း မိန်းကလေးက ကျောချတော့လဲ ဓားပြမှန်း သိသားပဲ"

ထိုစဉ်...

ဖိုးငြိုက မကျေမနပ် လေသံဖြင့် ယက္ခကြီးထံ လှမ်း၍ ပြောဆိုလိုက်၏။

"ဟေ့ကောင် ယက္ခကြီး၊ စကားပြောတာ ကြည့်ပြော"

"ငါတို့က ဓားပြ မဟုတ်ဘူးကွ၊ သူခိုးဓားပြတွေကို အမြစ်ဖြုတ်မယ့် လူတွေ"

ထိုအခိုက် မြင်းရထားပေါ်မှ ဝမ်းရှကေ သွားခနဲ ခုန်ဆင်းလိုက်လေသည်။

ထိုစဉ်...

ယက္ခကြီးက လမ်းပေါ်သို့ ခုန်ပျံရောက်ရှိလာသော ဝမ်းရှကို သူ၏ဆောင်ဓားဖြင့် လှမ်းထောက်ချိန်ရွယ်လာလေသည်။

မမျှော်လင့်ဘဲ ယက္ခကြီး၏ဓားက သူ၏ရင်ဝဆီသို့ ထောက်ချိန်လာသဖြင့် ဝမ်းရှမှာ လှုပ်ရှားမှု မပြုဘဲ အသာငြိမ်နေ



လိုက်သည်။

ထိုစဉ် ကျင်ပန်းက ယက္ခကြီးထံ မကျေမနပ် စိုက်ကြည့်လိုက်ရင်း...

"ရှင်တို့ တယ်လဲ ဟန်ဆောင်ကောင်းကြတဲ့ လူပဲ၊ အခုလဲ ညှို့သည်ကို မဆီမဆိုင် ဒုက္ခပေးပြန်ပြီလား"

ထိုအခါ ယက္ခကြီးက အပြုံးယဲ့ယဲ့သာ ပြုံးပြီး ကျင်ပန်းကို ခွန်းတုံ့စကား လုံးဝပြန်မပြောပါချေ။

ထိုအချိန်တွင် ဘီလူးအဖွဲ့ မြင်းရထား အနားသို့ ရောက်ရှိလာပြီး ဝိုင်းရံလာကြလေသည်။

ဤတွင် ကျင်ပန်းက အရပ်ရှည်ရှည် ခေါင်းတုံးပြောင်ပြောင်နှင့် လူထံ ခံပြင်းဒေါသဖြင့် စူးစိုက်ကြည့်ရင်း...

"ရှင်တို့ လက်နက်အားကိုးနဲ့ လူထုကို မနှိပ်စက်ကြပါနဲ့"

စင်စစ်တော့ ထိုခေါင်းတုံးပြောင်ပြောင် အရပ်ရှည်ရှည်နှင့် လူမှာ ဘီလူးဖြူပင် ဖြစ်သည်။

ယင်းသို့ သူမ စွပ်စွဲပုတ်ခတ် ပြောဆိုလာသော ဆိုစကားကို ဘီလူးဖြူ ကြားလိုက်ရပြီး သဘောကျစွာ ရယ်မောလိုက်ရင်း...

"ဟား...ဟား...ဟား၊ ငါးဖယ်က ပြောင်းပြန်ဆိုတာမျိုးပေါ့၊ သည်မယ် မိန်းကလေး၊ ကျုပ်တို့က လူထုကို နှိပ်စက်တဲ့လူတွေ မဟုတ်ဘူး၊ ခင်ဗျားအဖေကသာ လူထုကို နှိပ်စက်တာ၊ ကျုပ်တို့ကို

နှိပ်စက်တာ၊ ရွာတွေကို မီးရှို့၊ လူတွေ သတ်၊ ပစ္စည်းယူ၊ ကျုပ်တို့က ဒါတွေကို မခံနိုင်လွန်းတဲ့ အဆုံးမှာမှ သေလဲ မထူးဘူးဆိုပြီး **ခုခံကာ** ကွယ်ရတာ၊ ဒါကို ခင်ဗျားသိရဲ့လားဟင်”

ယင်းသို့ ဘီလူးဖြူ ခံပြင်းနာကြည်းသံဖြင့် ပြောဆိုလိုက်သော အသံမှာ မိုးချုန်းသံလို ကျယ်လောင်မြည်ဟည်းသွားရလေသည်။

ထိုစကား ကြားမိပြီး ကျင်ပန်း ငိုင်စင်းကျသွားရလေသည်။

ထိုစကား ကြားမိပြီး ဝမ်းရှမှာ ခံပြင်းဒေါသဖြင့် ခက်ထန်စွာ ပြောဆိုနေသော ဘီလူးဖြူ၏ဆိုစကားကို အာရုံစူးစိုက်စွာဖြင့် နားစွင့်ထောင်နေမိလေသည်။

ထိုစဉ်မှာပင် ဘီလူးဖြူမှာ ရှေ့တစ်လှမ်းတိုးပြီး ဆက်ပြောလာသည်မှာ...

“ကျုပ်လူနှစ်ယောက်ကို အကြိုလွှတ်ပြီး အခုလို ကျုပ်တို့သည်ကနေ စောင့်နေတာဟာ သည်မြင်းရထားနဲ့ ပါလာတဲ့ ခရီးသည်တွေကို ဒုက္ခပေးချင်လို့ မဟုတ်ဘူး၊ ကျုပ်တို့ကို နှိပ်စက်ညှဉ်းပန်းနေတဲ့ လူယုတ်မာကြီးရဲ့သမီးကို ဖမ်းဖို့ပဲ”

“ရှင်”

မထင်မှတ်သော စကားကို ဘီလူးဖြူထံမှ ကျင်ပန်း ကြားသိလိုက်ရသဖြင့် အံ့သြထိတ်လန့်ကာ သူမနှုတ်မှပင် ရှင်ဟူသော



အာမေဋိတ်စကားကို ရွတ်ဆိုလိုက်မိလေသည်။

ယင်းသို့ သူမ၏ရေရွတ်မိလိုက်သော အသံကို ဘီလူးဖြူ ကြားမိလိုက်သည်နှင့် မျက်နှာတစ်ချက် ရှုံ့မဲ့သွားရပြီး...

“ရှင်တွေ ရှက်တွေ လုပ်မနေနဲ့ အမိ၊ မြန်မြန်အောက်ကို ဆင်းလိုက်ပါ၊ အမိကြောင့် သူများတွေ ခရီးက ကြန့်ကြာနေပြီ၊ အမိ ဆင်းပြီးရင် သူတို့တွေ သွားရုံပဲ”

ထိုအခါ...

ဝမ်းရှက သူ့ထံ ကျင်ပန်း အကြည့်ဖြင့် လှမ်းအကူအညီ တောင်းခံလာသည်ကို တွေ့မြင်လိုက်ရသည်နှင့် ဤအချိန်တွင် သူ ကြားဝင်ရန် သင့်ပြီဟု ယူဆလိုက်သည်။

ထို့ကြောင့်...

သူသည် ခေါင်းတုံးပြောင်ပြောင် မေးရိုးကားကား အရုပ်ရှည်ရှည် ဘီလူးဖြူထံ စူးစိုက်ကြည့်လိုက်ရင်း...

“နေပါဦး၊ ခင်ဗျားတို့ သူ့ကို ဘာလုပ်မလို့လဲ”

ထိုအခါကျမှ ဘီလူးဖြူနှင့် အဖွဲ့သားများအားလုံးတို့ ဝမ်းရှကို သတိပြုမိလာကြပြီး အကြည့်အားလုံးတို့က သူ့ဆီသို့ အကြည့်စုပြုံ ရောက်ရှိလာကြလေသည်။

ထို့နောက် သူတို့သည် ယက္ခကြီးက ဝမ်းရှထံ ဓားနှင့် ချိန်ရွယ်ထားသည်ကို လှမ်းမြင်တွေ့ကြရပြီး အံ့သြကြဟန် ရှိနေကြ

သည်။ ထိုစဉ်…

ဘီလူးဖြူက ဝမ်းရှထံ စူးစမ်းဟန်ဖြင့် စိက်ကြည့်လာပြီး…

"နေပါဦး၊ မိတ်ဆွေက ဘယ်သူလဲ"

ယင်းသို့ လှမ်းမေးလာစဉ် ဝမ်းရှ မဖြေခင် ယက္ခကြီးက ကြားဝင်ဖြေလာသည်က…

"သည်ကောင် ကျုပ်တို့ကို အစကတည်းက နှောင့်ယှက်တာ အခုထိပါပဲ"

"ဟော့ကောင် ယက္ခကြီး၊ အဲဒါတော့ မဟုတ်ပါဘူး၊ သူ မနက်တုန်းက နှောင့်ယှက်တာ ငါတို့ကို မဟုတ်ဘူး၊ ကျင်စန်းရဲ့ လူတွေကို"

ထိုသို့ ဗျိုင်းဖြူက ကြားဝင်ပြောဆိုလာလေသည်။

ထိုအခြေအနေကြောင့် ဝမ်းရှမှာ ဘာမျှ ဝင်မပြောတော့ချေ။

သူတို့သည် အရိပ်အကဲကို အသာစောင့်ကြည့်နေလိုက်သည်။

သည်တွင် ဘီလူးဖြူမှာ တစ်ယောက်တစ်ပေါက် ဖြစ်နေသော စကားသံများ ကြားလိုက်ရသဖြင့် နားမလည်နိုင်အောင် ဖြစ်သွားရပြီး မျက်မှောင်ကြုတ်သွားရကာ…

"မင်းတို့ဟာက ဘယ်လိုလဲ၊ ငါနားမရှင်းပါဘူး၊"



ယင်းသို့ မေးလာတော့ ဗျိုင်းဖြူက မြင်းလှည်းဆိပ်တွင် ဝမ်းရှနှင့် ယက္ခကြီးတို့ ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက် အလုံးစုံတို့ကို ဘီလူးဖြူထံ ပြန်ပြောင်းပြောပြလိုက်လေသည်။

ထိုအခါ…

ဘီလူးဖြူမှာ ဗျိုင်းဖြူ၏စကားကို နားထောင်လိုက်ပြီး ဘီလူးဖြူမှာနောက် ရပ်ရည်ခန့်ညားသော ဝမ်းရှထံ လှမ်း၍ အကဲခတ်လိုက်ရင်း…

"ဒါဆိုရင် သူဟာ တို့ရန်သူ ဘယ်ဟုတ်မလဲ၊ တို့မိတ်ဆွေပဲ၊ တို့ကလဲ မတရားမှုကို ခုခံတာပဲ၊ သူကလဲ မတရားမှုကို ခုခံတာပဲ"

ဤတွင် အကွက်ဝင်လာပြီမို့ ဝမ်းရှမှာ ဘီလူးဖြူ၏ဆို စကားကို ဆတ်ခနဲ ခေါင်းညိတ်ထောက်ခံလိုက်ရင်း…

"ဒါကြောင့်လဲ သည်အမျိုးသမီးကို ခင်ဗျားတို့ ဘာလုပ်ဖို့ ခေါ်ထားမှာလဲလို့ မေးတာပေါ့"

သူ၏ဆိုစကားက ရှင်းလင်းသည်။

ပြတ်သားလွန်းသည်။

ထိုအခါ…

ဘီလူးဖြူက…

"သည်အတွက်တော့ မိတ်ဆွေ ဘာမှ မပူပါနဲ့၊ ကျုပ်တို့က မတရားမှုလုပ်တာ မဟုတ်ပါဘူး၊ မတရားမှုကို နှိမ်နင်းတာပါ"

ဝမ်းရှက ကျင်ပန်းကို ကြည့်ကာ…

"သူက ဘာမတရားလုပ်လို့လဲ"

ဟု မေးလိုက်၏။

ဘီလူးဖြူက ကျင်ပန်းကို ခံပြင်းမုန်းတီးစွာ စူးစိုက်ကြည့်ရင်း…

"သူ့အဖေက ဒုစရိုက်ကောင်ကြီးပဲ"

ဝမ်းရှက…

"သူ့အဖေနဲ့တော့ သူနဲ့ ဘာမှမဆိုင်ဘူး ထင်ပါတယ်"

ဆိုစဉ်…

ဘီလူးမည်းက မကျေမချမ်း လေသံဖြင့် ကြားဝင်ပြောဆိုလာသည်မှာ…

"ဟေ့ ဘာဖြစ်လို့ မဆိုင်ရမှာလဲကွ၊ အဖေနဲ့ သမီးဆိုတာ သွေးမျိုးအရင်းကြီးကွ"

စင်စစ်တော့ ထိုလူမှာ ဘီလူးဖြူ၏ညီ ဘီလူးမည်းပင် ဖြစ်သည်။

သူ၏အသက်ကို ခန့်မှန်းပြောရလျှင် နှစ်ဆယ်ကျော်မျှပင် ရှိမည် ထင်ပါသည်။

ထိုအခိုက်မှာပင် ဘီလူးအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး ဖြစ်သော အသက်လေးဆယ်ခန့် ရှိမည် ထင်ရသော လူကြီးတစ်ယောက် နာ



ကြည်းကြေကွဲသံဖြင့် ကြားဝင်ပြောဆိုလာသည်။

"တစ်နေ့ကပဲ ငါ့သမီးကို သူ့အဖေနဲ့ သူ့လူတွေ ဓော်ကားသွားတယ်ကွ"

ထိုလူကြီး၏စကားကို ဝမ်းရှ ကြားလိုက်ရပြီး စာနာစိတ်များ ဖြစ်ပေါ်လာလေ၏။

သို့သော်…

ဘီလူးအဖွဲ့မှ လုပ်ရပ်က မမှန်ကန်ဟု ဝမ်းရှ တွေးတောယူဆမိလိုက်၏။

သို့မို့ကြောင့် ဝမ်းရှက ဘီလူးညီနောင်ထံ အကြည့်တစ်ချက် ဝေ့ဝဲကြည့်လိုက်ပြီးနောက်…

"ခင်ဗျားတို့လုပ်ရပ် တလွဲတချော် ဖြစ်နေပြီ ထင်ပါတယ်၊ သူ့အဖေက မကောင်းတာ လုပ်ရင် သူ့အဖေပဲ ခံရမှာပေါ့၊ သူ့သမီးနဲ့ ဘာဆိုင်လို့လဲ"

ဘီလူးဖြူက စိတ်ရှည်ရှည်ဖြင့် တုံ့ပြန်ပြောဆိုသည်။

"မိတ်ဆွေ သူ့သမီးကို ရမှ သူ့အဖေကို ကျုပ်တို့ ပိုင်တော့နိုင်တော့မှာပေါ့"

ဝမ်းရှက လက်မခံသည့်အလား ခေါင်းတွင်တွင် ခါယမ်းလိုက်ပြီး…

"မဟုတ်သေးဘူး၊ ခင်ဗျားတို့လုပ်ရပ်တွေက တရားလက်

လွတ် ဖြစ်နေပြီ၊ ဥပဒေ မရှိတာမှ မဟုတ်ဘဲ"

ယင်းစကားကြောင့် ဘီလူးဖြူ၏မျက်နှာ ရုတ်ခြည်းတင်းမာသွားရပြီး ခံပြင်းသဖြင့်...

"ဥပဒေ ရှိချင်ရှိမယ်၊ ဒါပေမယ့် ကျုပ်တို့နယ်မှာတော့ ဘာမှ မရှိဘူး၊ သံမဏိလက်ဝါးကျင်စန်းပဲ ရှိတယ်၊ ကျင်စန်းဟာ ဘုရင်ပဲ၊ ကျင်စန်းဟာ ဥပဒေပဲ၊ သူ့ဥပဒေကတော့ လူတွေကို နှိပ်စက်ဖို့ပဲ၊ အဲဒါ ခင်ဗျားသိသလား"

ထိုသို့ ဘီလူးညီနောင်တို့၏ သူမဖခင်နှင့် ပတ်သက်သော စွပ်စွဲချက်များကို တစ်ခုမှ ပြန်လည်ခုခံခြင်း မပြုပါချေ။

သူမ၏နှင်းဆီရောင် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့လျက် ဖြစ်သမျှ အကြောင်းအား အံကြိတ်၍ ခံမည့်အသွင်သဏ္ဌာန်နှယ် ထင်ဟပ်လျက် ရှိနေပေသည်။

ဤတွင် ဘီလူးမည်းက စိတ်မရှည်နိုင်သော လေသံဖြင့်...

"အချိန်ကြာတယ် အစ်ကိုကြီး၊ ဟိုကောင်မကို ဆွဲချ၊ သည်ကောင် နဝေတိမ်တောင် လုပ်နေရင် မှတ်လောက်သားလောက် အောင်ဆုံးမ ဒါပဲ"

ဟု ပြောဆိုပြီးနောက် ရထားပေါ်တွင် ထိုင်လျက် ရှိသော ကျင့်ပန်းကို သူကိုယ်တိုင် ရထားပေါ်မှ ဆွဲချတော့မည့်ဟန်ဖြင့် ရှေ့သို့ ကမူးရှူးထိုး ရထားအနားသို့ တိုးကပ်သွားလေတော့သည်။



ထိုအခိုက်...

"ဟူး"

"ဝိုး"

"ဘုံး"

ဝမ်းရှ၏ဘယ်ခြေက မြွေဟောက်တစ်ကောင်ပမာအလား မြင်းရထားဆီသို့ ရှူးရှူးရှားရှား တိုးကပ်သွားသည့် ဘီလူးမည်း၏ ကိုယ်ချက်အောက်ပိုင်းဆီသို့ ဘယ်ခြေတစ်ချက် လှစ်ခနဲ ဝင်ရောက်သွားတော့သည်။

ဘီလူးမည်းမှာ မြင်းရထားပေါ်မှ ကျင်ပန်းကို ဆွဲချဖို့ လောက်သာ အာရုံထားနေသောကြောင့် အမှတ်မထင် ဝမ်းရှ၏ ဘယ်ခြေကန်ချက်ကို ခုခံတားဆီးနိုင်ခြင်း မရှိပါချေ။

ထို့ကြောင့်...

ဝမ်းရှ၏ဘယ်ခြေကန်ချက် ထိမှန်မှုကြောင့် ဘီလူးမည်း နာကျင်စွာ ညည်းညူရင်း မြေပြင်ပေါ်သို့ ကားရားကျသွားရလေသည်။

ယင်းသို့ အမှတ်မထင်ဘဲ ဝမ်းရှ၏လှုပ်ရှားမှုကို မြင်တွေ့လိုက်သူအားလုံးတို့ ကြောင်ငေးသွားရလေသည်။

သို့တစေ အားလုံး မှင်တက်မိကာ ကြောင်ငေးနေသူကြား ထဲတွင် သတိမလစ်လပ်သူတစ်ဦး ရှိနေလေ၏။

ထိုလူမှာ တစ်ခြားသူ မဟုတ်ပါချေ။

ဘီလူးဖြူပင် ဖြစ်လေသည်။

သို့မို့ကြောင့် ဘီလူးဖြူက သူ့ဓားအိမ်မှ ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်ယူလိုက်ပြီးနောက် သူ့အား ကျောခိုင်း အနေအထားရှိသည့် ဝမ်းရှ၏ကျောပြင်သို့ ဓားဖျားချွန်ဖြင့် ထောက်ချိန်ရွယ်လိုက်ပြီး...

"မိတ်ဆွေ နောက်ထပ် လှုပ်ရှားဖို့ မကြိုးစားပါနဲ့တော့"

ယင်းသို့ အမိန့်ပေးနေရင်းက ဝမ်းရှမှာ ကိုယ်တစ်ချက်လှည့်ပြန်ပြုလိုက်စဉ်...

"ဝိုး"

"ဖြောင်း"

"အား"

"ဘုံး"

အမိန့်စကားတို့ လွန်ဆန်လာသဖြင့် ဘီလူးဖြူမှာ ဝမ်းရှ၏ကျောပြင်တွင် ထောက်ချိန်ထားသည်။

ဓားဖြင့် ထိုးစိုက်ခြင်း မပြုသော်လည်း သူ၏ညာခြေကန်ချက်တစ်ချက်က ဝမ်းရှ၏ကျောဘက်ခြမ်းမှ ဒူးဆစ်တံကောက်ကွေးသို့ ပြင်းထန်စွာ ကျရောက်သွားလေသည်။

ယင်းညာခြေကန်ချက်ကြောင့် ဝမ်းရှမှာ ခြေခွေကာ ညည်းညူသံနှင့်အတူ ဘီလူးမည်း အနားသို့ လွင့်စဉ်ကျရောက်သွားရလေ



သည်။ ထိုအချိန်တွင် ဘီလူးအဖွဲ့သားများ၏ ဓားကိုယ်စီတို့က မြေပြင်ပေါ်တွင် လဲကျနေသော ဝမ်းရှ၏ခေါင်းထက်ပေါ်သို့ စက်ဝိုင်းသဖွယ် စုပြုံချိန်ရွယ်လာကြလေသည်။

ယင်းအခြေအနေ ကြုံတွေ့လိုက်ရသော ဝမ်းရှမှာ ဝိုင်းရံလျက် ရှိသော ဓားဖျားကြားဝယ် လှုပ်ရှားမှုကင်းမဲ့စွာဖြင့် ငြိမ်သက်နေမိလိုက်တော့၏။

ထိုအဖြစ်အပျက်အား လှမ်းမြင်တွေ့လိုက်ရသော မြင်းရထားပေါ်မှ မိန်းမချောလေးကျင်ပန်းမှာ ဝမ်းရှအပေါ် စိုးရိမ်ကြောင့်ကြစွာ ခံစားနေရမိလေသည်။

ထိုအခိုက်မှာပင်...

"ဟေ့ကောင်လေးတွေ..ဟေ့ကောင်လေးတွေ လက်မလွန်ကြပါနဲ့ဦးကွ"

ယင်းသို့ မမျှော်လင့်ဘဲ ရုတ်တရက် ထွက်ပေါ်လာသော အသံကြောင့် မြင်းရထားအောက်ဘက်တွင် ရှိနေကြသည့် လူအားလုံးတို့၏အကြည့် ယင်းဟန့်တားသံ ထွက်ပေါ်လာရာဆီသို့ စုပြုံကျရောက်သွားကြလေသည်။

ထိုအခါ...

မြင်းရထားပေါ်မှ ဆင်းလာနေသော အဘိုးကြီးကို အားလုံးလှမ်းမြင်တွေ့လိုက်ကြရလေသည်။

"အဘိုးလေခွင်းဓားကျန်းရှိပါလား"

ထိုသို့ ဘီလူးဖြူက မြင်းရထားအောက်ဘက်သို့ ရောက်ရှိလာသော အဘိုးကြီးလေခွင်းဓားကျန်းရှိကို ခေါ်လိုက်သည်။

လေခွင်းဓားကျန်းရှိသည် ဘီလူးဖြူထံလျှောက် လှမ်းသွားရင်း...

"အေး ငါပါကွ၊ မင်း..မင်းတို့ သည်မောင်ရင်လေးကို ဘာမှ မလုပ်ကြပါနဲ့၊ သူက လူကောင်းပါ၊ မင်းတို့လိုပဲ မဟုတ်မခံတတ်သူ ပြည်မသားလေးပါ"

"ကျွန်တော်တို့က ဘာမှ မလုပ်ပါဘူး၊ သူတ ကျွန်တော်တို့ အလုပ်မှာ ဝင်ရှုပ်နေတာပါ"

ဘီလူးဖြူက စွပ်စွဲပြောဆိုလာသဖြင့် ကျန်းရှိက ခေါင်းတွင်တွင်ခါယမ်းရင်း...

"ဝင်ရှုပ်တယ်တော့ မဟုတ်ပါဘူးပေါ့ကွယ်၊ သူက ကြားက မဆိုင်တဲ့လူ ဒုက္ခရောက်မှာ စိုးလို့ ဝင်ပြောတာပါ၊ သည်သူငယ်ပြောတာ ဟုတ်ပါတယ်၊ ကောင်မလေးက သူ့အဖေ လုပ်တာတွေအတွက် ဘာမှ ဓားစာခံစရာ မလိုပါဘူး၊ အင်မတန် စိတ်ထားကောင်းပါတယ်"

ဟု ပြော၏။

ဘီလူးဖြူ ခေါင်းတစ်ချက် ညိတ်လိုက်ပြီး...

"ဟုတ်ပါတယ် အဘိုး၊ ကျင်ပန်းမှာ ဘာအပြစ်မှ မရှိဘူးဆို



တာ ကျွန်တော်တို့ သိပါတယ်၊ သူကသာ ကျွန်တော်တို့ အစီအစဉ်ကို အသာတကြည်နဲ့ လက်ခံရင် သူ့ကို ကျွန်တော်တို့ လက်ဖျားနဲ့တောင် မတို့ပါဘူး"

"မင်းတို့ အစီအစဉ်က ဘာလဲ"

"ကျွန်တော်တို့ ခေါ်တဲ့နောက်ကို သူက အေးအေးသက်သာလိုက်လာဖို့ပဲ၊ သူ့အဖေဆီက ကျွန်တော်တို့ လိုချင်တာရရင် သူ့ကို မှဲ့တစ်ပေါက် မစွန်းစေရဘဲ ပြန်လွှတ်လိုက်မှာပဲ"

ထိုစဉ်...

"ဒါပြန်ပေးဆွဲတာပဲ"

ထိုသို့ ဝမ်းရှက လှမ်းအော်ပြောလာလေ၏။

ထိုအခါ အကြည့်အားလုံး ဝမ်းရှထံ စုပြုံကျရောက်လာလေသည်။

သည်တွင် ဘီလူးဖြူက ခေါင်းဆတ်ခနဲ ညိတ်လိုက်ပြီးလျှင်..

"ဟုတ်တယ်၊ ပြန်ပေးဆွဲတာပဲ၊ ဒါပေမယ့် ကျုပ်တို့က ရွှေငွေ မတောင်းခံပါဘူး၊ ပြီးတော့ ကျုပ်တို့က သူခိုးဓားပြတွေ မဟုတ်ပါဘူး"

ထိုစကားကြားမိလိုက်ရသည်နှင့် လေခွင်းဓားကျန်းရှိ၏ ဇရာအစင်းကြောင်းများ ရှုပ်ယှက်ခတ်လျက် ရှိနေသော မျက်နှာကြီးများ တစ်ချက်ရှုံ့တွသွားရကာ...

"ဒါဆို မင်းတို့က သံမဏိလက်ဝါးကျင်စန်းဆီက ဘာလိုချင်လို့လဲ"

ထိုအမေးကို ဘီလူးဖြူမှာ ချက်ချင်းတုံ့ပြန် ဖြေလာခြင်း မရှိချေ။

ထိုအချိန်တွင် ကျင်ပန်းမှာ စကားတစ်ခွန်းတစ်ပေါက်မျှ ဝင်ရောက်ပြောဆိုလာခြင်း မရှိ။

ယခု ဖြစ်ပျက်နေသော ကိစ္စများမှာ သူမနှင့် မဆိုင်တော့သကဲ့သို့ ရှိနေပေသည်။

ထို့ကြောင့်...

သူမသည် ကျန်းရှီနှင့် ဘီလူးဖြူတို့ ပြောနေကြသည်ကို နားထောင်လျက် ရှိနေ၏။

"လက်နက်အလက်ခြောက်ဆယ်၊ ကဲ အချိန်လဲ အတော်ကုန်သွားပြီ"

ဟု ပြောဆိုရင်းမှ သူ၏ညာလက်မှာ ရင်ဖုံးအင်္ကျီအတွင်းသို့ လျှပ်တစ်ပြက် ရောက်ရှိသွားလေသည်။

သူ့ညာလက်ပြန်အရုပ်တွင် စာရွက်တစ်ရွက် ပါလာလေသည်။

"ရထားထိန်းကြီး ဟောသည်စာကို ကျင်စန်းဆီ ပေးလိုက်"

ဟု ပြောလိုက်၏။



မကြာပါချေ။

မြင်းရထားကြီးသည် ဝမ်းရှနှင့် ကျင်ပန်းတို့ကို ဘီလူးအဖွဲ့လက်ထဲတွင် ထားရစ်ပြီး တံတားပေါ်သို့ တအိအိ ဖြတ်ကျော်မောင်းနှင်သွားလေတော့၏။

◆ ◆ ◆

ဘီလူးအဖွဲ့သည် ဝမ်းရှနှင့် ကျင်ပန်းတို့နှစ်ယောက်ကို မြေပြန့်အလယ်ရှိ တောင်ကုန်းငယ်တစ်ခုပေါ်တွင် တည်ဆောက်ထားသော အချုပ်ခန်းထဲတွင် ချုပ်နှောင်ထားကြလေသည်။

သူတို့နှစ်ယောက်ကို ချုပ်နှောင်ထားသော အခန်းငယ်ထဲမှာလည်း အသစ်တည်ဆောက်ထားသလို မလှမ်းမကမ်းရှိ ယင်းတို့လူစု စခန်းချရာ တဲကြီးမှာလည်း အသစ်ဆောက်လုပ်ထားခြင်းပင်။

ဝမ်းရှမှာ အချုပ်အတွင်းခန်းမှ နေ၍ ဘီလူးညီနောင်တို့စခန်း အခြေအနေကို လှမ်းအကဲခတ် ကြည့်ရှုနေမိသည်။

"အင်း ဘီလူးအဖွဲ့ဟာ သည်နေရာမှာ စခန်းချတာ သိပ်ကြာသေးပုံ မပေါက်ဘူး၊ သူတို့ဆောက်ထားတဲ့ တဲတွေဟာ အသစ်ကြီး ရှိနေသေးတာပဲ၊ အချုပ်ခန်းထဲမှာ ကာရံစိုက်ထူထားတဲ့ သစ်လုံးတိုင်တွေလဲ ကြည့်ဦး၊ ခုတ်စိုက်ထားတာ မကြာသေးလို့ သစ်စေး

တောင်ထွက်တုန်း”

ယင်းသို့ တွေးတောရေရွတ်သုံးသပ်နေရင်းက သူ၏အကြည့်က တောင်ခြေသို့ ရောက်သွားရလေသည်။

ထိုအခါ တောင်ခြေအောက်တွင် ဘီလူးအဖွဲ့သားတို့ စီးနင်းကြသည့် မြင်းများ ထားရှိသည်ကို သူလှမ်းမြင်တွေ့ရလေသည်။

ယခု ဘီလူးအဖွဲ့တို့ စခန်းချထားသော နေရာမှာလည်း လမ်းမကြီးမှ အတော်ကြာကြာ လျှောက်ရသည်အထိ ဝေးကွာလျက်ရှိ၏။

သူတို့နှစ်ယောက် ဤအချုပ်ခန်း အဆောက်အအုံသို့ ရောက်ရှိစဉ် အစောင့်နှစ်ယောက် ရှိသည်။

ထိုအစောင့်နှစ်ယောက်ကပင် သူတို့နှစ်ယောက်အတွက် နံနက်စာ အသင့်ချက်ပြုတ်ထားလေသည်။

ထို့နောက်...

သူတို့နှစ်ယောက်အား ထိုသူတို့က ကောင်းမွန်စွာ ကျွေးမွေးလေသည်။

ဤဘီလူးအဖွဲ့တွင် အမြော်အမြင် အတွေးအခေါ်နှင့် ပြည့်စုံသူဆို၍ ဘီလူးဖြူနှင့် ဗိုလ်ဖြူတို့နှစ်ဦးသာ ရှိပေသည်။

ကျန်လူများကမူ တဇွတ်ထိုးသမားများနှင့် မိုက်ရူးရဲသမားများသာ ဖြစ်ကြလေသည်။



ထိုထဲတွင် အလွန်ကဲဆုံးက ဘီလူးမည်းပင် ဖြစ်လေသည်။

သူသည် စခန်းထဲသို့ ဝမ်းရှအား ခေါ်ဆောင်လာခြင်းအတွက် မကျေနပ်ပေ။

သူ့မှာ အစ်ကိုဖြစ်သူအား မလွန်ဆန်ရဲသဖြင့်သာ လက်ပိုက်ကြည့်နေဟန် ရှိလေသည်။

ဤအတိုင်းဆိုလျှင် သူတို့နှစ်ဦး၏ ကံကြမ္မာမှာ မတွေးရဲစရာပင်။

သူတို့နှစ်ဦး ဘီလူးအဖွဲ့မှ ထွက်ပြေးလွတ်မြောက်ဖို့ ဆိုသည်မှာ လွယ်သည့် ကိစ္စတစ်ရပ် မဟုတ်ပါချေ။

တစ်ခုတော့ ရှိ၏။

ဘီလူးအဖွဲ့ လူစုကွဲသွားလျှင် သို့တည်းမဟုတ် ညအချိန်ဆိုလျှင်တော့ မပြောတတ်ချေ။

ယခု လက်ရှိ အခြေအနေမှာ မည်သို့မျှ မလှုပ်သာပါချေ။

ထိုအချိန်တွင် ကျင်ပန်းမှာ အထူးပင် နှုတ်ဆိတ်ငြိမ်သက်လွန်းလျက် ရှိနေပေသည်။

အံ့ဩစရာကောင်းလွန်းနေသည်မှာ စခန်းသို့ ရောက်ရန်အတွက် လမ်းခရီးတွင် ခရီးပြင်းနှင်ရသည့်အတွက် သူမမှာ သိသိသာသာကြီး နွမ်းဟိုက်ခြင်း ဖြစ်သော်လည်း တစ်ချက်ကလေးမျှ မညည်းညူခြင်းပင် ဖြစ်လေသည်။

ဝမ်းရှသည် တောင်စောင်းတစ်ခုလုံးကို မြင်သောသော တံခါးဝတွင် ထိုင်လျက် ဘီလူးအဖွဲ့၏လှုပ်ရှားမှု အရပ်ရပ်ကို မျက်ခြည်မပြတ်လှမ်း၍ အကဲခတ်ကြည့်နေ၏။

ဤသို့ဖြင့် နေညိုစ ပြုလာချေပြီ။

"ဝါး"

ဝမ်းရှမှာ တစ်ချက်သမ်းဝေလိုက်၏။

ထိုစဉ်...

သူ၏မျက်လုံးအစုံတို့လည်း မှေးစင်းလာရလေသည်။

သူသည် ထိုင်ရာမှထပြီး အချုပ်ခန်းအတွင်း၌ ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက်မိလေသည်။

သူသည် သုံးလေးလှမ်းမျှလောက်သာ လျှောက်နိုင်၏။

အိပ်ချင်စိတ်များ အလွန်ပြင်းပြနေလေ၏။

ထိုအခိုက်မှာပင်...

"ခွပ်...ခွပ်...ခွပ်...ခွပ်"

အခြားမှ လွင့်ပျံ့လာသော မြင်းခွာသံသဲ့သဲ့ကို ကြားလိုက်ရလေသည်။

သူ၏အိပ်ချင်နေသော စိတ်များ လွင့်စဉ်သွားရလေသည်။

သူ၏မှေးစင်းနေသော မျက်လုံးအစုံတို့မှာလည်း ဇီးကွက်တစ်ကောင်၏မျက်လုံးအစုံကဲ့သို့ ပြူးကျယ်ဝိုင်းစက်သွားရလေသည်။



ထို့ကြောင့် ဝမ်းရှ၏အကြည့်က မြင်းခွာသံများ ပျံ့လွင့်လာရာဆီသို့ ရွေ့လျားရောက်ရှိသွားရလေသည်။

မြင်းခွာသံ ကြားရသော်လည်း စိုင်းနှင်လာသော မြင်းကိုမူ သူလှမ်းမတွေ့သေးချေ။

သူအကြည့် ရောက်နေသော နေရာတွင် မှိုင်းပျပျ တောအုပ်ငယ်များသာ လှမ်းမြင်တွေ့နေရလေသည်။

အတန်ကြာမှ တောင်ခြေလျှောတစ်ခုမှ ဒုန်းစိုင်းနှင်လာသော မြင်းနီနီတစ်ကောင်က သူလှမ်းကြည့်နေသည့် မြင်ကွင်းသို့ ရောက်ရှိလာလေသည်။

ထိုအချိန်တွင် ရုတ်တရက် စိုင်းနှင်လာသော မြင်းခွာသံကို ကြားလိုက်ရသဖြင့် စခန်းရှိ အဖွဲ့သားများ လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ထိုအခိုက် ဝမ်းရှသည် စခန်းသို့ စိုင်းနှင်ရောက်ရှိလာသော မြင်းခွာသံကို စိတ်မဝင်စားဟန်ဖြင့် အချုပ်ခန်းထဲတွင် လူးလာခေါက်တုံ့ လျှောက်လှမ်းနေမိသည်။

ယင်းသို့ သူလုပ်ဆောင်နေခြင်းမှာ သူ့အကြံကို ယက္ခကြီးတို့ မသင်္ကာစိတ် မရှိစေရန်ပင် ဖြစ်သည်။

ယက္ခကြီးမှာမူ သူ့ထံ ဂရုမပြုဘဲ စိုင်းနှင်ရောက်ရှိလာသော မြင်းစီးသမားထံဆီသို့သာ အာရုံရှူးစိုက်နေမိလေသည်။

ကျင်ပန်းမှာမူ မြင်းခွာသံကို ကြားဟန်ပင် မပေါ်ပါချေ။

သူမ၏စာအုပ်၌သာ မျက်နှာကို အပ်လျက် ရှိနေလေသည်။

မကြာပါချေ။

မြင်းစီးသမားသည် မြင်းနီတစ်ကောင်ကို စိုင်းနှင်လျက် တောင်ခြေသို့ ရောက်ရှိလာလေသည်။

ထိုအခါ...

တောင်စွန်းတစ်ခု ကွယ်သွားပြီမို့ ဝမ်းရှ လှမ်းကြည့်၍ မမြင်နိုင်တော့ချေ။

ဤတွင် မြင်းခွာသံကို စဉ်ဆက်မပြတ် ကြားနေရသောကြောင့် မြင်းစီးသမားမှာ တောင်စောင်းမှ စိုင်းနှင်တက်လာနေပြီဟု သူတွေးတောသုံးသပ်မိလိုက်လေသည်။

မှန်ပေသည်။

သူတွေးတောသုံးသပ်ချက် ဟုတ်သည်။

ကွမ်းတစ်ယာညက်ခန့် အကြာတွင် ထိုမြင်းစီးသမားတစ်ယောက် မြင်းနီကို စိုင်းနှင်လျက် တောင်ထိပ်သို့ ရောက်ရှိလာချေပြီ မဟုတ်ပါလား။

ယင်းမြင်းစီးသမားမှာ ဘီလူးညီနောင်ဆီသို့ တန်းတန်းမတ်မတ် ဦးတည်စိုင်းနှင် ရောက်ရှိသွားလေသည်။



ထိုစဉ်...

ဘီလူးညီနောင်နှင့် ယင်းမြင်းစီးသမားတို့ ခြေဟန်လက်ဟန် အမေးအဖြေ ပြုနေကြလေသည်။

ဘီလူးအဖွဲ့တွင် အရေးတစ်ကြီး ကိစ္စတစ်ရပ် ပေါ်ပေါက်လာပုံရသည်။

သူတို့အဖွဲ့ တာဝန်ရှိသူများ ဆွေးနွေးတိုင်ပင်နေကြလေသည်။

ထို့နောက်...

မြင်းနီကို စိုင်းနှင်ရောက်ရှိလာသော မြင်းစီးသမား တောင်ကုန်းပေါ်မှ ပြန်လည်ထွက်ခွာသွားသည်။

ထိုအခါ စဉ်ဆက်မပြတ် ကြားနေရသော မြင်းခွာသံတို့မှာ တစ်စတစ်စဖြင့် တိုးတိမ်သွားပြီးနောက် မြင်းခွာသံ လုံးဝမကြားရတော့ချေ။

သူတို့ အကျဉ်းစခန်းထဲတွင်တော့ နဂိုပကတိအတိုင်း ထိုင်သူထိုင်၊ အိပ်သူအိပ်ပင်။

ညနေရောက်တော့ သူတို့နှစ်ဦးအား စောင့်ကြပ်နေသူက ညစာ ကျွေးမွေးနေသည်။

ထိုစဉ် ဝမ်းရှမှာ ရှေ့၌ မည်သို့ ရင်ဆိုင်ရမည်မသိ။

သူ၏ဝမ်းထဲ၌ အစာရှိထားလျှင် ကောင်းမည်ဟု ယူဆပြီး

ညစာစားနိုင်သလောက် ဝင်နိုင်သလောက် အာဟာရဖြည့်တင်းထားလိုက်လေသည်။

ထိုသို့ ညစာစားပြီးသည်နှင့် တစ်ပြိုင်နက် ဘီလူးညီနောင်တို့ မြင်းကိုယ်စီဖြင့် တောင်ကုန်းပေါ်မှ စိုင်းနှင်ထွက်ခွာသွားလေသည်။

သူတို့ထံပါး၌ လူနှစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။

ယင်းလူနှစ်ယောက်တို့မှာ ဗျိုင်းဖြူနှင့် ယက္ခကြီးတို့ပင် ဖြစ်ကြလေသည်။

အမှန်တော့ သူတို့နှစ်ယောက်ကို သူတို့အား စောင့်ကြပ်ရန် အထူးတာဝန်ပေးအပ်ထားပုံ ရဟန်တူပါသည်။

ဘီလူးအဖွဲ့ စိုင်းနှင်သွားကြသော မြင်းခွာသံများ ပျောက်ကွယ်သွားသည်နှင့် သူတို့ အကျဉ်းခန်း ရှိရာသို့ ဗျိုင်းဖြူ ရောက်ရှိလာလေသည်။

အကျဉ်းခန်းအနား ရောက်ရှိလာပြီး...

"ခင်ဗျားတို့ အပေ့ါအပါးသွားချင်ရင်ပြော၊ ဟောသည်ဘက်ကို ဆင်းနိုင်တယ်"

ဟု ဗျိုင်းဖြူ အသိပေးပြောဆိုလာတော့ အခန်းထောင့်တွင် စာဖတ်နေသော ကျင်ပန်းက..

"ကျွန်မ အရင်သွားမယ်"



ဟု လှမ်းပြောလာလေသည်။

ဗျိုင်းဖြူက အကျဉ်းတံခါး ဖွင့်ပေးပြီး ကျင်ပန်းကို အပြင်သို့ လွှတ်ပေးပြီး သတိပေးစကား ပြောဆိုလိုက်၏။

"ခင်ဗျား ငှက်ပျောတောကလေးထက် လွန်ပြီး မဆင်းပါနဲ့နော်၊ အောက်ဘက်မှာ ကင်းတွေရှိတယ်၊ ကင်းသမားတွေကို အမေးအစမ်းမရှိ မြှားပစ်ခွင့်ပေးထားတယ်"

ထိုစကားကို ဝမ်းရ ကြားသိလိုက်ရသည်နှင့် တောင်ခြေတွင် ကင်းရှိနေပြီကို သိရှိလိုက်ရလေသည်။

ဘီလူးဖြူလိုလူမျိုးမှာ ပေါ့ပေါ့တန်တန် သူ၏လုံခြုံရေးကို ထားမည့်လူ မဟုတ်ကြောင်း သူတွေးတောမိလေသည်။

ယခုအတိုင်းဆိုလျှင် တောင်ခြေသို့ ဆင်းရန် လူသွားလမ်း နှစ်ခု ရှိနေပုံရသည်ဟု သူတွေးထင်မိလိုက်လေသည်။

ယင်းလမ်းနှစ်ခုတို့မှာ လမ်းတစ်ခုက ဘီလူးအဖွဲ့သားတို့ အတက်အဆင်း ပြုနေသော အရှေ့ဘက်လမ်း ဖြစ်ပြီး နောက်လမ်း တစ်ခုမှာ ဤဘက်တွင် ရှိသော မလွယ်ပေါက်လမ်း ဖြစ်လေသည်။

သူတို့၏ကင်းများသည် ယင်းလမ်းထိပ်နှစ်ခုတွင်သာ ရှိနိုင်ရာသည်။

တောင်ခြေတစ်ခုလုံး အနှံ့အစပ် ချထားနိုင်လောက်အောင် သူတို့တွင် လူအင်အား မတောင့်တင်းသေးကြောင်း သူတစ်ချက်

တွေးတောသုံးသပ်မိလိုက်ပြန်လေသည်။

သို့သော်..

ဖြစ်နိုင်ချေမှာ တောင်၏အရွယ်ပမာဏမှာ သေးငယ်ပေသည်။

တောင်၏ပတ်ပတ်လည်မှာလည်း လွင်ပြင် ဖြစ်သည်။

ကင်းသမား အနည်းငယ်ဖြင့် သတိဝီရိယကောင်းလျှင် တောင်တစ်ခုလုံးကို စောင့်ကြပ်နိုင်စေသည်။

သူသည် ထိုသို့ အတွေးဖွဲ့နေစဉ်မှာပင် အပြင်ထွက်သွားသော ကျင်ပန်း အကျဉ်းခန်းအတွင်းသို့ ပြန်လည်ရောက်ရှိလာလေသည်။

သူ၏အလှည့်။

သူ အကျဉ်းခန်းအပြင်မှ လှမ်းထွက်လာပြီး တောင်၏ အနောက်ဘက်ပိုင်း အနေအထားကို မှတ်သားလေ့လာနေ၏။

ဤဘက် တောင်ခြေနှင့် တောစပ်အထိ တစ်လီခန့် ဝေးလောက်သည်။

ကြားခုလတ်တွင်လည်း တသွင်သွင် စီးဆင်းနေသော ချောင်းငယ်တစ်ခု ရှိနေလေသည်။

ထို့ကြောင့်...

လမ်းအနေအထား သိပ်မကောင်းလှပါချေ။



အရေးအကြောင်းဆိုလျှင် သူတို့ လာလမ်းဖြစ်သော အရှေ့ဘက်သို့ ဖောက်ထွက်သည်က အကောင်းဆုံး အနေအထားပင်။

သူအကျဉ်းခန်းထဲ ပြန်ရောက်လာသောအခါ ဖျိုင်းဖြူက အမိန့်စကားပြောလာ၏။

"ကဲ ခင်ဗျားတို့နှစ်ယောက် ကောင်းကောင်းမွန်မွန်နေကြပါ။ ဉာဏ်နီဉာဏ်နက်ထုတ်ပြီး ထွက်ပြေးမယ် မကြံနဲ့၊ ခင်ဗျားတို့နှစ်ယောက် နည်းနည်းကလေး မဟုတ်တာ လုပ်တာနဲ့ တစ်ပြိုင်နက်သည်ကောင်က အပြတ်ရှင်းပဲ၊ ကျုပ်ပြောတာ သဘောပေါက်သလား"

ဤတွင် ဝမ်းရှက ညရေးညတာ ကိစ္စကို တွေးတောမိလိုက်ပြီး ဖျိုင်းဖြူထံ လှမ်းမေးလိုက်လေသည်။

"ညကျရင်ကော အပေ့ါအပါး မသွားရတော့ဘူးလား"

ဟု မေးလိုက်သည်။

ဖျိုင်းဖြူက...

"သွားနိုင်ပါတယ်၊ အန္တရာယ်ဆိုတာ ခွယ်ထားလို့ ရတာမှ မဟုတ်ဘဲ၊ ဒါပေမယ့် ခင်ဗျားတို့နှစ်ယောက် အတူတူ သွားရမှာမှ မဟုတ်ဘဲ တစ်ယောက်ချင်း သွားရမှာပဲ၊ တစ်ယောက် ထွက်ပြေးရင် ကျန်တဲ့တစ်ယောက်က သေမိန့်ပဲ၊ နောက်ပြီးတော့ ထွက်ပြေးတဲ့လူလဲ မလွတ်နိုင်ပါဘူး မဟုတ်လား၊ ဟင်း..ဟင်း..ဟင်း"

ဝမ်းရှာသည် ဖိုးဖြူ၏ခြိမ်းခြောက်ပြောဆိုမှုကို လုံးဝတုံ့ပြန်ပြောဆိုခြင်း မရှိဘဲ ငြိမ်သက်စွာ နားထောင်နေမိလိုက်လေသည်။

ထို့အတူ ကျင်ပန်းသည်လည်း ကြားဝင်ပြောဆိုခြင်း မရှိဘဲ နှုတ်ဆိတ်ငြိမ်နေမိလေသည်။

ဖိုးဖြူက ယက္ခကြီးကို ကြည့်၍…

"ယက္ခကြီး၊ ငါအရှေ့ဘက်ကမ်းကို သွားစစ်လိုက်ဦးမယ်၊ အခုပဲ ပြန်လာမယ်၊ မင်းနည်းနည်းလေး သတိပိုထားလိုက်၊ ဟောသည် ပုဂ္ဂိုလ်ကြီးက ဉာဏ်သွားပေမယ့် အမျိုးသမီးဆိုတာလဲ မာယာများတတ်တယ်၊ အဲသည်တော့ မင်း ဘာပဲဖြစ်ဖြစ် သူတို့အကျဉ်းခန်းထဲဝင်ဖို့ မပြောနဲ့၊ အို ကုန်ကုန်ပြောမယ်၊ အကျဉ်းနားတောင် မကပ်နဲ့၊ ငါပြန်မလာမချင်း သူတို့လဲ အပြင်မထွက်စေနဲ့ဦးပေါ့၊ သူတို့သည်လောက်အထိ မရဲပါဘူး"

ဟု ပြောဆိုမှာကြားပြီးနောက် အကျဉ်းထောင်နားမှ ထွက်ခွာသွားလေသည်။

ယက္ခကြီးက ဓားကို ကိုင်ဆောင်လျက် အကျဉ်းထောင်ရှေ့ သုံးလှမ်းအကွာမှနေ၍ လူးလာခေါက်တုံ့လျှောက်လှမ်းလျက် စောင့်ဆိုင်းနေပေလေသည်။

သူတို့ အကျဉ်းခန်းမှာ ထွာဆိုင်ခန့် သစ်မာပင် ဖြောင့်ဖြောင့်များကို လက်သုံးလုံးကြားလောက် ခြား၍ အခိုင်စိုက်ထားပြီး ဝါးနက်



များဖြင့် စီတုပ်ထားသည် ဖြစ်ရာ ကျားလှောင်အိမ်နှင့်ပင် တူတော့သည်။

အကျဉ်းခန်းအတွင်းရှိ အခင်းမှာလည်း ဝါးနက်များ အလုံးလိုက် ဖောင်ဖွဲ့သလို ဖွဲ့ထားခြင်း ဖြစ်သည်။

ယင်းဝါးနက်များအပေါ်တွင် မြက်ခြောက်များ ခပ်ထူထူဖြန့်ထားသဖြင့်သာ သူတို့အဖို့ အနေရ အထိုင်ရ သက်သာခြင်း ဖြစ်သည်။

အမိုးမှာလည်း သစ်မာပင်ပေါက်များကို အတိုင်အဖောက်ဆင့်တင်ပြီး ကြိမ်ဖြင့် အခိုင်တုပ်ထားသည်။

ညအခါတွင် ကြယ်ရောင်လရောင်ဖြင့် အလင်းရောင်ရစေရန်လည်း ဖန်တီးထားပုံ ရလေသည်။

နေ့မို့ တော်ပေသေးသည်။

မိုးရာသီဆိုလျှင်တော့ သူတို့ အခုလောက်ဆို ရွှဲရွှဲစိုနေချေမည်။

တစ်ခုတည်းသော ဝင်ပေါက်ထွက်ပေါက် တံခါးပေါက်ကိုတော့ ကျစ်လုံးခန့် သံကွင်းကြီးကြီးဖြင့် ဆင်ထူးခတ်သလို ခတ်ထားလေသည်။

သို့မို့ကြောင့် သည်အကျဉ်းထောင်လှောင်အိမ်ထဲကို ဖောက်ဖျက်၍ လွတ်မြောက်ရန်ကား အတော်လွယ်ကူသည့်ကိစ္စ

မဟုတ်ပါ ချေ။

ယက္ခကြီးမှာ အကျဉ်းလှောင်အိမ်ကို ပတ်စောင့်နေလေသည်။

ယင်းအကျဉ်းလှောင်အိမ်ထဲတွင် လူသားနှစ်ဦးတို့သည် ဆန့်ကျင်ဘက် ထောင့်နှစ်ထောင့်တွင် ငြိမ်သက်စွာ ထိုင်နေကြလေသည်။

တစ်ယောက်ကိုတစ်ယောက် စကားလည်းမပြော။

ကြည့်လည်းမကြည့်ပါချေ။

နေဝန်းနီနီကြီးသည်လည်း တောင်တန်းကြားထဲ နစ်မြုပ်ပျောက်ကွယ်သွားရလေသည်။

ထို့ကြောင့်...

နေ့အလင်းရောင်သည်လည်း တစ်စထက်တစ်စ အားနည်းသွားရလေသည်။

သို့ဖြစ်၍ ကျင်ပန်းသည်လည်း အလင်းဖျော့တော့သွားပြီမို့ ဖတ်လက်စ စာအုပ်ကို ဖြတ်၍ ကြမ်းပြင်ပေါ်သို့ အသာအယာ ချလိုက်လေသည်။

အကျဉ်းလှောင်အိမ်ကို ယက္ခကြီး ငါးပတ်ပတ်ချိန်လောက်တွင် ဝမ်းရှက တစ်စုံတစ်ခုကို အနိုင်အမာ ပြုလုပ်ရန် ဆုံးဖြတ်ချက်အား ယတိပြတ် ဆုံးဖြတ်လိုက်မိလေသည်။

ထို့နောက်...



ဝမ်းရှက ထိုင်ရာမှ ထရပ်လိုက်လေသည်။

ယင်းအခြေအနေကို အကျဉ်းလှောင်အိမ် အပြင်၌ စောင့်ကြပ်နေသော ယက္ခကြီး လှမ်းမြင်တွေ့လိုက်ရပြီး ရောက်ရာအရပ်တွင် ရပ်လိုက်လေသည်။

ထိုစဉ် ကျင်ပန်းသည် ဝမ်းရှ၏မမျှော်လင့်သော အပြုအမူကြောင့် ထိတ်လန့်သွားရလေသည်။

သူမသည် အကျဉ်းခန်း တစ်ဖက်ထောင့်တွင် မားမားကြီး ရပ်နေသော ယောကျ်ားပျိုဖြစ်သည့် ဝမ်းရှထံ စိုးရွံ့စွာဖြင့် မျက်လွှာပင့်၍ လှမ်းကြည့်မိလေသည်။

ထိုအခါ သူမအနေနှင့် ပထမဆုံးအကြိမ် ထိတ်လန့်တုန်လှုပ်ခြင်းကြီးစွာ ဖြစ်သွားရလေသည်။

အကြောင်းမှာ ယခင်က ကျင်ပန်း သတိပြုခဲ့မိသော ဝမ်းရှ၏မျက်နှာမှာ တည်ကြည်ခန့်ညားး၏။

ယခု သူ၏မျက်နှာသွင်ပြင်က ထိုသို့ မဟုတ်ချေ။

ခက်ထန်သော အသွင်သဏ္ဌာန်ကို သူမခပ်ရေးရေး သတိမူလာခဲ့မိရသည်။

သူ၏မျက်လုံးအစုံတို့မှာ ရိုးသားသော အရိပ်အယောင်များ လွင့်စဉ်ပပျောက်ကာ တပ်မက်သော အရောင်တို့ လွှမ်းခြုံလာရသည်။

ဤသို့ ဝမ်းရှ၏မရိုးသားသော အကြည့်ကို ရိပ်စားသိရှိလာရလေသည်။

ထိုစဉ် အခိုက်မှာပင် ဝမ်းရှ၏စူးရဲသော မျက်လုံးအစုံတို့က ကျင်ပန်း၏ခန္ဓာကိုယ်ပေါ် ရောက်လာ၏။

ကျင်ပန်း၏ရင်တွင်း၌ မယုံကြည်နိုင်မှုများ၊ ထိတ်လန့်တုန်လှုပ်မှုများ ရောယှက်ခံစားရင်း တသိမ့်သိမ့် တုန်လာရလေသည်။

ထိုအချိန်တွင် သူမနှင့် မျက်နှာချင်းဆိုင် အခန်းထောင့်တွင် ရပ်ကာ စိုက်ကြည့်နေသော ဝမ်းရှမှာ တဏှာရမက် လွှမ်းသည့် မျက်နှာထားနှင့် တစ်လှမ်းချင်း ရွေ့လျားလာ၏။

ဝမ်းရှ၏ပုံစံ ကြည့်ရသည်မှာ လူစိတ်ကင်းမဲ့နေသည့် သဏ္ဍာန်နှယ် ပေါ်ပေါက်နေပေသည်။

ယင်းအခြေအနေကို အကျဉ်းလှောင်အိမ် အပြင်ဘက်၌ လှမ်းမြင်တွေ့နေရသည့် ယက္ခကြီးမှာမူ အံ့အားသင့်ကာ မှင်တက်နေမိရလေသည်။

ခက်သည်က ဤကိစ္စအရေးကို မည်သို့ ကိုင်တွယ်ရမှန်း မသိချေ။ တကယ်တော့ ယခုကိစ္စမှာ သူမျှော်လင့်ထားသလိုမဟုတ်။

ယခုတော့ သူထင်မှတ်မထားနိုင်သော ကိစ္စအရေး ပေါ်ပေါက်လာသဖြင့် မတွေးတတ် မကြံတတ်အောင် ဖြစ်နေရလေတော့သည်။



ယခုတော့ လက်ရုံးရည်ကော နှလုံးရည်ပါပြည့်စုံမည်ဟု သူတို့တွေးထင်ထားကြသော သူမှာ အချုပ်ကို ဖောက်ထွက်ရန် မကြိုးစားဘဲ ရုတ်ခြည်းပင် ဘီလူးသဘက်ကြီးအသွင် ပြောင်းလဲသွားသဖြင့် မယုံနိုင်အောင်ပင် ယက္ခကြီး အံ့သြမှင်တက်မိသွားရသည်။

တစ်ဖက်ကို ကြည့်လျှင် လွန်စွာမှပင် ချောမောပြေပြစ်သော မိန်းမပျိုလေးမှာလည်း သူမ၏အလှနှင့် ဖြားယောင်းသွေးဆောင်၍ လွတ်မြောက်မှုကို မကြံဆောင်နိုင်ဘဲ သူမ၏ဘဝအလှအပအား သက်စွန့်ဆံဖျား ကာကွယ်ရမည့် အခြေအနေမျိုး ရောက်နေရလေသည်။

◆ ◆ ◆

## ဘီလူးအဖွဲ့

သည်တော့ အပြင်ဘက်က တာဝန်ယူစောင့်ကြပ်နေသော ယက္ခကြီးမှာ ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေလေတော့သည်။

ခက်သည်က ယခုအချိန်တွင် သူ၏ဆရာဖိုးဖြူက အနားမှာ မရှိချေ။

ဒါကြောင့် မကြံတတ် မစည်တတ် ဖြစ်နေသော ယက္ခကြီးမှာ သဲထိတ်ရင်ဖို ပြဇာတ်တစ်ပုဒ်ကို အသက်ရှူကျပ်၍ ငေးစိုက်ကာ ကြည့်နေရုံမှလွဲ၍ အခြားဘာများ ရှိနိုင်ဦးမည်နည်း။

ထိုအခိုက်မှာပင်...

"ဒါ..ဒါ.. ရှင်..ရှင် ဘယ်လိုလုပ်တာလဲ"

ထိုသို့ ကျင်ပန်းမှာ ထရပ်ကာ ကြောက်ရွံ့တုန်လှုပ်စွာဖြင့် ကတုန်ကယင် ရေရွတ်လိုက်မိသည်။



ပြီး... သူမ ကြောက်ကြောက်ရွံ့ရွံ့ဖြင့် နောက်သို့ ဆုတ်သွားရလေတော့သည်။

သူမ နောက်ဘက်ဆီသို့ ခြေလှမ်းတစ်လှမ်းပြည့်အောင်ပင် မဆုတ်နိုင်။

ဆင်ကတုပ်၊ မြင်းကတုပ် သဖွယ် ရှိသော သစ်သားလုံးများက အခုအခံ ဖြစ်နေချေပြီကော။

နောက်ဆုတ်စရာကော လွတ်စရာပါ မရှိတော့။

ဆုံးခန်းတိုင်သွားချေပြီ။

ရေနစ်လို့ အသက်ရှူရဖို့ သူမဘာဝအား ကယ်ဆယ်ရန် ဝါးများတန်းထိုးပေးလာသည်ဟု ဝမ်းရှကို ထင်မှတ်ခဲ့သည်။

ယခုတော့ သူမဘာဝကို ကယ်ဆယ်ရန် မဟုတ်သည့်အပြင် ရေထဲနစ်သထက် နစ်အောင် သူက ရက်ရက်စက်စက် ဝါးတုတ်နှင့် ထိုးနှစ်လာလေသည်။

ဒါကြောင့် ကျင်ပန်းမှာ နားကျည်းခြင်းဖြင့် သူမအနားသို့ တရွေ့ရွေ့ တိုးကပ်လာသော ဓာမဏီသိုင်းသမားဝမ်းရှထံ လက်ညှိုး ငေါက်ငေါက်ထိုးညွှန်ရင်း...

"ရှင်..ရှင်.. လူ မဟုတ်ဘူးလား"

"ဟား..ဟား..ဟား.. လူ.. ဟုတ်လား၊ လူ..လူ.. ဘာလူလဲ"

ရမ္မက်ဇောထန်သော ဝမ်းရှက ဟားတိုက်ရယ်မော ပြောဆို

လိုက်သည့် အသံနက်ကြီးက ဟိန်းထွက်သွားရလေတော့သည်။

ယင်းသို့ ဟားတိုက်ရယ်မော ပြောဆိုလိုက်သော ဝမ်းရှ၏ အသံနက်ကြီးက အမျိုးသမီး မပြောနှင့် အပြင်၌ စောင့်ကြပ်နေသည့် ယက္ခကြီးပင် လန့်ဖျပ်သွားရလေသည်။

ဝမ်းရှ ထိုသို့ ဟားတိုက်ရယ်မောလိုက်ရင်း ကျင်ပန်းအနား ချဉ်းကပ်လာသဖြင့် ကြောက်လန့်တုန်လှုပ်စွာဖြင့်...

"ရှင်နော်..ရှင်.. ရှေ့မတိုးနဲ့၊ တိရစ္ဆာန်ကြီး မကြံနဲ့"

ဟု သူမအသံကုန် အော်ဟစ်ဟန့်တားလေသည်။

သည်တွင် ဝမ်းရှက တဏှာရမ္မက် လွှမ်းခြုံနေသော သူ၏ မျက်နှာဖြင့် သူမထံ ရူးရူးရဲရဲ စိုက်ကြည့်ရင်း...

"ဘာတိရစ္ဆာန်လဲ၊ ဘာလူလဲ၊ ငါတို့နှစ်ယောက်စလုံး ဘဝ ဟာ မကြာခင် သေရတော့မယ်၊ ဒီတော့ မသေခင်လေး နိဗ္ဗာန်ဘုံက လေး တည်ဆောက်ကြရအောင်၊ ဟား..ဟား"

သူမကယ်တင်ရှင် ဖြစ်လိမ့်မည်ဟု ထင်မှတ်ခဲ့သောသူမှာ တဏှာရမ္မက် ဇောထန်ကာ သူရူးကြီးတစ်ယောက်ပမာ သူမဘဝ အား ခြေလှမ်းရန် နီးကပ်စွာ တိုးကပ်လာသဖြင့် ချောင်တွင် ပိတ်မိနေ ရာမှ တံခါးပေါက်ဘက်သို့ လှည့်ထွက်ရန် ကြိုးစားလေသည်။

သူမ ထိုသို့ ရုန်းထွက်ရန် ကြိုးစားသော်လည်း သူမ၏ကြိုး စားမှုက အထမမြောက်ဘဲ အချည်းနှီးသာ ဖြစ်သွားရလေတော့



သည်။ အကြောင်းမှာ ဝမ်းရှက သူမချောင်ပိတ်နေသည့်ကြားမှ ရုန်းကန်ထွက်မည်ကို ကြိုတင်သဘောပေါက်မိသူပီပီ ဘူ့ကိုယ်လုံး ကြီးဖြင့် ပိတ်ကာထားလာသောကြောင့် ဖြစ်လေတော့သည်။

ဒါကြောင့်မို့ ကျင်ပန်း ကြောက်ရွံ့ညှိုးငယ်သော မျက်နှာ ထားဖြင့် ဝမ်းရှထံ စိုက်ကြည့်ရင်း တောင်းပန်တိုးလျှိုးသံဖြင့်...

"ကျွန်မ..ကျွန်မ ဘဝကို ညှာတာပါရှင်"

ပြောတော့ တဏှာဘီလူးစီးနေသော ဝမ်းရှက အပြုံးယဲ့ယဲ့ ပြုံးကာ ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ...

"ဒီအချိန်မှာ ညှာဖို့ အချိန်မရဘူး၊ မင်းနဲ့ငါ စည်းစိမ်ခံဖို့ပဲ အချိန်ရတော့မှာ၊ အဲဒါ မင်းသဘောပေါက်၊ ဟင်း..ဟင်း"

ယင်းသို့ ပြောဆိုပြီးနောက် သူမ၏အိအိမို့မို့ ပခုံးနှစ်ဖက်တို့ ကို သူ၏လက်ကြမ်းများဖြင့် ဆုပ်ကိုင်လာလေတော့သည်။

ပြီးနောက် သူ၏နှာခေါင်းကြီးဖြင့် သူမ၏နူးညံ့မို့ဖောင်း သော ပါးပြင်နှစ်ဖက်ကို အတင်းမွှေးနမ်းရန်ကြိုးစားလေတော့ သည်။

ထိုအခါ ကျင်ပန်းကလည်း အနမ်းမခံမိစေရန်အတွက် သူမ ၏ခေါင်းကို ယမ်းခါရင်း အင်အားရှိသမျှ ဖျစ်ညှစ်၍ ရုန်းထွက်လေ သည်။

သို့နှင့် ကျင်ပန်း၏ကိုယ်လုံးလေးသည် ဓာမဏီသိုင်းသမား

၏ ရင်ခွင်ထဲသို့ ရောက်ရှိနေလေသည်။

ထိုအခိုက်...

"အား... ဟား...ဟား"

တဏှာဘီလူးကြီးဝမ်းရှ အားခနဲ အော်ဟစ်ရင်း သူ၏ဖက်ထားသော လက်နှစ်ဖက်ကို ကျင်ပန်း ပခုံးပေါ်မှ ဆတ်ခနဲ ပြန်ရုပ်လိုက်ရလေတော့သည်။

ပြီး သူ၏ညာလက်တစ်ဖက်ဖြင့် သူ့ဘယ်ဘက် ပခုံးစွန်းတစ်ဖက်ကို ကိုင်ကာ ပွတ်နေမိသည်။

အကြောင်းမှုကား ကျင်ပန်းမှာ မိန်းမတို့ရဲ့ အားကိုးရာလက်နက် ဖြစ်သော သွားဖြင့် ဝမ်းရှ၏ဘယ်ဘက်ပခုံးကို ပြတ်မတတ်ကိုက်ပစ်သောကြောင့် ဖြစ်လေသည်။

သူ့အသား နာကျင်သွားရသည်မို့ မကျေမချမ်း ဖြစ်ကာ ကျင်ပန်းထံ ဒေါသခံပြင်းစွာဖြင့် စိုက်ကြည့်ရင်း...

"တောက်... ခွေးစုတ်မ၊ နင့်ကြောင့်လဲ ငါ့အချောင် သေရဦးမယ်၊ နင်ကလဲ ငါ့ကို အာခံသေးတယ်၊ ဟင်း ငါ့အကြောင်း သိကြသေးတာပေါ့ကွာ"

ယင်းသို့ ဝမ်းရှ ဒေါသပေါက်ကွဲစွာဖြင့် အော်ဟစ်ပြောဆိုလိုက် အသံကြီးမှာ တောတောင်ပြိုကျတော့မလား အောက်မေ့ရအောင် ကျယ်လောင်မြည်ဟည်းသွားရလေသည်။



ထိုစဉ် အကျဉ်းလှောင်အိမ်အပြင်ဘက်၌ အခြေအနေ စောင့်ကြည့်နေသော ယက္ခကြီးက မနေသာတော့ဘဲ တံခါး၏သံကြိုးကို ဖြုတ်၍ ဖွင့်ကာ အကျဉ်းလှောင်အိမ်ထဲသို့ တရှူးထိုး ပြေးဝင်လာလေသည်။

သည်အခါ တံခါးပေါက်ဝဆီသို့ အရှိန်ဖြင့် ထွက်ပြေးလာသော ကျင်ပန်းနှင့် အကျဉ်းလှောင်အိမ်ထဲသို့ တရှူးထိုး ပြေးဝင်လာသည့် ယက္ခကြီးတို့ ဆောင့်မိကြလေသည်။

"ဘုံး"

"အမယ်လေး"

ယင်းသို့ သူတို့နှစ်ဦးသား အရှိန်ပြင်းစွာ ဆောင့်မိမှုကြောင့် ကျင်ပန်းမှာ နောက်သို့ ဖင်ထိုင်လျက် ကျသွားလေသည်။

ထို့အတူ ယက္ခမှာလည်း သူ့လက်ထဲမှ ဆောင်ဓား အောက်ဘက်သို့ လွတ်ကျသွားပြီး သူသည်လည်း တစ်ဖက်သို့ ယိုင်လဲကျသွားရလေတော့သည်။

ထို့အခိုက် ယက္ခကြီး သူ့ကိုယ်သူ ပြန်မမတ်နိုင်မီမှာပင်...

"ခွပ်"

"အား"

ဝမ်းရှ၏ဘယ်ညာ လက်သီးအစုံတို့သည် ယက္ခကြီး၏မျက်ခွက်ဆီသို့ မိုးသီးမိုးပေါက်များသဖွယ် တဝုန်းဝုန်း ရောက်သွားရလေ

သည်။ သည်နောက် ဝမ်းရှ၏ပြင်းထန်သော လက်သီးချက်များကြောင့် ယက္ခကြီးနာကျင်ညည်းညူစွာ အော်ဟစ်၍ အောက်ဘက်သို့ ဒူးထောက်လျက်သား ကျသွားရလေသည်။

ထိုစဉ် ဝမ်းရှသည် ယက္ခကြီး၏မေ့ကြောကွက်ရှိရာ နားထင်ခွက်ဆီသို့ သူ၏ညာလက်ညှိုးဖြင့် ထိုးပိတ်လိုက်လေတော့သည်။

"အွန့်"

ယင်းသို့ ဓာမဏီသိုင်းသမားဝမ်းရှ၏လက်ညှိုးဖြင့် မေ့ကြောကွက်ထိုးပိတ်လိုက်မှုကြောင့် ယက္ခကြီးမှာ ကြမ်းပြင်ပေါ်သို့ သတိလစ်မေ့မြောကာ အရုပ်ကြိုးပြတ်သည့်နှယ် ပုံလဲကျသွားလေတော့သည်။

အမှန်တော့ သူသည် ယက္ခကြီးကို အသေသတ်လိုသည့်စိတ်မရှိသဖြင့် ထိုသို့ ခေတ္တသတိမေ့မြောသွားရအောင် မေ့ကြောထိုးပိတ်လိုက်ရခြင်း ဖြစ်လေသည်။

သည်နောက်တော့ ဝမ်းရှသည် ဖင်ထိုင်လျက် လဲကျနေသော ကျင်ပန်းထံ အကြည့်ရောက်သွားပြီး....

"လာ ကျုပ်တို့ ဟိုလူတစ်ယောက် ဒီကို ရောက်မလာခင် ထွက်ပြေးကြမယ်"

"ဟင့်အင်း ကျွန်မ ရှင့်ကို မယုံကြည်ဘူး၊ မလိုက်ဘူး၊ ဒီမှာပဲ အသေခံမယ်"



ဤသို့ ကျင်ပန်း၏ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ငြင်းဆိုလိုက်သော စကားကို သူကြားလိုက်သောကြောင့် တအံ့တသြ ဖြစ်သွားရလေတော့သည်။

သူ့တစ်သက်နှင့်တစ်ကိုယ်တွင် ဤမျှ ထိတ်လန့်တုန်လှုပ်နေသော အမျိုးသမီးမျိုးကို မမြင်တွေ့ခဲ့ဖူးချေ။

တကယ်တော့ သူမသည် သေရသည်ထက် သူမ၏အပျိုစင်ဘဝ ဆုံးရှုံးရမည်ကို ပိုမိုကြောက်လန့်နေခြင်း ဖြစ်ပေတော့သည်။

သူသက်ပြင်းမှုလေးကြီး တစ်ချက်ချလိုက်ပြီး တုန်လှုပ်ချောက်ချားရိပ်မပြယ်သေးသော ကျင်ပန်းကို စူးစိုက်ကြည့်ရင်း...

"ဘာလဲ၊ ခင်ဗျားက ကျုပ်ကို တကယ့် ကာမဘီလူးများ မှတ်နေလို့လား ဝေးသေးတယ်မှတ်"

အခုတော့လည်း ဝမ်းရှ၏မျက်နှာအသွင်အပြင်မှာ စောစောက အမူအရာမျိုး မဟုတ်တော့ဘဲ ပြောင်းလဲသွားလေတော့သည်။

ဟုတ်လည်းဟုတ်နေသည်။

သူ မလိမ့်တစ်ပတ် အကွက်ဆင်ကောင်းမှုကြောင့် အခုလို သူတို့ အကျဉ်းလှောင်အိမ်မှ လွတ်မြောက်လာရသည် မဟုတ်ပါလား။

ထိုအခိုက်မှာပင် ဓာမဏီသိုင်းသမားဝမ်းရှက ကျင်ပန်း ထံ

အကြည့်ရောက်ရင်း....

"အခု ဘယ်ကို ရောက်နေပြီး ဘယ်သွားရင် မင်းတို့မြို့ကို ရောက်မယ်ဆိုတာ သိလား"

ဟု လေသံအုပ်အုပ်ဖြင့် လှမ်းမေးလိုက်လေသည်။

ထိုအခါ ကျင်ပန်းမှာ မျက်မှောင်လေး တွန့်သွားရပြီး လက်ညှိုးညွှန်ပြရင်း....

"ဒီဘက်ကို သွားရမယ်"

"ဘယ်နှစ်လီလောက် ဝေးမှာလဲ"

"ဆယ်လီလောက် ဝေးတယ်"

"နေ့ခင်းက ကျုပ်တို့ လာသလောက်ပေါ့နော်၊ ဆယ်လီလောက်ဆိုတော့"

"ဟုတ်ပါတယ်"

ထပ်ဆင့်၍ ဓာမဏီသိုင်းသမားဝမ်းရှကလှမ်းမေးလာသည်မှာ...

"လမ်းမှာက်ကနေ ပြန်လှည့်သွားရင်ကော"

ကျင်ပန်းက မျက်လုံးအစုံ ဝင့်ကျယ်သွားရပြီး...

"ဝေးတာပေါ့"

ထိုအခါ ဓာမဏီသိုင်းသမားဝမ်းရှက သက်ပြင်းခပ်မှိုင်းမှိုင်းချလိုက်ပြီးနောက်....



"ကောင်းပြီလေ၊ ဒီဘက်ကိုပဲ သွားမယ်၊ လမ်းမှာ မျက်စိလည်ရင်တော့ သန်းခေါင်မတိုင်ခင် ရောက်သွားမှာပေါ့၊ အခုတော့ ဒီအရှေ့ကိုပဲဆင်းရင် ကောင်းမယ်"

သို့နှင့် ဓာမဏီသိုင်းသမားဝမ်းရှနှင့် ကျင်ပန်းတို့သည် ခြေသံလုံလုံထားပြီး ရှိရင်းစွဲလမ်းကြောင်းကို ပြောင်းသွားကြလေတော့သည်။

တောင်ခြေသို့ ရောက်ခါနီးတွင် သူတို့ ခြေသံလုံလုံဖြင့် လျှောက်လှမ်းနေကြသော ခြေလှမ်းများမှာ မြွေဆိုးတစ်ကောင်ရှေ့မှာ ကြုံတွေ့ရသလို အထိတ်တလန့် တုံ့ခနဲ ရပ်သွားနဲ့သွားကြရလေသည်။

အကြောင်းမှာမူ တောင်အောက်ဘက်မှ စကားပြောဆိုသံများအား ကြားလိုက်ရသောကြောင့် ဖြစ်လေသည်။

"ဟေ့ကောင်တွေ၊ အပေါ်မှာ အချုပ်သားနှစ်ယောက် ရှိတယ်နော်၊ မင်းတို့သတိဝီရိယထားပြီး စောင့်ကြပ်ကြ၊ ကြားလား"

"ဟုတ်ကဲ့ ဆရာ"

"အေး ငါ တောင်ပေါ်တက်လိုက်ဦးမ ..."

"ဟုတ်..ဟုတ်ကဲ့"

ယင်းသို့ ကင်းသမားတို့ကို အမိန့်ပေးပြောဆိုနေသော အသံများအား ဓာမဏီသိုင်းသမားဝမ်းရှရော ကျင်ပန်းပါ အတိုင်း

သား ကြားနေရလေသည်။

သည်နောက် အမိန့်ပေးအသံရှင် ဖျိုင်းဖြူတစ်ယောက် တောင်ပေါ်သို့ တက်သွားသော ခြေသံများကို ဆိတ်ငြိမ်လွန်းသည့် ဝန်းကျင်မို့ သူတို့ တိုးသဲ့သဲ့ ကြားလိုက်ကြရလေသည်။

ယင်းသို့ ဖျိုင်းဖြူ ခြေသံတိုးတိုးသဲ့သဲ့ ပျောက်ကင်းသွားတော့မှ သူတို့ ပုန်းဝပ်နေသော ကျောက်တုံးကြီးနောက်ကွယ်မှ ထွက်လာကြလေတော့သည်။

သူတို့နှစ်ယောက် အထူးသတိထား၍ တောင်အောက်ဘက်ဆီသို့ ဆင်းလာကြလေသည်။

သူတို့ ကင်းတဲ၏မလှမ်းမကမ်းရှိ သစ်ပင်ချုံပုတ်လေးတစ်ခု နောက်သို့ ရောက်ရှိလာကြလေသည်။

သူတို့ ကင်းတဲ၏မလှမ်းမကမ်းရှိ သစ်ချုံပုတ်လေးတစ်ခု နောက်သို့ ရောက်ရှိလာလျှင် သူတို့သည် ချက်ချင်းပင် နေရာယူကာ ဝပ်နေလိုက်ကြတော့သည်။

ထိုစဉ်မှာပင် ကင်းသမားနှစ်ယောက်တို့ စကားတပြောပြောဖြင့် တောင်ဘက်အရပ်ဆီသို့ လျှောက်သွားကြသည်ကို သူတို့ လှမ်းမြင်တွေ့လိုက်ရလေသည်။

ထိုစဉ် ကင်းသမားတစ်ယောက်၏စကားပြောသံ ထွက်ပေါ်လာသည်က...



"ဒီလောက် နိုင်ခံ့လုံခြုံတဲ့ အကျဉ်းလှောင်အိမ်ထဲက ဟိုလူနှစ်ယောက် ဘယ်လိုလုပ် ထွက်ပြေးလာနိုင်မှာလဲ ပြောစမ်းပါဦး ကျောက်ကြီးရာ၊ တို့ဆရာက မပူသင့်တာတွေးပြီး အရမ်းပူပင်တတ်ရန်ကော"

နောက်ကင်းသမားတစ်ယောက်က အပြုံးယဲ့ယဲ့ ပြုံးလိုက်ကာ...

"ဟင်း..ဟင်း အဲဒီ လူတွေ လူစင်စစ်က အတောင်ပံတွေ ပေါက်ထွက်လာရင်တောင် ပြေးမလွတ်နိုင်ပါဘူးဗျာ"

ကျောက်ကြီးဆိုသူက နေ့ခင်းက ကြုံတွေ့ခဲ့ရသော ကျင်ပန်း၏အလှကို ပြန်ပြောင်းမြင်ယောင်ရင်း...

"ဟေ့ကောင် မျက်ပြူး၊ သံမဏိလက်ဝါးကျင်စန်းရဲ့သမီးဟာ တစ်ခါမြင်လိုက်ရုံနဲ့ တစ်သက်စွဲမက်သွားအောင် လှရက်လွန်းတယ်နော်"

ထိုအခါ မျက်ပြူးဆိုသူက ကျောက်ကြီး၏စကားကို သဘောကျစွာဖြင့် ရယ်မောလိုက်ရင်း...

"ဟား..ဟား ဘာလဲ ကျောက်ကြီး၊ မင်း အဲဒီ ကောင်မလေးကို သဘောကျနေပြီလား"

"မင်းကကော သဘောမကျဘူးလား"

သည်တော့ မျက်ပြူးက ဟက်ခနဲ ရယ်မောလိုက်ကာ...

"ငါတို့ဘဝနဲ့ လက်လှမ်းမမီနိုင်တဲ့ပန်းကို စိတ်မောလူမော ခံပြီး ငံ့လင့်မနေနိုင်ဘူး၊ အဲဒါ ကုန်ဆုံးသွားရမယ့် အချိန်ကို ဟောဒီ အရက်နဲ့ပဲ အစားထိုးပစ်လိုက်မယ်ကွ"

ဟု ပြောဆိုရင်း သူ့ခါးတွင် ချိတ်ဆွဲထားသော အရက်အိုးကို ဖြုတ်ယူ၍ တစ်ကျိုက်မော့သောက်လိုက်လေသည်။

ထိုသို့ ကင်းသမားနှစ်ယောက်တို့ စကားတပြောပြောဖြင့် တောင်ဘက်အရပ်ဆီသို့ ဦးတည်လျှောက်သွားနေစဉ် သူတို့နှစ်ဦး မြောက်ဘက်အရပ်သို့ သုတ်ခြေတင်လာကြလေသည်။

သို့နှင့် ဓာမဏီသိုင်းသမားဝမ်းရှနှင့် ကျင်ပန်းတို့သည် အနောက်မြောက်ဘက်တွင် ရှိနေသော တောစပ်ဆီအရောက် တရကြမ်း ပြေးလာကြလေသည်။

အဓိက အရေးကြီးသည်မှာ သူတို့နှစ်ဦး လွင်ပြင်ကို လွန်မြောက်ဖို့ပင် ဖြစ်လေသည်။

သို့မှသာ ဖျိုင်းဖြူတို့အဖွဲ့ မြင်းများဖြင့် လိုက်လာရန် မီနိုင်တော့မည် မဟုတ်ပါချေ။

သို့ဖြင့် ဓာမဏီသိုင်းသမားဝမ်းရှနှင့် ကျင်ပန်းတို့အား စိုက်၍ ပြေးလာခဲ့ရာ တောစပ်ရောက်လုနီးနီးတွင်...

"ဝုန်း"

တောင်ကုန်းထက်ပေါ်မှ ဝါကြန့်ကြန့် ရောင်စဉ်တန်းကြီး



တစ်ခု ရုတ်တရက် ဖြာထွက်လာပြီး ကျယ်လောင်သော ပေါက်ကွဲမြည်ဟည်းသံကြီးတစ်ခု ပေါ်ထွက်လာလေတော့သည်။

ယင်းအခြေအနေ ကြည့်ခြင်းအားဖြင့် ဖျိုင်းဖြူက နတ်ငရဲဗုံးတစ်လုံး ပစ်ပေါက်ခွဲပြီး သူ့လူများအား အချက်ပေးခြင်း ဖြစ်ဟန်တူပါသည်။

ထိုအချိန်တွင် အလင်းရောင်က ပြေးလွင့်သွားပြီး အမှောင်ထု ကြီးစိုးမင်းမူလာလေသည်။

အမှောင်ထု လွှမ်းခြုံလာသည်နှင့် တောရိပ်တောင်ရိပ်အတွင်းမှ အအေးဓာတ်က ချဉ်းနင်းဝင်ရောက်လာလေသည်။

သူတို့နှစ်ဦးမှာ လွတ်မြောက်ဖို့သာ အာရုံဇောကပ်နေသဖြင့် အအေးဓာတ်ကိုလည်း ဂရုပြုနိုင်ကြမည် မထင်ပါချေ။

တောစပ်နားရောက်တော့ တသွင်သွင် စီးဆင်းနေလျက်ရှိသော ချောင်းတစ်ခု အနားသို့ ရောက်ရှိလာကြလေသည်။

"ကဲ ကျုပ်တို့ သူတို့ရောက်မလာခင် ဒီချောင်းကို အမြန်ဖြတ်ကျော်ထားဖို့ အရေးကြီးတယ်"

ရေစီးသံသွဲ့သွဲ့ ကျနေသော ချောင်းကို သူမငေးကြည့်ရင်း ခေါင်းဆတ်ခနဲ ညိတ်လိုက်သည်။

ဓာမဏီသိုင်းသမားဝမ်းရှက ချောင်းက အမြင်သာ ကျယ်သလောက် ရှိသော်လည်း မည်မျှနက်သည်ကိုတော့ မသိ။

ဤသည်ကို တွေးမိလိုက်ပြီး သူမထံ အကြည့်ရောက်ကာ သူလှမ်းမေးလိုက်ရာ...

"ခင်ဗျား ရေလေးဘာလေး ကူးတတ်တယ် မဟုတ်လားဗျ" မေးလိုက်တော့ ကျင်ပန်းက ခေါင်းဆတ်ခနဲ ညိတ်လိုက်ကာ "ကူးတတ်ပါတယ်"

ဓာမဏီသိုင်းသမားဝမ်းရှနှင့် ကျင်ပန်းတို့သည် **ချောင်းထဲ**သို့ ဆင်းလိုက်ကြလေတော့သည်။

အားလားလား ချောင်းရေက အရိုးကွဲမတတ် **စိမ့်အေးလှ**ချည်လား။

မည်သို့ပင် အေးစိမ့်နေသော ရေကိုမူ သူတို့ ဘီလူး**ညီနောင်**အဖွဲ့မှ လွတ်မြောက်ရန်အတွက် သည်ချောင်းကိုတော့ ဖြတ်ကိုဖြတ်ရပေတော့မည် မဟုတ်ပါလား။

သို့ဖြင့် သူတို့နှစ်ဦးတို့ မတရားအေးစိမ့်လှသော ချောင်းကို ခပ်သွက်သွက်လေး ကျော်ဖြတ်လိုက်ကြလေတော့သည်။

သူတို့ ချောင်းတစ်ဖက်ကို ကျော်ဖြတ်ရောက်ရှိသွားတော့မှ ချောင်း၏အနက်မှာ လူတစ်ရပ် မမြုပ်ကြောင်း သိရှိလိုက်ရလေတော့သည်။

သူတို့နှစ်ဦးစလုံး ရေစိုရွဲကာ ခိုက်ခိုက်တုန် ချမ်းစိမ့်ကာ လာလေသည်။



ထို့နောက် သူတို့သည် ချမ်းစိမ့်မှုကို ဂရုမပြုနိုင်ဘဲ တောထဲကို **အ**တင်းပြေးဝင်လာကြလေသည်။

ဒါမှလည်း နောက်မှ လိုက်လာကြသော ဗိုင်းဖြူတို့အဖွဲ့ မျက်ခြည်ပြတ်တောက်သွားကြမည် မဟုတ်ပါလား။

သူတို့ တောလမ်းကျဉ်းကလေးအတိုင်း လျှောက်လှမ်းလာရင်းက ဓာမဏီသိုင်းသမားဝမ်းရှက ရှေ့ဆက်ခရီးနှင်ရမည့် အခြေ**အနေ**ကို ပြောဆိုမေးမြန်းလာလေသည်။

"ဟောဒီဘက်မှာ ချောက်တစ်ခု ရှိတယ်၊ အဲဒီ ချောက်ကို **ဖြတ်ပြီး** တောင်နှာမောင်းကို တက်နိုင်ရင် ကျုပ်အခြေအနေ တော်**တော်လေး စိတ်**ချရပြီ၊ သူတို့ ရုတ်တ**ရက်** လိုက်ဖို့ မလွယ်ဘူး၊ အဲဒီ **တောင်ရဲ့** ဟိုဘက်မှာ ဘာရှိသလဲတော့ ကျုပ် မသိဘူး၊ ရွာရှိသလား၊ **လွင်ပြင်ရှိ**သလား၊ လမ်းရှိသလား"

မေးမြန်းလာတော့ ကျင်ပန်းမှာ သည်နယ်သူ ဖြစ်သည့်အလျောက် နယ်အခြေအနေသိသူပီပီ ဓာမဏီသိုင်းသမားဝမ်းရှထံ ရှင်းလင်းပြောဆိုလာလေသည်။

"ဘာမှ မရှိဘူး၊ အနီးဆုံး တောင်ခုနစ်လုံးကျော်မှ လွင်ပြင်ကို ရောက်မယ်၊ အဲဒီ လွင်ပြင်ကို ရောက်ရင်လဲ မြို့ကို ရောက်တာပဲ"

သည်တွင် ဓာမဏီသိုင်းသမားဝမ်းရှက စိုးရိမ်မကင်းနိုင်သော လေသံဖြင့် ကျင်ပန်းထံ လှမ်းမေးလာသည်။

"အဲဒီ လွင်ပြင်ကို ဖြတ်ပြီး မြို့ကိုဝင်ဖို့ကော စိတ်ချရပါ့မလား၊ သူတို့နဲ့များ တိုးနေမလား"

"အဲဒီ တောင်အထိ သူတို့ မလာရဲပါဘူး၊ ကျွန်မတို့ကင်းတွေ ရှိတယ်၊ ကျွန်မတို့တောင် မနက်မိုးမလင်းဘဲနဲ့ မြို့ကို ဝင်လို့ရမှာ မဟုတ်ဘူး၊ တော်ကြာ လူမှားပြီး အတိုက်ခံနေရမယ်"

"ကိစ္စမရှိပါဘူး၊ စိတ်ချတဲ့ နေရာရောက်ရင် ကျုပ်တို့ နားနေကြတာပေါ့"

ထိုစဉ် ကျင်ပန်းက နဖူးရည်တစ်ချက်တွန့်ကာ တွေးတောစဉ်းစားလိုက်ပြီးနောက်...

"အင်း ကျွန်မတို့ ဘယ်မှာ နားရရင် ကောင်းမလဲဆိုတာက၊ အဲ ရေတံခွန်တောင်မှာ နားကြတာပေါ့၊ အဲဒီ ရေတံခွန်ဟာ မြို့နဲ့ တစ်လီလောက်ပဲ ဝေးတာ"

ပြောလာတော့ ဓာမဏီသိုင်းသမားက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးနောက်...

"ကောင်းပြီလေ၊ ဒါဖြင့် သွားကြစို့၊ အရေးကြီးတာက လမ်းမှာ မျက်စိမလည်ဖို့ပဲ"

"အခုအတိုင်း သွားရင်တော့ မျက်စိမလည်နိုင်ပါဘူး၊ လမ်းပြဖို့ ကောင်းကင်က ကြယ်တွေလဲ ရှိသားပဲ"

ထိုအခါ ဓာမဏီသိုင်းသမားဝမ်းရှကု အပြုံးယဲ့ယဲ့ ပြုံးလိုက်



ပြီးနောက်...

"နောက်ပြီး ခင်ဗျားကကော သွားနိုင်ပါ့မလား"

ခန့်သယောင် လှမ်းမေးလာသော ဓာမဏီသိုင်းသမားဝမ်းရှု၏စကားကြောင့် ကျင်ပန်းမှာ မခံချင်စိတ် ဖြစ်ထွန်းရပြီး...

"သွားနိုင်ပါတယ်"

သည်တွင် ဓာမဏီသိုင်းသမား သူမထံ လှမ်းကြည့်ရင်း အဓိပ္ပါယ်ပါပါ ပြုံးလိုက်ကာ...

"ပြီးတော့ ကျုပ်တို့နှစ်ယောက်တည်း သွားရမှာကော ရဲ့လား"

မမျှော်လင့်ဘဲ ထိုအမေးကို ကြားလိုက်ရသော ကျင်ပန်းမှာ အထိတ်တလန့် ဖြစ်သွားရပြီး...

"အိုး"

ဟူသော အာမေဋိတ်စကားကိုပင် သူမနှုတ်ခမ်းနှစ်လွှာမှ ယောင်၍ ရေရွတ်လိုက်မိရလေသည်။

အမှောင်ရိပ် ခပ်ပါပါ လွှမ်းခြုံမှုအောက်ဝယ် စိုးရိမ်စိတ်ဖြင့် ယောင်၍ ရေရွတ်မိလိုက်ရလေသည်။

"ဟင်း..ဟင်း အလကား ကျုပ်ပြောတာပါ၊ ကျုပ်ကို နည်းနည်းမှ သံသယ မရှိပါနဲ့"

ထိုသို့ ဆိုလိုက်တော့ ကျင်ပန်း ခေါင်းလေးတစ်ချက် လေး

တွဲ့စွာ ညိတ်လိုက်ကာ…

"ဟုတ်ကဲ့"

"ဒါပေမယ့် စောစောက အကျဉ်းလှောင်အိမ်ထဲမှာတော့ တကယ်ကြောက်တာပဲ မဟုတ်လား"

ထိုအခါ ကျင်ပန်းက ဓာမဏီသိုင်းသမားဝမ်းရှထံ မျက်လုံးအစုံ ဝင့်ကြည့်လာပြီး…

"တကယ် မှဝ်တာကိုး"

"ကောင်းပါတယ်၊ ခင်ဗျားအဖို့ ကိုယ်တွေ့ကြုံဖူးတာပေါ့၊ ဘိလူးကြီး ပြောတဲ့အတိုင်း မှန်ရင် ခင်ဗျားဖေဖေရဲ့ လူတွေကြောင့် ရေတိမ်နစ်ရတဲ့ မိန်းကလေးတွေ ဘယ်လိုခံစားရတယ်ဆိုတာ ခင်ဗျား ဆင်ခြင်နိုင်တာပေါ့၊ ဒါတောင် ခင်ဗျားကတွေ့ကြုံခံစားခဲ့ရတာတွေ စံနမူနာလောက်ပဲ ရှိသေးတယ်၊ အပြည့်အစုံ မဟုတ်သေးပါဘူး"

"ရှင်"

နမူနာလောက်ပဲ ရှိသေးသည်ဟူသော ဝမ်းရှ၏ဆိုစကားကို ကျင်ပန်း ကြားလိုက်မိရပြီး အကျဉ်းလှောင်အိမ်ထဲက ထိတ်လန့်ချောက်ချားသွားရသည့် ပုံစံအတိုင်း ဖြစ်တွန့်ရလေသည်။

ယင်းအခြေအနေအား ဝမ်းရှ လှမ်းမြင်တွေ့သွားပြီး သဘောကျစွာ ရယ်မောလိုက်လေသည်။

"ဟား..ဟား..ဟား၊ ဘာလဲ ခင်ဗျား ကျုပ်စကားကြောင့် ထိတ်လန့်သွားရပြန်ပြီလား"



ကျင်ပန်း၏မျက်နှာလေးပေါ်မှ ကြောက်ရိပ်အနည်းငယ် ပြေလျော့သွားရပြီး ရက်ရိပ်ကြီး စိုးဝင်ရောက်လာကာ သူမ၏ခေါင်းလေး ငုံ့လျှိုးသွားရင်း…

"အဲဒီတုန်းက ခံစားရတဲ့ ဝေဒနာဟာ အခုထက်ထိ ကျွန်မရဲ့ နှလုံးသားမှာ ခြောက်လှန့်နေဆဲပါရှင်"

"ဒီလောက်လဲ အသည်းမငယ်လိုက်ပါနဲ့ဗျာ၊ ကျုပ်နောက်လိုက်တာပါ၊ ကဲ ကျုပ်တို့ ခင်ဗျားပြောတဲ့ ရေတံခွန်တောင်ကို ရောက်ဖို့ ခရီးနှင်ကြဦးစို့၊ နောက်က မှိုင်းဖြူအဖွဲ့ လိုက်မမီနိုင်အောင် စိတ်ချရလောက်တဲ့ နေရာဆီ ရောက်အောင် နှင်ကြစို့"

သတိပေးစကား ပြောလာတော့ သူမက ခေါင်းလေးတစ်ချက် လေးတွဲ့စွာ ညိတ်လိုက်လေသည်။

ချောင်းရေတွေ သူတို့နှစ်ဦးစလုံး ခွဲစိုနေရ၍ မေးဖျားရိုက်မျှ တဆတ်ဆတ် ချမ်းခိုက်ခိုက်တုန်နေသည့်ကြား ညဥ့်လေအေးက တဟူးဟူး တိုက်ခတ်လာရင်း သူတို့ကို နှိပ်စက်ကလူ ပြုလာလေတော့သည်။

"ဝေါ..ဝေါ..ဝေါ"

တောင်တစ်တောင်သို့ ရောက်သောအခါ ရေတာဝေါဝေါ ကျဆင်းသံများကို ဓာမဏီသိုင်းသမားဝမ်းရှ လှမ်းကြားလိုက်သဖြင့်

သူ့ရင်ထဲက တွေးထင်မိသည့်အတိုင်း ကျင်ပန်း လှမ်းမေးလိုက်ရာ...

"ဒီမယ် အခု ရေတဝေါဝေါ ကျဆင်းနေသံ ကြားရတာ ခင်ဗျားပြောခဲ့တဲ့ ရေတံခွန်တောင်က မဟုတ်လား"

ယင်းသို့ လှမ်းမေးလိုက်တော့ ကျင်ပန်းက ပြုံးကြည်သော မျက်နှာထားဖြင့် ခေါင်းဆတ်ခနဲ ညိတ်လိုက်ကာ...

"ဟုတ်ပါတယ်၊ ဒီတောင်ကို ကျော်လိုက်ရင် ရေတံခွန်တောင်ကို ရောက်ပါပြီ၊ ဒီရေကျသံကို ကျွန်မတို့ ကျန်းစုံမြို့ကနေတောင် ကောင်းကောင်းကြားရပ့ါတယ်ရှင်"

ဟုတ်လည်း ဟုတ်ပါသည်။

ရေတံခွန်တောင် အမည်နှင့် ကိုက်ညီလှအောင်ပင် ရေကျသံကို တစ်တောင်ကျော်ကျော်က ကြားနေရပေသည်။

သူတို့နှစ်ယောက်သည် စကားတပြောပြောဖြင့် ခရီးဆက်လာကြလေသည်။

"မင်း မောနေပြီလား"

ကျင်ပန်းက ပြုံးလိုက်သည်။

◆ ◆ ◆



## စိတ္တဇ

ထိုအချိန်တွင် အန္တရာယ်စက်ကွင်းမှ လွတ်မြောက်လာပြီမို့ ကျင်ပန်း၏မျက်နှာကလေးမှာ ပကတိ နဂိုအတိုင်း ကြည်လင်အေးချမ်းလျက် ရှိနေကြောင်း ဝမ်းရှ လှမ်းအကဲခတ်မိလိုက်လေတော့သည်။

သည်တော့လည်း သူ၏တူညီကယ်ဆယ်မှု အထမြောက်တော့လည်း သူ့စိတ်ထဲ အလိုလို စိတ်ချမ်းမြေ့သွားရလေတော့သည်။

သည်နောက် သူတို့နှစ်ဦး ရေတံခွန်တောင်ဆီသို့ ခရီးဆက်လက်နှင်လာခဲ့ရာ နာရီတစ်မောင်းကျော်ကြာမှ သူတို့လိုလားရာ အရပ်ဆီသို့ ရောက်ရှိခဲ့ကြရလေသည်။

အကယ်၍သာ သူတို့ လမ်းတွင် မျက်စိမလည်လျှင် ရေတံခွန်တောင်သို့ သန်းခေါင်မတိုင်မီ ရောက်မည်ဟု ခန့်မှန်းခဲ့ကြလေသည်။

သို့သော် တကယ် လက်တွေ့ သူတို့ ရေတံခွန်တောင်ပေါ်သို့ ရောက်ရှိလာကြသောအခါ အရှေ့အရပ်ဝန်းဆီမှ အရုဏ်ဦးရောင်နီက ပျို့အန်စ ပြုလာချေပြီ။

ပြောရမည်ဆိုလျှင် သူတို့ လမ်းတွင် မျက်စိလည်သည်တော့ မဟုတ်ချေ။

သို့ပြင်းလည်း တောမကျွမ်းကြသဖြင့် မကြာခဏဆိုသလို လမ်းကြောင်း ပျောက်ခဲ့ရလေသည်။

အဲ... အချို့နေရာများတွင် တောပိတ်နေသဖြင့် လမ်းထွင်ရလေသည်။

အချို့နေရာများတွင် ကျားကုတ်ကျားခဲ တက်ရဆင်းရသည်များ ရှိခဲ့ရလေသည်။

ဒါတင်မကသေးပါချေ။

လမ်းခရီး၏ အဟန့်အတား ဖြစ်ကြသော ချောင်းငယ်၊ မြောင်းငယ်များကိုလည်း မကြာခဏ ဆိုသလို ကူးဖြတ်ခဲ့ကြရလေတော့သည်။

သို့နှင့် သူတို့ ပြေးလမ်းဝက်ရောက်တော့ နောက်ဘက်မှ



ရန်သူ လိုက်ပါလာသည်ကို မတွေ့ရသဖြင့် ဖြည်းဖြည်းမှန်မှန် ခရီးနှင်လာခဲ့ကြလေသည်။

ထိုသို့ ခရီးနှင်လာရာ လမ်းတွင် ကျင်ပန်း၏စိတ်မှာ နိုင်ကြည်ကောင်းမွန်သော်လည်း အားအင်ကုန်ခန်း နွမ်းနယ်နေမှန်း သိ၍ ဝမ်းရှ ခေတ္တအနားယူရန် သတိပေးသည်။

သို့သော် သူမမှာ ရေတံခွန် တောင်အောက်သို့ ရောက်ရန်စိတ်စောနေ၍လား၊ ဒါမှမဟုတ် သူ့အား မယုံကြည်၍လား၊ ဒါမှမဟုတ် သူမကို ဖွဲမရှိဟု ကဲ့ရဲ့အပြစ်တင်မည်ကို စိုး၍လားမသိနားလို့ မပြောတိုင်း ငြင်းဆန်လေသည်။

နောက်ဆုံး သူ ကျင်ပန်းကို အတင်းနားခိုင်းရသည်။

◆ ◆ ◆

ထိုအခါ ကျင်ပန်းက ပေကပ်ကပ် လုပ်နေသောအခါ သူက စိတ်ပေါက်ပေါက်နှင့် ရှေ့မှ ခပ်သုတ်သုတ်သွားဖြစ်လိုက်လေသည်။

သည်တော့ သူမ ခမျာ နောက်ဘက်တွင် တလည်လည်ဖြင့် ကျန်ရစ်ခဲ့ရှာလေတော့သည်။

သည်တော့လည်း ကျင်ပန်းက စိုးရိမ်ကြောင့်ကြသံလေးဖြင့် တစာတစာ အော်ဟစ်ရင်း...

"ကျွန်..ကျွန်မကို စောင့်ပါဦးရှင်"

"ဟူး"

သနားစိတ် ဝင်လာမိပြီး သူ့ခြေအစုံကို ရပ်ပစ်ကာ သူမ ရောက်အလာကို စိတ်ရှည်ရှည်ဖြင့် စောင့်ဆိုင်းနေရလေသည်။

အနားရောက်လာတော့ ဓာမဏီသိုင်းသမားဝမ်းရှမှာ သူမ ထံ မျက်မှောင်ကြုတ်၍ စိုက်ကြည့်ရင်း...

"အဲဒါကြောင့် ပြောတာ၊ နားပါဆိုတော့ ကျုပ်စကားနား မထောင်ဘူး၊ လမ်းလျှောက်တော့လဲ ကျုပ်ကို မီအောင် မလျှောက် နိုင်ဘူး"

ယင်းသို့ ပြောလိုက်တော့ ကျင်ပန်းမှာ ဘာမှ ခွန်းတုံ့မပြော ဘဲ ငြိမ်ကုပ်နေလေသည်။

ထို့နောက် လျှောက်လှမ်းလာရင်းက ခက်ခဲသောနေရာ ဆိုးများနှင့် ကြုံသောအခါ ကျင်ပန်း၏လက်ဖဝါးနုနုကို ပိုင်စိုးပိုင်



နင်း ဆွဲကိုင်ငင်ရသည်။

သူမလက်ကို အားပြုရသည်။

ဝမ်းရှမှာ လမ်းဆိုးလမ်းကြမ်းနှင့် ဆုံတွေ့သောအခါ သူမ ၏သိမ်ကျဉ်းကျဉ်း ခါးသေးသေးကို ဖက်၍ ပွေ့တင်ရလေသည်။

ထိုအခါ သူနှင့် သူမတို့၏ အချော်အလဲ အပြုတ်ဖြစ်ပြီး ထွေးလုံးရစ်ပတ်ခဲ့ရသည့် အကြိမ်အဖန်များစွာ တွေ့ကြုံခဲ့ရလေ သည်။

သို့တိုင်လည်း သူ၏စိတ်ထဲ၌ သူမအပေါ် မရိုးမသားစိတ် စိုးစဉ်းမျှ မဖြစ်ပေါ်ခဲ့သလို မရိုးသားမှုကိုလည်း လုံးဝမပြုလုပ်ခဲ့ချေ။

ဝမ်းရှမှာ လိုအပ်သည့်အခါများတွင် အမျိုးသမီးများကို ရဲရဲ တင်းတင်း ကိုင်ဆွဲပွေ့ပြီး ကူညီဖေးမသော်လည်း ရင်းနှီးကျွမ်းဝင်ရန် အခွင့်အရေးကို လုံးဝမကြိုးစားခဲ့ချေ။

အတူသွားရာ လမ်းခရီး၌ သူ့အား စကားများများ မပြောခဲ့ ချေ။

ပြောသင့်ပြောထိုက်သော၊ မေးသင့်မေးထိုက်သော လမ်း ခရီးအကြောင်းသာ အမေးအဖြေ ပြုခဲ့လေသည်။

ထိုစဉ် ကျင်ပန်းက ကိုယ်ရေးကိုယ်တာနှင့် အလွှာပသလွှာ စကားများ အစပြု ပြောဆိုလာခဲ့လျှင်လည်း ဓာမဏီသိုင်းသမားဝမ်း ရှမှာ သူနှင့် မဆိုင်သလို တမင် မကြားဟန် ပြုနေလေသည်။

စကားစဖြတ်ပစ်လိုက်သည်။

သူ့အကြောင်းလည်း မပြော။

ကျင်ပန်း၏အကြောင်းလည်း မစူးစမ်းချေ။

ယင်းသို့ ဇာမဏီသိုင်းသမားဝမ်းရှက ခပ်မှန်မှန် ခပ်တန်းတန်း ဆက်ဆံတော့ ကျင်ပန်းက ကျေနပ်ဟန် မရှိချေ။

ထိုခရီးလမ်းတွင် ဖျိုင်းဖြူတို့အဖွဲ့ လိုက်ပါလာခြင်း မရှိသည့်အတွက်ကြောင့် စိတ်အေးရသော်လည်း တောကောင်များ၏ရန်ကိုကား အထူးပင် စိုးရိမ်ပူပန်လာခဲ့ရသည်။

တောနက်လာသည်နှင့်အမျှ တောကောင်တွေ ပေါ်များလာလေသည်။

ယင်းသို့ သူတို့နှစ်ဦး တောနက်ထဲ ဖြတ်သန်းလာစဉ် ကံဆိုး၍ ကျားသတ္တဝါနှင့် နှစ်ခါတွေ့သည်။

တော်ပေသေးသည်။

ကျားများက သူတို့ကို ရှောင်တိမ်းသွားလေသည်။

ထိုအချိန်က ကျင်ပန်းမှာ ကျားသတ္တဝါကို တွေ့ဆုံလိုက်ရသည်နှင့် လန့်ဖျပ်တုန်လှုပ်သွားရလေသည်။

သည်တော့ အတွေ့အကြုံ ရှိခဲ့ဖူးသော ဇာမဏီသိုင်းသမားဝမ်းရှက ကျားသဘာဝအကြောင်းကို ကျင်ပန်းအား ရှင်းလင်းပြောပြလိုက်လေရာ...



"တကယ်တော့ ကျားသတ္တဝါဟာ ဘာမှ ကြောက်စရာမကောင်းဘူး၊ သူ့ကို သွားမကပ်နဲ့၊ ဘာမှ မဖြစ်ဘူး၊ မြွေပွေးလိုလဲ စိုးရိမ်စရာ ကောင်းတာက ကျားသစ်နဲ့ ဝက်ဝံပဲ"

"ဖြော်င်း"

ထိုသို့ သူရှင်းလင်း ပြောလိုက်တော့မှ ကျားနှင့် တွေ့ဆုံရသော ကျင်ပန်းမှာ ကြောက်ရွံ့ရိပ်များ ပြေသွားခဲ့လေတော့ချေပြီ။

သူတို့ တောနက်ထဲ ဖြတ်သန်းလာခဲ့ရသော ခရီးတွင် ကျားသစ်နှင့် ဝက်ဝံတို့ကို မတွေ့ဆုံရခြင်းပင် ဖြစ်လေသည်။

အဲ... သူတို့နှစ်ဦးအား ကောင်းကောင်း ဒုက္ခပေးခဲ့သည်မှာ ကျွတ်၊ မျှော့၊ ဖြုတ်၊ ခြင်နှင့် မှက်များပင် ဖြစ်ခဲ့ကြလေသည်။

ဤသို့ အခက်အခဲများကို သူတို့ ကြံ့ကြံ့ခံ ကျော်ဖြတ်ခဲ့ရင်း နောက်ဆုံး ရေတံခွန်တောင်ပေါ်သို့ ချောမောစွာ ရောက်ခဲ့ကြရလေသည်။

သူတို့ အရှေ့ဘက် တောင်ကမ်းပါးစွန်းတွင် စိတ်လွတ်ကိုယ်လွတ် အနားယူလိုက်ကြလေသည်။

ထိုအခါ ကျင်ပန်းမှာ သစ်ပင်တစ်ပင်ကို ကျောမှီထိုင်ရင်း အနားယူလိုက်လေသည်။

ဇာမဏီသိုင်းသမားဝမ်းရှကတော့ မြက်ခင်းပြင်ပေါ်သို့ အားရပါးရ ပစ်လှဲကာ အိပ်လိုက်လေသည်။

သူဝမ်းလျားမှောက် တံတောင်ထောက်ပြီး အရှေ့ဘက် ပုစွန်ဆီရောင် ဖြန့်ကျက်နေသော မိုးကုပ်စက်ဝိုင်းနှင့် အောက်ဘက်တွင် ပျပ်ဝပ်လျက်ရှိသော မြို့ငယ်ကို၏ သဘာဝရှုခင်းကို ငေးမော ကြည့်လိုက်မိလေသည်။

သူတို့နှစ်ဦး တောင်ပေါ်ရောက်သည်နှင့် သူတို့ စိတ်အစဉ် ပေါ့ပါးလန်းဆန်းလျက် ရှိနေပေသည်။

အကြောင်းမှာမူ သူတို့နှစ်ဦးမှာ ရည်မှန်းချက်ခရီးသို့ ချောမောစွာ ရောက်ရှိပြီ ဖြစ်၍ တစ်ကြောင်း၊ တောင်ပေါ်သို့ မတက်မီ အရှိန်ပြင်းစွာနှင့် အော်မြည်ကျဆင်းလျက် ရှိသော ရေတံခွန်ရင်း၌ စိတ်ရှိလက်ရှိ ကိုယ်လက်များ ဆေးကြောသန့်စင်ခဲ့ရပြီ တစ်ကြောင်း၊ နံနက်ခင်း သစ်လွင်ဝေဆာမှုကို အပြည့်အဝ ခံစားကြရ၍ တစ်ကြောင်း အတော်ကြီး လန်းဆန်းပေါ့ပါးလျက် ရှိနေကြခြင်း ဖြစ်လေသည်။

ထိုအခိုက်မှာပင်...

တောအရှေ့ မိုးကုပ်စက်ဝိုင်းမှ နေဝန်းနီနီရဲရဲကြီး တောင်ကွယ်တစ်ခုမှ ခေါင်းပြူကြည့်လာချေပြီကော။

နေဝန်းနီနီမှ အလင်းတန်းနှင့် ငှက်များ တောင်ပံတဖျပ်ဖျပ်ခတ်၍ မြေပြင်သို့ သက်ဆင်းလာချေသည်။

ထိုအခါကျမှ ဩကာသလောကကြီးမှာ ကြည်လင်ဝင်းသခြင်း



ရှိလာလေသည်။

သည်တော့မှလည်း သဘာဝရှုခင်းပန်းချီကားချပ်က စုပ်ချက်ဝီဝီသသ ပေါ်လွင်လာတော့သည်။

ဝမ်းရှ၏အကြည့်ပျပ်ဝပ်နေသော ကျန်းစုံမြို့ကို ရှင်းရှင်းလင်းလင်း မြင်တွေ့ရရန် မြို့ဆီသို့ ရွှေ့လျားလျက်...

"အင်း သူ မြေပုံအရဆိုရင် မြို့ဟာ အောက်ခြေကနေ တစ်လီလောက်ပဲ ဝေးတော့မယ်"

ထိုသို့ ဝမ်းရှတစ်ယောက် အပေါ်စီးမှနေ၍ ကျန်းစုံမြို့ ရှင်းရှင်းလင်းလင်း မြင်တွေ့ရသည်မှာလည်း ယင်းမြို့နှင့် တောင်အကြားတွင် သစ်ကြီးဝါးကြီးများ မရှိဘဲ အပြန်အပြောလှပသော လွင်ပြင်စည်းခြားလျက် ရှိနေသောကြောင့် ဖြစ်လေသည်။

ကျန်းစုံမြို့သည် အပေါ်စီးမှ ကြည့်မြင်ရတာ ရှည်မျောမျောလေး တည်ရှိနေလေသည်။

မြို့၏အိမ်ခြေမှာ တစ်ထောင်အနည်းဆုံး ရှိမည်ဟု သူမှန်းဆမိလိုက်လေသည်။

ယင်းမြို့သည် အနောက်၊ မြောက်နှင့် အရှေ့၊ တောင် ထောင့်တန်းလျက် ရှိနေပေသည်။

မြို့ဝင်လမ်းမကြီးက မြို့အနောက်ဘက်မှ ဝင်ပြီး မြောက်ဘက်မှ ပြန်ထွက်လေသည်။

ဝမ်းရှမှာ မြို့ဝင်လမ်းမဆီသို့ လက်ညိုးထိုးညွှန်ရင်း သူနှင့် မလှမ်းမကမ်း၌ သစ်ပင်ရင်းတွင် ကျောမှီထိုင်နေသော ကျင်ပန်းထံ လှမ်းမေးလိုက်သည်။

"ကျုပ်တို့သွားရင် ဒီလမ်းကပဲ ဝင်ရမှာလား"

သည်တွင် ကျင်ပန်းမှာ သူ့ထံ ခေါင်းကလေး လှည့်ပြောင်းလာပြီး ခေါင်းတစ်ချက် ဆတ်ခနဲ ညိတ်လိုက်ကာ...

"ဟုတ်တယ်"

"မြောက်ဘက်ကို သွားရင် ဘယ်ရောက်သလဲ"

"ဟိုဘက်ကျတော့ လမ်းသိပ်မကောင်းဘူး၊ နောက်ပြီးတော့ လမ်းက မြောက်ဘက်ကို ထွက်ပေမယ့် သူ့လမ်းကြောက အနောက်ဘက် ကွေ့တယ်"

"ဘယ်မှာလမ်းဆုံးသလဲ"

"ကျွန်မတို့ အနောက်ဘက်တည့်တည့်လောက်မှာ ရှိတဲ့ တောင်အောက်ရွာမှာ ဆုံးတယ်၊ အဲဒီ တောင်အောက်ရွာရယ်၊ ကျွန်မတို့မြို့ရယ်၊ အခု ပြေးခဲ့တဲ့နေရာရယ် ဗိုခနောက်ဆိုင်နေတယ်၊ တစ်ခုနဲ့တစ်ခု အကွာအဝေးချင်းလဲ အတူတူလောက်ပဲ၊ နောက်ပြီး တော့ အဲဒီ တောင်အောက်ရွာဟာ.."

ယင်းသို့ ကျင်ပန်း ပြောဆိုရင်း သူမ၏စကားကို ရုတ်တရက် ရပ်ပစ်လိုက်သည်။



ထိုအခါ ဝမ်းရှမှာ ကျင်ပန်းထံ လှမ်းအကဲခတ်မိလိုက်လေတော့သည်။

သည်တွင် သူမ၏မျက်နှာပေါ်တွင် ထိတ်လန့်မှုတစ်ခု ဖြတ်ပြေးသွားသည်ကို မြင်လိုက်ရလေသည်။

ဒါကြောင့်မို့ ဝမ်းရှက သူမထံ စကားဆုံးအောင် ပြောရန် လှမ်းတိုက်တွန်းရင်းက...

"ဆုံးအောင်ပြောလေ၊ အဲဒီ တောင်အောက်ရွာဟာ ဘာဖြစ်သလဲ"

သည်တော့မှ ကျင်ပန်းက ဆက်ပြောလာသည်။

"ဘာမှမဖြစ်ပါဘူး၊ ဘီလူးညီနောင်တို့က အဲဒီ တောင်အောက်ရွာကပါ"

ဝမ်းရှက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ရင်း...

"အဲဒီ တောင်အောက်ရွာကို သွားချင်ရင် ဒီလမ်းကပဲ သွားရသလား"

"လှည်းလမ်းကတော့ အဲဒီ တစ်ခုပဲ ရှိတာပေါ့၊ တောလမ်းတွေကတော့ အများကြီးပေါ့၊ ဟောဟို လမ်းကလေး မြင်သလား"

ထိုသို့ သူမပြောဆိုနေရင်း တောင်အောက်ဘက်ရွာရှိ အနောက်ဘက်တည့်တည့်သို့ ပေါက်ရောက်နေသော လူသွားလမ်းကျဉ်းကလေးတစ်ခုထံသို့ လက်ညိုးထိုးညွှန်ပြရင်း ဝမ်းရှထံ လှမ်းမေး

လာလေသည်။

သည်အခါ ဝမ်းရှမှာ သူမ လက်ညှိုးထိုးညွှန်ပြသော လမ်းကျဉ်းလေးကို ရှာဖွေတွေ့ရှိသွားရပြီး...

"ဟုတ်ပြီ၊ အဲဒီ လမ်းကျဉ်းကလေးက"

"အဲဒါ တောင်အောက်ရွာကို သွားတဲ့ လမ်းပဲပေါ့၊ ကုန်းကြောင်းသွားရင် ဒီကပဲ သွားကြတယ်၊ မြင်းလဲ ပေါက်တယ်၊ ဟော ဒီလို တည့်တည့်ကြီး ဖြတ်ရင်လဲရတယ်၊ ဒါပေမယ့် လမ်းသိပ် ကြမ်းလွန်းတောလူပဲ သွားနိုင်တယ်၊ မြင်းမသွားနိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"အဆင်းအတက်တွေ များတယ်၊ အကွေ့တစ်ထောင်ကိုလည်း ဖြတ်လို့ မရဘူး"

အကွေ့တစ်ထောင်ဟု ကြားလိုက်ရသောအခါ ဝမ်းရှ၏ မျက်နှာမှာ အံ့ဩရိပ် ရုတ်ခြည်းဆိုင်းထင်သွားပြီး...

"အကွေ့တစ်ထောင်ဆိုတာ ဘာလဲ"

ဆက်ပြီး သူမက ပြောဆိုလာသည်က...

"ကျွန်မတို့ အခု တွေ့နေရတဲ့ ဒီရေတံခွန်တောင်က ဆင်းသွားတဲ့ ချောင်းပဲပေါ့၊ ဒီချောင်းက ဒီနယ်တစ်ဝိုက်မှာ လင်းမြွေကြီးလို ခွေနေတာပဲ၊ ကျွန်မတို့ မြင်းရထားနဲ့ လာတုန်းကလဲ ဖြတ်လာခဲ့ရတယ်၊ ဒီရေတံခွန်တောင်ကနေ ဟိုဘက်ကျတော့ ချောင်းဟာ ရေစီး



သိပ်သန်ပြီး ချောက်တွေ ရှိလို့ ဖြတ်ဖို့ မလွယ်ဘူး"

သည်တွင် ဝမ်းရှက စိတ်ဝင်တစား လေသံဖြင့် သူမထံ လှမ်းမေးလိုက်ပြန်သည်။

"ဒီချောင်းဟာ အကွေ့အကောက် တစ်ထောင်တိတိ ရှိသလား"

ထိုစဉ် သူမမှာ မျက်တောင်ကော့ညွှတ်ကာ တစ်ချက်ဖျတ်ခနဲ ခတ်လိုက်ပြီး...

"ပြောကြတာပဲ၊ ကျွန်မတို့ ငယ်ငယ်တုန်းကဆိုရင် ဒီနောက်တောင်ဘက်ကို သိပ်မသွားကြဘူး၊ ချောင်းကလဲ ဆိုးတယ်၊ မြေလဲ ကြမ်းတယ်၊ ပြီးတော့ လူတွေလဲ ရမ်းတယ်"

ဝမ်းရှက...

"ဘီလူးညီနောင် အမျိုးတွေပေါ့"

ထိုသို့ ပြောလိုက်တော့ ကျင်ပန်းမှာ မည်သို့မျှ တုံ့ပြန်ဖြေခြင်း မရှိပါချေ။

ကြည့်ပုံအရ ကျင်ပန်း အနေအထားမှာ ဘီလူးညီနောင်တို့ အကြောင်းကို ပြောလိုဟန် ရှိပုံမရပေ။

ထိုစဉ် သူမ၏အကြည့် တောင်ကွယ်အရပ်မှ ထွက်ပေါ်လာသော နေလုံးရဲရဲဝင်းဝင်းထံ ရွေ့လျားရောက်ရှိသွားလေသည်။

ထိုအချိန်တွင် သူရိန်နေမင်းကြီးမှာ ရောင်ခြည်ဖူးရှတောက်

လက်စ ပြုလာပြီ ဖြစ်သည်။

ထို့ကြောင့် သူမ စူးရှတောက်လက်လျှက် ရှိသော နေမင်းကြီးထံ တည့်တည့်စိုက်မကြည့်နိုင်ဘဲ အကြည့်ကပျာကယာ လွှဲဖယ်လိုက်ရလေသည်။

ပြီးနောက် သူမ၏အကြည့် ဝမ်းရှထံသို့ ရွေ့လျား ရောက်ရှိလာပြီးနောက်...

"နေမြင့်လာပြီ ကျွန်မတို့ သွားကြစို့"

ဟု ပြောဆိုပြီးနောက် ထိုင်ရာမှ ထရပ်လာလေသည်။

"သွားလေ"

ယင်းသို့ ဝမ်းရှက စိတ်မဝင်စားသလို လေသံဖြင့် ဆိုသည်။

ထိုအခါ ဝမ်းရှက သူမထံ လှည့်မကြည့်ဘဲ ပြန်စကားဆိုလာသည်မှာ...

"ကျုပ်က ဘာဖြစ်လို့ သွားရမှာလဲ"

သူ့ထံမှ မမျှော်လင့်သော စကားကို သူမကြားလိုက်ရသဖြင့် တအံ့တသြ ရေရွတ်လိုက်မိရလေသည်။

"ဟော ရှင်"

ဆက်၍ပင် သူမက ဝမ်းရှ၏စကားကို နားမလည်နိုင်သော အကြည့်ဖြင့် စိုက်ကြည့်ပြီး...

"အစ်ကိုကြီး၊ ကျွန်မတို့ မြို့ကို လာတာ မဟုတ်ဘူးလား"



သည်တော့ ဝမ်းရှက ခေါင်းတချက် ညိတ်လိုက်သည်။

"ဟုတ်တယ်လေ"

"ဒါဆို အခု သွားကြမယ်လေ"

"ခင်ဗျားသွားနှင့်ပါ၊ ခင်ဗျားအတွက် ဘာမှ စိုးရိမ်စရာ မရှိတော့ဘူး မဟုတ်လား၊ ကျုပ် ဒီမှာ ခဏ ထိုင်နေဦးမယ်"

ထိုစကား ကြားလိုက်ရသောအခါ သူမ၏အကြည့် ဝမ်းရှထံ စူးစိုက်ကျရောက်ရင်း...

"ဘာလဲ အစ်ကိုကြီး၊ ခရီးသိပ်ပန်းနေလို့လား၊ ဒါဖြင့် နေဦးလေ၊ ပြီတော့မှ အတူတူ သွားကြတာပေါ့"

ယင်းစကားကြောင့် ဝမ်းရှမှာ ရုတ်ခြည်းတထိုင်ရင်း လေသံမာမာဖြင့်...

"ဘာပြောတယ်၊ ခင်ဗျားတောင် သွားနိုင်ရက်နဲ့ ကျုပ်က မသွားနိုင်တော့ဘ ဟုတ်လား"

ထိုအခါ သူမမှာ အထိတ်တလန့် ဖြစ်သွားချေပြီ။

"အို ဒီလို ဘယ်ဟုတ်မလဲ၊ အစ်ကိုကြီးက ကျွန်မကျေးဇူးရှင်ပဲ"

ကျေးဇူးရှင်ဟု သူမ ပြောလိုက်ကာမှ ဝမ်းရှမှာ မျက်နှာတင်းမာသွားရပြီး...

"ဒီမှာ ကျုပ်က ကျေးဇူးရှင် ဖြစ်ချင်လို့ သူများ ကျေးဇူးတင်

တာ ခံချင်လို့ ခင်ဗျားကို ကယ်ဆယ်တာ မဟုတ်ဘူး၊ ခင်ဗျား အဲဒါကို သိသလား"

"အစ်ကိုကြီးရဲ့ စေတနာကို ကျွန်မနားလည်ပါတယ်၊ ဒါပေမယ့် လူကို ကျေးဇူးဆပ်ရမယ် မဟုတ်လား"

ထိုအခါ ဇာမဏီသိုင်းသမားဝမ်းရှကု ညာလက်တစ်ချက်ယမ်းလိုက်ကာ...

"တော်ပြီ၊ ကျုပ်တို့နှစ်ယောက်ရဲ့ကိစ္စ ဒီလိုပဲ တော်ပါပြီ၊ ရှေ့မှာ ဘာမှဆက်စရာအကြောင်း မရှိတော့ဘူး"

ယင်းသို့ ခပ်ရင့်ရင့် စကားကြောင့် ကျင်ပန်း၏မျက်နှာ ဖျတ်ခနဲ နှင်းဆီရောင်သွေး ယှက်ဖြာသွားရလေသည်။

ထိုအခြေအနေကို လှည့်၍ ရိပ်စားမိလိုက်သော ဇာမဏီသိုင်းသမားဝမ်းရှကု သူ့ရင်ဝယ် အားနာစိတ်ရုတ်ခြည်း ခိုအောင်းလာရပြီး...

"ဒီမှာ ကျုပ်စကားကို အမိပ္ပါယ် တလွဲမကောက်နဲ့နော်၊ ကျုပ်ပြောလိုတာက ကျုပ်တို့နှစ်ယောက်ဟာ အကြောင်းအားလျော်စွာ တွေ့ဆုံကြတယ်၊ ကျုပ်က အကြောင်းအားလျော်စွာ ကူညီတယ်၊ ဒါပဲ၊ ကျုပ် ဒီမြို့ကို လာပေမယ့် ခင်ဗျားဆီကို လာတာ မဟုတ်ဘူး၊ ဒါပါပဲ ရှိတယ်"

"ကဲပါလေ၊ ဒါတွေ ထားပါတော့၊ အခု ကျင်ပန်း တောင်းပန်



ချင်တာက အစ်ကိုကြီးကျင်ပန်းနဲ့ လိုက်ခဲ့ပါ၊ ဒီမြို့မှာ ရှိနေသရွေ့ ကျင်ပန်းရဲ့ အိမ်မှာတည်းပါ"

ထိုသို့ သူမ ခယတောင်းပန်စွာဖြင့် ပြောဆိုလာသော်လည်း ဇာမဏီသိုင်းသမားဝမ်းရှထံ အကြည့်ရူးစိုက်ရောက်ရှိကာ...

"ဒါဖြင့် အစ်ကိုကြီးကျင်ပန်းတို့မြို့ကို ဘာကိစ္စ လာတာလဲ ပြောစမ်းပါဦး"

သည်တွင် ဇာမဏီသိုင်းသမားဝမ်းရှက မျက်နှာ၌ မနှစ်မြို့ဟန် ပေါ်ပေါက်သွားရပြီး...

"တယ်ခက်ပါလား၊ ကျုပ်တို့နှစ်ယောက် ကိစ္စ ဒီမှာ ပြီးပါပြီ၊ ခင်ဗျားအကြောင်းလဲ ကျုပ် ဘာမှမမေးဘူး၊ ကျုပ်အကြောင်းလဲ ခင်ဗျား ဘာမှမမေးနဲ့"

ယင်းသို့ ယတိပြတ် စကားကြောင့် သူမက ဂရုမမူဘဲ ထပ်ဆင့်မေးလာသည်မှာ...

"အစ်ကိုကြီး ဘယ်အိမ်မှာ တည်းမှာလဲ"

"မမေးပါနဲ့လို့ ပြောထားတယ် မဟုတ်လား"

ဇာမဏီသိုင်းသမားဝမ်းရှ၏ အပြစ်တင်စကား သူမကြားလိုက်ရပြီး မျက်စိမျက်နှာ ရှုတ်တရက် ပျက်သွားရလေသည်။

သူမရင်ထဲတွင် ခံပြင်းဒေါသစိတ် ဖြစ်ထွန်းမိသော်လည်း သူမအတွင်း စိတ်ကို ခြစ်ချုပ်ထိန်းကာ မျက်နှာအမူအရာ ပြောင်း

လိုက်သည်။

ပြီးမှ ကျင်ပန်းက ဓာမဏိသိုင်းသမားထံ စိုက်ကြည့်ရင်း...

"ကျွန်မတို့ မြို့က သေးသေးကလေးပါ၊ နွားခြေရာခွက်လောက် ရှိတာပါ၊ အစ်ကိုကြီး မပြောပေမယ့် အစ်ကိုကြီး ဘယ်မှာတည်းတယ်ဆိုတာ ကျွန်မတို့ ချက်ချင်းသိမှာပေါ့၊ ပြီးတော့ ကျွန်မတို့ အိမ် ဘယ်မှာလဲဆိုတာ အစ်ကိုကြီးသိလာစေရမှာပါ"

ထိုအခါ ဓာမဏိသိုင်းသမား ဘာမျှ တုံ့ပြန်ပြောဆိုခြင်း မရှိခဲ့ချေ။

ယင်းအခြေအနေကြောင့် ကျင်ပန်းမှာ စိတ်မကျေမနပ် ဖြစ်သွားရပြီး...

"အစ်ကိုကြီး ကျွန်မတို့ အိမ်ကို မတည်းချင်နေပါ၊ ခဏတော့ လိုက်ခဲ့ပါ၊ ဖေဖေနဲ့ တွေ့ပေးချင်လို့"

သည်တွင် ဓာမဏိသိုင်းသမားဝမ်းရှမှာ မျက်မှောင်တစ်ချက် ကြုတ်လိုက်ပြီး...

"အဘိုးကြီးကျန်းရှီနဲ့ ဘီလူးညီနောင်တို့ ပြောတာတွေသာ မှန်နေရင် ခင်ဗျားအဖေဟာ ကျုပ်နဲ့ တွေ့ဖို့ ထိုက်တန်တဲ့လူ မဟုတ်ဘူး"

"ရှင်"

"ကျုပ် မတရားတာကိုလဲ မကြိုက်ဘူး၊ မတရားလုပ်တဲ့လူ



ဆိုလဲ မကြိုက်ဘူး"

ရင့်ရင့်သီးသီး ဝေဖန်ပြောဆိုလာသော ဓာမဏိသိုင်းသမားဝမ်းရှ၏ဆိုစကားကြောင့် ကျင်ပန်းမှာ ခေတ္တမျှ ငိုင်ကျသွားရလေသည်။

သူမအနေအထားအရ သူမ၏ဖခင်နှင့် ပတ်သက်၍ ဝန်ခံရန်လည်း ခဲယဉ်းနေသလို ခုခံကာကွယ်ရန်လည်း မလွယ်ဟန် ပုံပေါက်နေသည်။

"ဖေဖေဟာ ကျွန်မကို သိပ်ချစ်တာ"

ယင်းသို့ ပြောဆိုလိုက်သည်ကို ဓာမဏိသိုင်းသမားဝမ်းရှမှာ မကြားဟန် ပြုနေလေသည်။

သည်တွင် ကျင်ပန်းမှာ ဆက်၍ စကားဆိုလာသည်မှာ...

"ကျွန်မရဲ့ ကျေးဇူးရှင်ဟာ ဖေဖေရဲ့ ကျေးဇူးရှင်ပါပဲ၊ ကျွန်မအနေနဲ့ အစ်ကိုကြီးကို ကျေးဇူးဆပ်ဖို့ ဝန်မလေးသလို အဖေအနေနဲ့လည်း ဝန်မလေးပါဘူး"

ထိုစဉ် ဓာမဏိသိုင်းသမားဝမ်းရှက အပြုံးယဲ့ယဲ့ ပြုံးလိုက်ပြီး...

"ဘယ်လိုကျေးဇူးဆပ်မှာလဲ၊ ထမင်းတစ်နပ် နှစ်နပ် ကျွေးတာမျိုးလား၊ ဒါမှမဟုတ် ငွေအသပြာငါးရာတစ်ထောင်မျိုးလား"

ယင်းစကားကြောင့် ကျင်ပန်းမှာ ခံပြင်းစိတ်လေး ဝင်သွား

ပြီး ဇာမဏီသိုင်းသမားဝမ်းရှထံ အကြည့်ရူးစိုက်သွားရင်း...

"ဒါကတော့ ကျွန်မကို အထင်သေးတာပဲ"

သည်တွင် ဇာမဏီသိုင်သမားဝမ်းရှက ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး...

"အထင်သေးတာ မဟုတ်ဘူး၊ သဘာဝကို ပြောတာ၊ ကျင်ပန်း အသက်ကို ကျုပ် တကယ်ပဲသက်စွန့်ဆံဖျား ကယ်ခဲ့ပါစေ၊ ကျင်ပန်းက ကျုပ်ကျေးဇူးကို ဘယ်လောက်ကြီး ကျေးဇူးဆပ်မယ် တဖွဖွ ပြောနေနေ၊ တကယ်တမ်း ကျင်ပန်းတို့ ကျေးဇူးဆပ်မယ့် အတိုင်းအတာထဲက စောစောက ကျုပ်ပြောတဲ့ အဆင့်ထက် မပိုပါဘူး"

ထိုအခါ ကျင်ပန်းက မခံချင်စိတ်ဖြင့် ဝမ်းရှထံ ပြန်ပြောလိုက်လေသည်။

"ကျင်ပန်းတို့ ဒီလောက် မရိုင်းပါဘူး၊ ကျင်ပန်းအတွက် အစ်ကိုကြီး အသက်ကိုတောင် ပေးခဲ့တာပဲ၊ ကျင်ပန်းကလဲ အစ်ကိုကြီးကို ဘာမဆို တုံ့ပြန်ကူညီနိုင်မှာပါ"

ထိုစကား ကြားလိုက်ရသောအခါ ဇာမဏီသိုင်းသမားဝမ်းရှမှာ ဟက်ခနဲ ရယ်မောလိုက်ကာ...

"ဘာမဆို ဟုတ်လား၊ ရယ်ရယ်ချင်တယ်၊ ဟား..ဟား..ဟား"



ဟု ပြောဆိုပြီး ဇာမဏီသိုင်းသမားဝမ်းရှ ဟားတိုက်ရယ်မောလိုက်သော အသံကြီးက အရှိန်ပြင်းစွာ ကျဆင်းနေသော ရေတံခွန်သံကို ဖုံးလွှမ်းသွားသည်ဟု ထင်ရသည်။

သည်တွင် ကျင်ပန်းသည် ရုတ်တရက် ပြောင်းလဲသော ဇာမဏီသိုင်းသမားဝမ်းရှကို လှမ်းကြည့်ရင်း အံ့အားသင့်သွားလေသည်။

"ဟင်း ဒီ..ဒီလူရဲ့ ဦးနှောက်များ အကျဉ်းလှောင်အိမ်ထဲက လိုများ ပြန်လည်ကိန်းဆောင်းလာပြန်ပြီလား၊ သူ့စိတ်ဟာ ကောင်းချည်တလှည့် ဖောက်ချည်တစ်လှည့် ဖြစ်နေတဲ့ စိတ္တဇဝေဒနာတစ်ဦးများ ဖြစ်နေမလား"

ယင်းသို့ ကျင်ပန်းက တွေးတောရေရွတ်နေစဉ်မှာပင် ဇာမဏီသိုင်းသမားဝမ်းရှက သူမအနားသို့ လွှားခနဲ ရောက်လာလေသည်။

ဇာမဏီသိုင်းသမားဝမ်းရှက သူမထံ ရူးရူးရဲရဲ စိုက်ကြည့်ရင်းမှ...

"ဘာမဆို ဟုတ်လား၊ ကောင်းပြီ၊ ဒါဖြင့် ကျုပ်က ခင်ဗျားကို လိုချင်တယ်ဆိုရင် ခင်ဗျား ဘာပြောမလဲ၊ ကဲ ခင်ဗျားနဲ့ ကြိုက်နေကြပြီဆိုရင် ခင်ဗျားအဖေက ဘာပြောမလဲ"

ထိုသို့ မထင်နိုင်သော စကားကို ကျင်ပန်း ကြားလိုက်ရပြီး

တုန်လှုပ်ချောက်ချားသွားကာ နောက်တစ်လှမ်း အလိုလို ဆုတ်မိလိုက်ရလေသည်။

သည့်တော့ ဓာမဏီသိုင်းသမားဝမ်းရှက သူမအလိုလိုကြောက်ရွံ့ကာ နောက်ဆုတ်သွားရသည့် အခြေအနေကို စိုက်ကြည့်ရင်း မဲ့ပြုံးပြုံးလိုက်ကား...

"ဟင်း...ဟင်း ဘယ်လိုမှ မရနိုင်ဘူး မဟုတ်လား၊ ခင်ဗျားက ပညာတတ်၊ ခင်ဗျားအဖေက နယ်စားလောင်းကြီး၊ ကျုပ်က ခြေသလုံးအိမ်တိုင်၊ ဒီတော့ ခင်ဗျားအဖေက ခင်ဗျားကို ပြည်မက သူဌေးသူကြွယ်တွေနဲ့ပဲ ပေးစားချင်မှာပေါ့"

ကျင်ပန်း သက်ပြင်းချလိုက်၏။

သူမ မည်သို့ ပြောရမှန်း မသိဘဲ ဖြစ်နေသည်။

ဝမ်းရှ ပြုံးကာ...

"ဘယ်သူတွေ ဘယ်လိုထင်ထင် ကျုပ်က မတရားတာ မလုပ်ဘူး၊ သစ္စာရှိတယ်၊ ကျုပ်လို လူစားမျိုးကို အထင်အမြင်သေးရင် မှားသွားလိမ့်မယ်"

သူက ကျင်ပန်းအား စေ့စေ့ကြည့်ကာ ဆက်ပြောလိုက်၏။

"ကျုပ် မင်းကို ကယ်ခဲ့တာ မတရားမှု ခံနေရလို့ပဲ သတ်မှတ်ထားပါ၊ မင်းနဲ့ ကျုပ်ရဲ့ကိစ္စ ဒီမှာတင် ပြီးပြီ၊ ဒီတော့ မင်းလမ်းမင်းသွားပေတော့"



စကားဆုံးလျှင် နောက်ဘက် ချာခနဲ လှည့်ထွက်သွား၏။

သစ်ပင်တစ်ပင်အောက် ရောက်ရှိသွားပြီး သစ်ပင်မှ တွဲလောင်းကျနေသော သစ်ကိုင်းတစ်ကိုင်းကို ကိုင်လျက် အဝေးသို့ သူ့အကြည့်အား လွှတ်ထားလိုက်၏။

ကျင်ပန်းက အံတစ်ချက်ကြိတ်လိုက်၏။

သူမသည် စိတ်အားတင်းကာ တစ်ဘက်သို့ လှည့်လိုက်လေသည်။

ထို့နောက်...

သူမ၏စိတ်ကို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် တောင်အောက်ဘက်ဆီသို့ တရွေ့ရွေ့ ဆင်းသွားသည်။

လွင်ပြင်အစပ် အရောက်တွင် တောင်ပေါ်သို့ သူမ ဆတ်ခနဲ မော့ကြည့်လိုက်၏။

ထိုအခါ...

တောင်ပေါ်မှ သူမထံသို့ လှမ်း၍ ငေးစိုက်ကြည့်နေသော ဝမ်းရှအား တွေ့လိုက်ရသည်။

သူမ တစ်ချက်ပြုံးကာ ပြေးလွှားထွက်ခွာသွားတော့၏။

ဝမ်းရှမှာ ကျင်ပန်း မြင်ကွင်းထဲ ပျောက်ကွယ်သွားတော့မှ သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက်...

တောင်ပေါ်မှ ဖြည်းညင်းစွာ ဆင်းခဲ့၏။

မြို့ဘက်သို့ ဆင်းသော လမ်းသည် လူသွားလူလာများ၍ တစ်ကြောင်း၊ အပြုအပြင်ရှိ၍ တစ်ကြောင်း ညီညာပြေပြစ်လေသည်။

လွင်ပြင်ကို ဖြတ်သော လမ်းမှာလည်း ဖြောင့်တန်း၏။

သို့ဖြစ်၍…

ဝမ်းရှမှာ ထိုလမ်းအတိုင်း နံနက်ခင်း လမ်းလျှောက်သူ တစ်ဦးပမာ အေးအေးလူလူ လျှောက်သွားနေလေသည်။

သူ၏ပုံဟန်မှာ မည်သည့်အပူအပင်မှ မရှိသကဲ့သို့ ဖြစ်နေပေသည်။

မကြာမီ ကျန်းစုံမြို့အား လှမ်းမြင်လာရတော့သည်။

◆ ◆ ◆



## ညှော့သည်

ဓာမဏီသိုင်းသမားဝမ်းရှသည် လျှောက်လှမ်းလာခဲ့ရာ ကျန်းစုံမြို့ဝင် ဂိတ်ဝသို့ ရောက်ရှိခဲ့ရလေသည်။

မြို့ဝင်ဂိတ်ဝတွင် လက်နက်ကိုယ်စီ ကိုင်ဆောင်လျက် မြို့ဝင်မြို့ထွက်ကို စောင့်ကြပ်နေကြသော ကင်းသမားသုံးဦးကို သူကြုံတွေ့လိုက်ရသည်။

သို့သော်…

ဝမ်းရှမှာ ထိုစောင့်ကြပ်နေသော ကင်းသမားများကို ဂရုမပြုဘဲ မြို့ဝင်ဂိတ် ကျော်ဖြတ်လိုက်လေသည်။

ထိုအခါ ကင်းသမားများမှာ သူ့ကို ဟန့်တားစစ်ဆေးခြင်းလည်း မပြု။

ခရီးဦးကြိုခြင်းလည်း မရှိကြချေ။

သူ့အား ထိုကင်းသမားများက တအံ့တသြ ဝိုင်းဝန်းကြည့်ရှု နေကြသည်။

ယင်းမြို့ဝင် ဂိတ်စောင့်သမားများအား သူ့အကြောင်းကို တစ်စုံတစ်ယောက်က ကြိုတင်ပြောသွားပုံရလေသည်။

ထို့ကြောင့်လည်း...

မြို့တွင်းသို့ သူ့လို တစ်စိမ်းတစ်ယောက် ချဉ်းနင်းဝင်ရောက်လာခြင်းကို စစ်ဆေးမေးမြန်းခြင်း မရှိဘဲ တအံ့တသြ ငေးကြည့်နေကြခြင်း ဖြစ်လေသည်။

ဝမ်းရှသည် မြို့ဝင်ဂိတ်မှ ကျော်လွှန်သွားပြီး ခြေလေးငါးလှမ်းမျှ ကျော်လွန်လာပြီးမှ သူ၏လှမ်းလက်စ ခြေလှမ်းများကို ရုတ်ခြည်းရပ်တန့်လိုက်လေသည်။

သူသည် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် သူ့ခန္ဓာကိုယ်ကို မြို့ဝင်ဂိတ်ပေါက်ဆီသို့ ချာခနဲ လှည့်လိုက်လေသည်။

"ဟင်"

"ဟာ"

ယင်းသို့ ဝမ်းရှ နောက်ဘက်သို့ ကိုယ်ကို ချာခနဲလှည့်၍ ကြည့်လာသည်ကို ဂိတ်ပေါက်ရှိ ကင်းသမားများ လှမ်းမြင်တွေ့သွားရပြီး အထိတ်တလန့် ဖြစ်ကာ အာမေဍိတ်သံများ ထွက်ပေါ်လာ၏။



ကင်းသမားများမှာ ဝမ်းရှတစ်ယောက် နောက်ကြောင်းပြန်လှည့်၍ ပြဿနာရှာပြီဟု ထင်မှတ်ကာ သူတို့၏ဓား အသီးသီးကို အသင့်အနေအထားသို့ ထုတ်ကိုင်လိုက်ကြသည်။

"ရှပ်..ရှပ်"

မှန်ပေသည်။

ဝမ်းရှ၏ခါးစည်းတွင် ဓားက ဝင့်ဝင့်ကြွားကြွား ရှိနေသောကြောင့် သူတို့ သံသယ ဝင်လည်း ဝင်လောက်စရာပင်။

ထိုအချိန်မှာပင် ဝမ်းရှ၏ညာလက်က သူ၏ဓာမဏိဓား၏ ဓားရိုးဆီသို့ ဖျတ်ခနဲ ရောက်ရှိလာလေသည်။

ယင်းသို့ လှုပ်ရှားမှုကို ကင်းသမားတစ်ယောက်က လှမ်းမြင်တွေ့လိုက်ရပြီး လှမ်း၍ အော်ဟစ်အမိန့်ပေးလိုက်၏။

"ဟေ့လူ ရပ်လိုက်"

အော်ဟစ်အမိန့်ပေးသံက တုန်ခါနေ၏။

ဝမ်းရှမှာ အော်ဟစ်အမိန့်ပေးလာသူ၏ အမိန့်အတိုင်းပင် နာခံ၍ ခြေစုံရပ်လိုက်သည်။

"ဟေ့လူ ကျုပ်တို့ကိုတော့ တိုက်ခိုက်မယ် စိတ်မကူးနဲ့၊ ကျုပ်တို့က သခင်ကြီးရဲ့လူတွေ"

ဟု ပြော၏။

ဝမ်းရှက အပြုံးယွဲ့ယွဲ့ ပြုံးလိုက်ပြီး...

"ခင်ဗျားတို့ကို ပြဿနာရှာဖို့လာတာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ကျူပ်အပေါ် သံသယကင်းသွားအောင် လုပ်မလို့ပါ"

ယင်းသို့ ဝမ်းရှ ပြောဆိုပြီးနောက် သူ့ခါးမှ ဓာမဏီဓားကို ဖြုတ်ယူလိုက်လေသည်။

ထို့နောက်...

ဝမ်းရှက သူ့လက်ထဲမှ ဓာမဏီဓားကို ထိုကင်းသမားဆီသို့ ပစ်ပေးလိုက်လေသည်။

"ရော့"

"ဗိုး"

သူလှမ်းပစ်ပေးလိုက်သည့် ဓာမဏီဓားကို ယင်းကင်းသမား ပုံပျက်ပန်းပျက် ဖမ်းယူလိုက်ရလေသည်။

ထို့နောက်...

ဝမ်းရှက ဘာမျှ မပြောဘဲ ကင်းသမားများအား နည်းနည်းမှ ဂရုမစိုက်ဟန်ဖြင့် ထိုနေရာမှ လှည့်ထွက်သွားလေသည်။

ယင်းအဖြစ်အပျက်ကို ခပ်လှမ်းလှမ်းမှ တွေ့မြင်ကြရသော မြို့သူမြို့သားအချို့ ရင်သပ်ရှုမော ဖြစ်နေကြရလေသည်။

ကင်းသမားများကလည်း ဝမ်းရှ၏လုပ်ရပ်ဆန်းကို အထူးအဆန်းသဖွယ် ကြည့်နေကြရင်းက တီတိုးတီးတိုးသဖန်းပိုး လုပ်နေကြ၏။



ဝမ်းရှမှာ သူနှင့် အနီးဆုံးတွင် ရှိနေသော မိန်းမကြီးတစ်ယောက်ကို လေသံအေးအေးမှန်မှန်ဖြင့် မေးလိုက်၏။

"ဒေါ်ဒေါ် သည်လမ်းအတိုင်းသွားရင် အနိမ့်ပိုင်းကို ရောက်သလား"

ထိုအခါ မှင်တက်မိနေသော မိန်းမကြီးမှာ သူ၏မေးလိုက်မှုကြောင့် သတိဝင်သွားရပြီး ထစ်ထစ်ငေါ့ငေါ့ လေသံဖြင့်...

"ရောက်..ရောက်တယ်"

ဆက်လက်၍ ဝမ်းရှက ထိုမိန်းမကြီးကို ထပ်မံမေးကြည့်လိုက်ရာ...

"ဓားနှစ်လက်ဆန်ကျူးတို့ အိမ်ကိုကော ရောက်ပါသလား"

ထိုသို့ မေးခွန်းအဆုံးမှာတော့ မိန်းမကြီး၏ပါးစပ် ဟသွားရလေသည်။

ထိုအခါ...

သူ့အနီးအနားမှ လူများလည်း မရှင်းထုတ်ရဘဲ သူတို့အလိုလိုပင် ဘေးဘီသို့ အနည်းငယ် ရှဲသွားကြလေသည်။

ယင်းအခြေအနေ လှုပ်ရှားမှုကို ဝမ်းရှမှာ လှမ်းမြင်တွေ့ရပြီး သူ့စိတ်ထဲ မကျေနပ်စိတ် ရုတ်ခြည်းပုန်းအောင်း ဝင်ရောက်လာရကာ...

"ဘာလဲ ခင်ဗျားတို့က သည်ကောင့်ကို ကြောက်နေကြရ

သလား"

ဟု မိန်းမကြီးကို လှမ်းမေးလိုက်သည်။

ထိုစဉ် မိန်းမကြီးမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားရပြီး ခေါင်းတွင်တွင် ခါယမ်းသွားရလေသည်။

သို့သော် ယင်းမိန်းမကြီး နှုတ်မှ ဘာစကားမျှ ပြောဆိုလာခြင်း မရှိပါချေ။

ဤတွင် ဝမ်းရှက စိတ်မရှည်နိုင်သော လေသံဖြင့် မိန်းမကြီးထံ ပြောဆိုလိုက်ပြန်သည်။

"ဒါဖြင့် ခင်ဗျားတို့ ဘာဖြစ်လို့ သူ့နာမည် ကြားတာနဲ့ မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ကုန်ကြရတာလဲ"

ထိုအခါ မိန်းမကြီးမှာ ဝမ်းရှ မကျေမချမ်း ဖြစ်နေသည်ကို လှမ်းမြင်တွေ့ရပြီး ထိတ်ထိတ်ပျာပျာ ဖြစ်ကာ အကူအညီတောင်းဟန်ဖြင့် ဒေါးဘီသို့ အကြည့်ဝေ့ဝဲပစ်လိုက်လေသည်။

သို့သော်...

မည်သူမျှ သူ့ကိုယ်စား ဝင်ရောက်ဖြေကြားလာမည်ကို အရိပ်အယောင်မျှ မတွေ့ရသဖြင့် မိန်းမကြီး သက်ပြင်းမောကြီးတစ်ချက် ကြိတ်မှိတ်ချလိုက်လေသည်။

ပြီးမှ မိန်းမကြီးမှာ မျက်နှာတင်းမာနေသော ဝမ်းရှထံ မဝံ့မရဲ စိုက်ကြည့်ကာ အလွန်အမင်း စွန့်စား၍ ပြန်ဖြေလာ၏။



"သူ..သူသေပြီ"

"ဘာ သူသေပြီ ဟုတ်လား၊ သူ ဘာဖြစ်လို့ သေတာလဲ၊ သူ သည်ကို ပြန်သွားတာ လတောင် မစွန်းသေးဘူး၊ ပြောစမ်းပါဦး၊ အဒေါ် သူ ဘာဖြစ်လို့ သေတာလဲဗျာ"

ဝမ်းရှက ကြေကွဲ ခံပြင်းသံဖြင့် ထိုမိန်းမကြီးအား လှမ်းမေးလိုက်၏။

ထိုမိန်းမကြီးက သူ့အမေးကို လုံးဝတုံ့ပြန် မဖြေတော့ဘဲ သူ့အပါးမှ ခပ်သုတ်သုတ် ထွက်သွားလေသည်။

ထိုအတူပင် အခြားလူများလည်း အလျှိုအလျှို ပျောက်ကွယ်သွားကြလေတော့သည်။

◆ ◆ ◆

"ဟာဗျာ သည်လူတွေ ဘာဖြစ်လို့ ထွက်သွားကြရတာလဲ"

ဝမ်းရှ ထိုသို့ သူ့အပါးမှ အလျှိုလျှို ထွက်သွားကြသူများကို မကျေနပ်စိတ်ပွားမိပြီး နှုတ်မှ ရေရွတ်ပြောဆိုလိုက်မိလေသည်။

ထို့နောက်...

ဝမ်းရှမှာ ဘေးဘီဝန်းကျင်ဆီသို့ လှမ်းအကဲခတ်ကြည့်မိလိုက်လေသည်။

ထိုအခါ သူနှင့် ခြေသုံးလေးလှမ်း အကွာလောက်တွင် အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို သတိပြုမိလိုက်လေသည်။

ယင်းသို့ ချောမောလှပသော မိန်းကလေးတစ်ယောက်ကို ဖြုန်းခနဲ မြင်တွေ့လိုက်ရလျှင် ပထမတော့ ကျင်ပန်းများ ဖြစ်လေမည်လားဟု သူ့စိတ်ထဲ အောင့်မေ့မိလိုက်လေသည်။

သေသေချာချာ လှမ်းကြည့်လိုက်သောအခါ ထိုအမျိုးသမီးမှာ ကျင်ပန်းမဟုတ်ကြောင်း ကွဲကွဲပြားပြား သိမြင်လိုက်ရလေသည်။

မှန်ပေသည်။

ထိုအမျိုးသမီး လှပခြင်း၊ ရဲရင့်ခြင်း ရှိသည်မှာ ကျင်ပန်းနှင့် လုံးဝမတူပါချေ။

လှပပုံခြင်းက တစ်မျိုး။

ရဲရင့်ခြင်းကလည်း တစ်မျိုး။



ဤအမျိုးသမီး လှပုံက ကျင်ပန်းထက် ပို၍ တည်ငြိမ်လေသည်။

ရဲရင့်သည့် နေရာတွင်လည်း ပို၍ ထက်မြက်ပုံရ၏။

ယခု ထိုအမျိုးသမီးက သူ့အား အတန်ကြာမျှပင် လှမ်းအကဲခတ်သလို ကြည့်ရှုနေလေသည်။

ထို့နောက်တော့ သူမ သူ့အပါးသို့ ချဉ်းကပ်ရောက်ရှိလာပြီး...

"ရှင်က ဓားနှစ်လက်ဆန်ကျူးရဲ့သူငယ်ချင်းဆိုတာလား"

ထိုသို့ စစ်မေးလာတော့ ဝမ်းရှက ခေါင်းတစ်ချက်ညိတ်လိုက်ကာ...

"ဟုတ်ပါတယ်"

သူ၏မျက်နှာပြင်ဝယ် ကြေကွဲရိပ်များ ရုတ်ခြည်း တင်ဟပ်သွားရပြီး...

"ရှင်လာမယ်ဆိုတဲ့ အကြောင်းကို သူ မသေခင် တစ်ညကပဲ ပြောသွားသေးတယ်"

"သူ ဘယ်တုန်းက သေတာလဲ၊ ဘာဖြစ်လို့ သေရတာလဲ"

"သူသေတာ တစ်ပတ်ကျော်ကျော်လေးပဲ ရှိသေးတယ်၊ ဘာဖြစ်လို့ သေတာလဲဆိုရင်တော့ အသတ်ခံရတာပေါ့"

"ဘာ အသတ်ခံရလို့"

ကြေကွဲနာကြည်းမှုကြောင့် သူ၏မေးသံက မိုးချုန်းသံကဲ့သို့ ဟိန်းခနဲ ထွက်သွားရလေသည်။

သို့သော်...

တစ်ဖက်မိန်းကလေးမှာ ကြွေမြှုပျက်သွားခြင်း မရှိပါချေ။

သူ့ထံ စိတ်မကောင်း ဖြစ်စွာဖြင့် စိုက်ကြည့်ရင်း...

"ဟုတ်တယ်၊ ဇားနှစ်လက်ဆန်ကျူးက အသတ်ခံလိုက်ရတာပဲ"

ဝမ်းရှက အံတစ်ချက်ကြိတ်ကာ...

"ဘယ်သူက သတ်တာလဲ၊ သူ့ကို ဘယ်သူက သတ်ပစ်လိုက်တာလဲ"

ဟု ခံပြင်းနာကြည်းစွာဖြင့် အော်ဟစ်ပြောဆိုမိရင်း သူ့လက်နှစ်ဖက်ကို လက်သီးများအဖြစ် အလိုလို ဆုပ်လျက်သား ဖြစ်သွားရလေသည်။

ဤတွင် အမျိုးသမီးက ခံပြင်းကြေကွဲသံဖြင့် သူ၏အမေးကို ဖြေလာ၏။

"ကျွန်မတို့ အရပ်မှာ အသတ်ခံရတဲ့လူတွေ ရှိပေမယ့် သတ်တဲ့လူက ဘယ်တော့မှ မရှိဘူး၊ အံ့သြစရာ မကောင်းဘူးလား"

ဝမ်းရှက အဓိပ္ပါယ်ပါပါ ပြုံးလိုက်ပြီး သူမထံ ရှူးစိုက်ကြည့်ရင်း...



"ဘယ်သူသတ်တယ်ဆိုတာ ကျုပ်သိပါတယ်၊ သခင်ကြီးကျင်စန်း"

ထိုအခါ ယင်းအမျိုးသမီးက ကပျာကယာ သူမ၏ညာဘက်လက်ဝါးကို ကာပြရင်း ဖျောင်းဖျသော လေသံဖြင့် သူ့အား ပြောဆိုလာ၏။

"ဘာဖြစ်လို့ ဒါလောက် ဒေါသကြီးနေရတာလဲ၊ စကားပြောရှေ့လောကြီးတာလဲ၊ လူတစ်ယောက်ဟာ သတ္တိရှိဖို့ လိုအပ်ပေမယ့် ဒေါသကြီးဖို့တော့ နည်းနည်းမှ မလိုအပ်ဘူး"

ယင်းသို့ အသိပေး ဆုံးမလာသော သူမထံ ဝမ်းရှ မျက်မှောင်ကြုတ်၍ စူးစိုက်ကြည့်လိုက်ရင်း...

"နေပါဦး၊ ခင်ဗျားက ဘယ်သူလဲ"

ဟု မေးလိုက်သည်။

ထိုအမျိုးသမီးက တည်တည်ကြည်ကြည် မျက်နှာထားဖြင့် မဆိုင်းမတွ ပြန်ဖြေလာသည်။

"ပေ့နန်း စေတနာကျောင်းဆရာမ"

"ဘယ်လို လူတန်းစားတွေအပေါ် စေတနာထားပြီး သင်ကြားပေးနေတာလဲ"

"မရှိဆင်းရဲသားတွေရဲ့ ကလေးသူငယ်တွေ အပေါ်ပဲ ဆိုပါတော့"

"ကြိုက်သွားပြီ"

"ရှင်..ရှင် ဘာပြောတာလဲ"

"ဩော် ကျွန်တော်စကားပြောလိုက်တာဟာ သိပ်လော သွားလို့ ပေ့နန်း အဓိပ္ပါယ်တစ်မျိုး အဓိပ္ပါယ်ကောက်မလွဲလိုက်ပါနဲ့ ဦး၊ ကြိုက်သွားပြီဆိုတာ ခင်ဗျားကို ကြိုက်တယ် ပြောတာ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ထားရှိနေတဲ့ စေတနာစိတ်ဓာတ်ကို ပြောလိုက်တာနော်"

သည်တော့မှ ပေ့နန်း အံ့သြတုန်လှုပ်မှု အရိပ်အယောင် ချက်ချင်း ပြေလျော့သွားရပြီး အသက်ရှူချောင်သွားရလေသည်။

◆ ◆ ◆



ဝမ်းရှသည် ပေ့နန်း၏တည်ကြည်လွန်းလှသော မျက်နှာလေးကို စိုက်ကြည့်လိုက်ရင်း...

"သူ့အမေနဲ့ သူ့ညီမတို့တော့ ရှိကြသေးတယ် မဟုတ်လား" ဟု မေးလာသည်။

ပေ့နန်းက ဝမ်းရှထံ မျက်လုံးတစ်ချက် ဝင့်ကြည့်ကာ...

"သူတို့ ရှိကြသေးရင် သူ ဘယ်သေဦးမလဲ"

ထိုစကားကြောင့် ဝမ်းရှမှာ မျက်ခုံးအစုံ ပင့်တက်သွားရပြီး..

"ခင်ဗျားပြောတာ ကျွန်တော်နားမလည်ပါဘူး"

ဟု ပြောဆိုလိုက်ပြီးမှ သူ တစ်စုံတစ်ခုကို တွေးတောစဉ်းစားလိုက်မိကာ...

"ဩော် သိပြီ..သိပြီ၊ သူသေရတာဟာ သူ့အမေနဲ့ သူ့ညီမအတွက် ဖြစ်မှာပေါ့၊ အဓိကတော့ သူ့ညီမကြောင့် ဖြစ်ရမှာပေါ့ ဟုတ်လား"

ထိုစဉ်...

ပေ့နန်းက သူ့အမေးစကားကို ဟန့်တားပြောဆိုလာလေသည်။

"နေဦးလေ၊ ကျွန်မတစ်ခု ပြောပါရစေဦး အစ်ကိုကြီး၊ ဓားနှစ်လက်ဆန်ကျူးရဲ့သူငယ်ချင်း ကျွန်မတို့ မြို့ကို အစ်ကိုကြီးလာတာဟာ အစ်ကိုဆန်ကျူးဆီကို လာတာ၊ သည်တော့ အစ်ကိုကြီးအိမ်မှာ

တည်းမှာ၊ ဒါပေမယ့် အခု အစ်ကိုကြီးတစ်ယောက်လဲ မရှိတော့ဘူး၊ သူ့မိသားစုလဲ မရှိတော့ဘူး၊ အဲသည်တော့ အစ်ကိုကြီးက ကျွန်မတို့ အိမ်မှာပဲတည်းပေါ့၊ ကျွန်မတို့နဲ့ အစ်ကိုဆန်ကျူးတို့ဟာ ဘာမှ မတော်ကြပေမယ့် ဆွေမျိုးအရင်းအချာတွေလို ခင်ကြပါတယ်၊ ပြီးတော့ ကျွန်မတို့အိမ်နဲ့ အစ်ကိုဆန်ကျူးတို့အိမ်ဟာ မျက်နှာချင်းဆိုင်ပဲ"

ဤတွင် ဝမ်းရှက သက်ပြင်းလေးကြီးတစ်ချက် ချလိုက်ပြီးနောက်…

"သူတို့ အိမ်တော့ ရှိသေးတယ်ပေါ့"

ဖေ့နန်းက ခနဲ့ပြုံးပြုံးလိုက်ရင်း…

"စကားပုံတစ်ခု ရှိတယ်၊ ကျူပင်ခုတ် ကျူငုတ်မကျန်ရဘူးတဲ့"

ထိုစကား ကြားလိုက်ရသည်နှင့် ဝမ်းရှ အလိုလို မျက်မှောင်ကြုတ်သွား ီး…

"ဘာလဲ အိမ်တောင် မရှိတော့ဘူးလား"

ဟု အလောသုံးဆယ် မေးလိုက်သည်။

ယင်းသို့ ဝမ်းရှနှင့် ဖေ့နန်းတို့ လမ်းအလယ်တွင် ရပ်တန့်စကားပြောဆိုနေကြသည်ကို ကျင်စန်း၏ကင်းသမားများက ခပ်လှမ်းလှမ်းမှ ကြည့်နေကြလေ၏။



ထိုအခါ…

ဖေ့နန်းက ထိုသူများထံ အကြည့်တစ်ချက် ဝေ့ဝဲကြည့်လိုက်မိပြီး…

"အင်း မြေနေရာတောင် ဘယ်လိုမှ မတတ်နိုင်လို့ ချန်ထားတာ၊ ဟွန်း တတ်နိုင်ရင် ပင်လယ်ထဲ သွားပြီး လွှင့်ပစ်ချင်သေးတယ်"

ယင်းစကားကြောင့် ဝမ်းရှမှာ သူ့သူငယ်ချင်း ဆန်ကျူးအတွက် ခံပြင်းဒေါသထွက်သွားရပြီး တောက်တစ်ချက် ခေါက်လိုက်ကာ…

"တောက် ကျုပ်သူငယ်ချင်းကို သည်လောက် စော်ကားကြတာ ဘာကောင်တွေလဲ၊ ဟိုကောင်တွေ မဟုတ်လား"

ဟု ပြောဆိုရင်း လက်နက်ကိုင်ကင်းသမားများထံ လက်ညှိုးထိုး ညွှန်ပြရင်း ပြောဆိုလိုက်၏။

သူ့ပြောဆိုပုံက ဟုတ်သည်ဆိုလျှင် အခုပင် ထိုလက်နက်ကိုင် ကင်းသမားများအား သွားရောက်သတ်ဖြတ်တော့မည့် ပုံစံမျိုး။

ထိုအခိုက် ဖေ့နန်းက ဖျောင်းဖျသော လေသံမျိုးဖြင့်…

"အစ်ကိုကြီးကို ဒေါသကြီးတဲ့ မင်းသားလေးနဲ့ သံတွဲကောင်းတဲ့ မင်းသမီးလေးဆိုတဲ့ ရှေးဟောင်းပုံပြင်လေးတစ်ပုဒ်အပျင်းပြေ ပြောပြရဦးမယ်နဲ့ တူတယ်၊ အစ်ကိုကြီးက ဒေါသကြီးတာကိုး"

ဟု ပြောဆိုလိုက်မှုကြောင့် ဝမ်းရှခဗျာ ကြောင်အမ်းအမ်း ဖြစ်သွားရ၏။ ထို့နောက်...

ပေ့နန်းမှာ သူတို့နှင့် မလှမ်းမကမ်းတွင် ရှိနေသော လက်နက်ကိုင် ကင်းသမားများထံသို့ ဒုတိယမ္ဗိ အကြည့်တစ်ချက် ဝေ့ဝဲရောက်ရှိသွားရပြီးနောက် ဝမ်းရှထံ အမိန့်ပေးသံမျိုးဖြင့် ပြောဆိုလာလေသည်။

"ကဲ လာ ကျွန်မတို့ အိမ်သွားကြစို့"

ဝမ်းရှမှာ မည်သို့မျှ ခွန်းတုံ့ပြန်စကား မပြောသာတော့ဘဲ သူ့ရှေ့လှမ်း ထွက်ခွာသွားသည်။

ပေ့နန်းမှာ ခြေလှမ်းကျဲကြီးများဖြင့် ထပ်ကြပ်မကွာ လိုက်သွားလေသည်။

သို့နှင့် သူ့နောက်ဘက်မှ နေ၍ ပေ့နန်းက အမီလိုက်ခဲ့ရာ လမ်းအကွေ့တစ်ခုကို ချိုးမိချိန်တွင် မီသွားရလေသည်။

ပေ့နန်းနှင့် ဝမ်းရှတို့ ဘေးချင်းယှဉ် လျှောက်လှမ်းလာမိခဲ့ကြလေတော့သည်။

ထိုသို့ ဝမ်းရှနှင့် ပေ့နန်းတို့ အတန်ကြာမျှ စကားစမြည်ပြောဆိုခြင်း မရှိဘဲ လမ်းမကြီးအတိုင်း တရွေ့ရွေ့ လျှောက်လှမ်းလာလေသည်။

◆ ◆ ◆



## အရှုပ်အထွေး

ဝမ်းရှက စတင်၍ ပေ့နန်းအား စကားပြောလာသည်။

"ခင်ဗျားတို့အရပ်က အမျိုးသမီးတွေဟာ တော်တော်သတ္တိကောင်းကြပါလားဗျာ"

ချီးမွမ်းသည်လား၊ ကဲ့ရဲ့သည်လား မသိ။

ဝမ်းရှ ပြောဆိုလာသည့်စကားကို ပေ့နန်း ကြားလိုက်ရသည်နှင့် မျက်လုံးဝင့်ကျယ် သွားရပြီး သူ့ထံသို့ ခေါင်းလှည့်ကြည့်လာကာ...

"ဘာဖြစ်လို့လဲ"

ဟု မေးလိုက်၏။

ဝမ်းရှက စုတ်တစ်ချက် သတ်လိုက်ပြီး...

"ဘာဖြစ်လို့လဲဆိုတော့ ကျုပ် အခု အမျိုးသမီးနှစ်ယောက်ပဲ တွေ့ရသေးတယ်၊ နှစ်ယောက်စလုံးဟာ အံ့သြစရာပါပဲ"

"တစ်ယောက်က ပေ့နန်းကို ပြောတာလား"

"ဟုတ်တယ်"

"ကျေးဇူးတင်ပါတယ်၊ နောက်တစ်ယောက်က ကျင်ပန်း မဟုတ်လား"

ထိုစကား ကြားလိုက်ရသောအခါ ဝမ်းရှမှာ ပါးစပ်အဟောင်းသား ဖြစ်သွားရကာ...

"ခင်း ခင်ဗျား ဘယ့်နှယ်လုပ်ပြီး သိသလဲ"

"ရှင်တို့နှစ်ယောက် အကြောင်းက တစ်မြို့လုံး အုတ်အော်သောင်းနင်း ဖြစ်နေတာပဲ"

"ဘယ်လိုကြောင့် ဘယ်လိုလုပ်ပြီး သိကြသလဲ"

ပေ့နန်း အပြုံးယဲ့ယဲ့ ပြုံးလိုက်ပြီး...

"ပေ့နန်းတို့ မြို့ကလေးက သေးသေးလေးပဲ၊ ရှင် မနေ့က မြင်းရထား ရောက်ပြီးကတည်းက အစ်ကိုကြီးနဲ့ ကျင်ပန်းအကြောင်းတော့ မီးလို ပျံ့သွားတာပဲ၊ အစ်ကိုကြီးနဲ့ လူတစ်ယောက် ဓားချင်းယှဉ်တိုက်ခိုက်ကြတဲ့အကြောင်း၊ ဘီလူးညီနောင်တို့လူစုက ကျင်ပန်းကို ပြန်ပေးဆွဲတဲ့နေရာမှာ အစ်ကိုကြီးက ကိုယ့်သဘောနဲ့ကိုယ်



အဆစ်လိုက်သွားတဲ့ အကြောင်းပေါ့"

ထိုစဉ်...

ဝမ်းရှက...

"ကျုပ်က မဟုတ်ရင် မခံတတ်ဘူး၊ အပြစ်မရှိတဲ့ မိန်းကလေးတစ်ယောက်ကို အနှောင့်အယှက်ပေးတာ မကြိုက်ဘူး"

"စဉ်းစားစရာပဲ၊ ကျင်ပန်းက လှလဲလှတယ် မဟုတ်လား"

ယင်းစကားကြောင့် ဝမ်းရှက မခံချိမခံသာ ဖြစ်သွားရသည်။

ပေ့နန်းက ပြောဆိုပြီးနောက် သူမ ဘယ်ဘက်လက်မှ ဆွဲလာသော ဈေးခြင်းတောင်းကို ညာဘက်ဆီသို့ ရွှေ့ပြောင်းချိတ်လိုက်လေသည်။

ယင်းအခြေအနေကို လှမ်းအကဲခတ်မိလိုက်သော ဝမ်းရှက..

"ပေးလေ၊ ဈေးခြင်း ကျုပ်ဆွဲခဲ့မယ်"

ဟု ပြောလိုက်၏။

ပေ့နန်းက ခေါင်းတစ်ချက် ခါယမ်းလိုက်ကာ...

"ကိစ္စမရှိပါဘူး၊ အိမ်ရောက်ခါနီးပါပြီ"

သူတို့နှစ်ဦး ဘေးချင်းယှဉ်လျက် တရွေ့ရွေ့ လျှောက်လှမ်းလာစဉ် ဘေးဝဲယာရှိ အိမ်များမှရော လမ်းတွင် သွားလာနေကြသူများကပါ စိတ်ဝင်စားစွာ ကြည့်နေကြလေသည်။

ယင်းအဖြစ်ကို သူတို့နှစ်ဦးစလုံး မသိကျိုးကျွန် ပြုထားကြလေသည်။

ထိုအခိုက် ဝမ်းရှကက သူ့ရင်ထဲ၌ သိချင်လာသော မေးခွန်းတစ်ခုကို ပေ့နန်းကို မေးလိုက်၏။

"ဒါနဲ့ မေးရဦးမယ်၊ သူ့သမီးကို ဘီလူးအဖွဲ့တို့က လက်နက်ခြောက်ဆယ်နဲ့ ပြန်ပေးဆွဲတယ် ကြားတော့ သခင်ကြီးကျင်စန်းက ဘာလုပ်သလဲ"

"အဲသည်အချိန် သူမြို့မှာမရှိဘူး၊ မနက်အစောကြီးကတည်းက သူ့လူတွေနဲ့ အခွန်အတုတ် တောင်းရအောင်ဆိုပြီး ထွက်သွားကြတယ်၊ သည်က လူတစ်ယောက် သူတို့နောက်ကို လိုက်အကြောင်းကြားတယ်နဲ့ တူပါတယ်၊ သူတို့လဲ ကနေ့ မနက်မှပဲ မြို့ကို ပြန်ရောက်ကြတယ်၊ ရှင်နဲ့ ရှေ့ဆင့်နောက်ဆင့်ပါပဲ"

"ဒါဖြင့် နောက်ပိုင်း ကျွန်တော်တို့ ဘာတွေ ဖြစ်တယ်ဆိုတာကတော့ မြို့က လူတွေ မသိကြသေးဘူးပေါ့"

"အင်း ဒါကြောင့် မြို့က လူတွေက အစ်ကိုကြီးကို သိပ်စိတ်ဝင်စားနေကြတာပေါ့၊ သခင်ကျင်စန်းတို့လူစုဟာ မြို့အနောက်ဘက်ကနေ ဝင်လာကြတော့ ဘယ်လိုမှ မခန့်မှန်းတတ်ကြတော့ဘူးပေါ့၊ အစ်ကိုကြီးတို့ကို ခွေးယူလာတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး"

"ကျုပ်တို့ ထွက်ပြေးလာကြတာ"



"ဩော်"

ဟု ပေ့နန်း တအံ့တသြ ရေရွတ်လိုက်မိလေသည်။

ဝမ်းရှက...

"ကျုပ်တို့ မနေ့က ညနေ နေဝင်ရီတရောလောက်ကတည်းက ဘီလူးအဖွဲ့စခန်းကနေ ပြေးလာခဲ့ကြတာ၊ ကနေ့မနက် နေရောင်ထွက်လုဆဲဆဲမှာ ရေတံခွန်တောင်ကို ရောက်ခဲ့ကြတယ်"

ပေ့နန်းက ထိုသို့ ဝမ်းရှ၏စကားကို နားထောင်လိုက်ပြီးနောက်...

"တော်တော်စိတ်ဝင်စားစရာကောင်းတဲ့ စွန့်စားခန်းကြီးပဲ၊ ဒါနဲ့ မသိလို့ မေးရဦးမယ်၊ ကျင်ပန်းက အစ်ကိုကြီးကို သူ့အိမ်လိုက်ဖို့ မခေါ်ဘူးလား"

"ကျုပ်က သူများခေါ်တိုင်း လိုက်ရမှာလား"

ပေ့နန်းက အံပြုံးယဲ့ယဲ့ဖြင့်...

"အခု ကျွန်မခေါ်တဲ့ နောက်တော့ လိုက်ခဲ့မယ်.မဟုတ်လား"

"ဒါကတော့"

"ခွပ်..ခွပ်..ခွပ်..ခွပ်"

သူတို့ စကားပြောဆိုနေစဉ်မှာပင် သူတို့နောက်မှ ဒုန်းစိုင်းနှင်လာသော မြင်းခွာသံကို ကြားလိုက်ရလေသည်။

လမ်းအလယ်တွင် စကားတပြောပြောဖြင့် လျှောက်လှမ်းနေကြသော သူတို့နှစ်ဦး လမ်းဘေးသို့ ကပျာကယာ တိမ်းရှောင်ပေးလိုက်ကြလေသည်။

သူတို့နှစ်ဦးစလုံး မြင်းခွာသံ လွင့်ပျံလာရာဘက်ဆီသို့ ပြိုင်တူ ခေါင်းလှည့်ကြည့်မိလိုက်ကြလေသည်။

ထိုအခါ...

လမ်းကြောအတိုင်း မြင်းစီးသမားတစ်ယောက် မြင်းနှစ်ကောင်တို့ကို ဒုန်းစိုင်းနှင်လာလေသည်။

သို့သော် မြင်းတစ်ကောင်မှာ စီးနှင်းသူ မပါ။

အလွတ်ကြီးသက်သက် ဖြစ်နေလေသည်။

သိပ်မကြာပါချေ။

ထိုမြင်းစီးသမား သူတို့အနားသို့ ရောက်ရှိလာသောအခါ မြင်းဇက်ကြိုးကို သပ်၍ ရပ်တန့်သွားလေသည်။

သည်တော့မှ ယင်းမြင်းစီးသမားမှာ သူတို့ထံ ဦးတည်ရောက်ရှိလာမှန်း သိလိုက်ရလေသည်။

ထိုအခိုက် မြင်းစီးသမားသည် မြင်းပေါ်မှ လွှားခနဲခုန်ဆင်းလိုက်ပြီးနောက် ဝမ်းရှအား ကြည့်ကာ...

"သခင်ကြီးက ဆရာလေးရဲ့မြင်းကို ပြန်ပေးခိုင်းလိုက်ပါတယ်"



ဟု ပြောရင်း မြင်းဇက်ကြိုးကို သူ့ထံ ကမ်းပေးလာလေသည်။

သူ့အား ထိုသို့ ပေးအပ်လာသော မြင်းကိုအကဲခတ် ကြည့်ရှုမိလိုက်လေသည်။

မြင်းမှာ မြင်းဖြူ မြင်းကောင်း မြင်းသန့်ကြီးတစ်ကောင် ဖြစ်လေသည်။

ထို့နောက် ဝမ်းရှမှာ မြင်းစီးသမား လှမ်းပေးလာသော မြင်းဇက်ကြိုးကို ပြောင်းယူလိုက်လေသည်။

ဤတွင် မြင်းစီးသမားက ထပ်မံ၍ ပြောဆိုလာလေသည်။

"နောက်ပြီးတော့ သခင်ကြီးက ဆရာလေးကို ကျွန်တော်နဲ့ တစ်ခါတည်း ခေါ်ခဲ့ဖို့ မှာလိုက်ပါတယ်"

ထိုအခါ...

ဝမ်းရှက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး...

"ကဲ မင်းကိစ္စပြီးပြီ မဟုတ်လား၊ သွားတော့၊ မင်းတို့ သခင်ကြီးကို ပြောလိုက်၊ ငါလာချင်လဲ လာခဲ့မယ်လို့"

ဟု ပြောလိုက်၏။

မြင်းစီးသမားက ထွက်မသွားသေးဘဲ ပေကပ်ကပ် ရပ်နေ၏။

ဝမ်းရှမှာ ထိုမြင်းစီးသမားထံ လေသံခပ်ထန်ထန်ဖြင့် လှမ်း

ပြောလိုက်သည်။

"ဟော့ကောင် သွားတော့လို့ ပြောနေတာ မကြားဘူးလား"

ထိုအခါမှ မြင်းစီးသမားသည် မကျေမနပ် မျက်နှာထားဖြင့် မြင်းပေါ်သို့ ခုန်တက်လိုက်၏။

ပြီးနောက် ဝမ်းရှအား တစ်ချက်ကြည့်ကာ လာလမ်းအတိုင်း မြင်းကို ဒုန်းစိုင်းနှင် ထွက်သွားလေသည်။

"အခုအတိုင်းဆိုရင် ကျုပ်လက်မှာ မြင်းတစ်ကောင် ရှိနေတာ မမှားဘူးနဲ့ တူတယ်"

ဝမ်းရှက ထိုသို့ ပြောရင်း သူ့နံဘေးရှိ ပေ့နန်းဘက်သို့ လှည့်မေးလိုက်၏။

သူ့အမေးကြောင့် ပေ့နန်း၏နဖူးတစ်ချက် တွန့်သွားပြီးနောက်...

"မှန်တယ်လို့လဲ မပြောနိုင်ဘူး၊ အင်းလေ မှန်တယ်မှားတယ်ဆိုတာတွေဟာ အခြေအနေအရ ဖြစ်လာကြမှာပေါ့၊ အရေးကြီးဆုံးကတော့ အစ်ကိုကြီးမှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်စ ပြုလာပြီဆိုတာပါပဲ"

ဝမ်းရှက...

"ကျုပ်ကြောင့် ခင်ဗျားမှာ ဘေးအန္တရာယ်တွေ ရှိလာမယ်ဆိုတာ မကောင်းဘူး"



ပေ့နန်းက အပြုံးယဲ့ယဲ့ကလေး ပြုံးလိုက်ကာ...

"အစ်ကိုကြီး စောစောက ပြောတော့ ပေ့နန်းက သတ္တိရှိတယ်ဆို"

ယင်းဆိုစကားကြားလိုက်ရသည်နှင့် ဝမ်းရှက မဆိုင်းမတွပင် ထောက်ခံလိုက်၏။

"ဟုတ်တယ်၊ ပေ့နန်းဟာ သတ္တိရှိတယ်၊ ပြီးတော့ တည်ငြိမ်တယ်"

ထိုအခိုက်မှာပင် ပေ့နန်းသည် အိမ်နေရာ ကွက်လပ်တစ်နေရာကို ညွှန်ပြရင်း...

"အဲဒါပဲ အစ်ကိုဆန်ကျုံးအိမ်"

ဟု ပြောလာ၏။

ဝမ်းရှက သူမ ညွှန်ပြရာဆီသို့ ကြည့်လိုက်၏။

ထိုအခါ...

သူသည် ဓားနှစ်လက်ဆန်ကျုံး၏နေအိမ် ကွက်လပ်ကို လှမ်းမြင်တွေ့လိုက်ရသောအခါ သူ၏ရင်ထဲ နာကြည်းခြင်း၊ ဒေါသဖြစ်ခြင်း စသော ဝေဒနာများ ရုတ်ခြည်းဝင်ရောက် ခိုအောင်းလာရလေသည်။

"ဟင်း"

သူမြင်တွေ့လိုက်ရသည်မှာ ဓားနှစ်လက်ဆန်ကျုံး၏ နေ

အိမ်ကွက်လပ်မှာ ပြာပုံနှင့် မီးလောင်တိုင်များပင် ဖြစ်သည်။

မီးလောင်ခြင်းသည် မကြာသေးချေ။

ခေါင်းရင်းအိမ်နှင့် ခြေရင်းအိမ်နှစ်အိမ်တို့လည်း မီးဟပ်ခြင်း ခံထားရသည်။

ထိုအချိန်တွင် အိမ်တစ်အိမ်ထဲမှ စိုးရိမ်မကင်းသော အမူအရာများဖြင့် အသက်ငါးဆယ်ဝန်းကျင်ခန့် ရှိမည် ထင်ရသည့် အဘိုးကြီး အဘွားကြီး နှစ်ဦးတို့သည် သုတ်သုတ်ပျာပျာ လှမ်းထွက်လာကြလေသည်။

ထိုစဉ်…

ပေ့နန်းက ထိုအဘိုးကြီး အဘွားကြီးတို့နှင့် ဝမ်းရှကို မိတ်ဆက်ပေးလာလေသည်။

"အဖေ အမေ၊ ဒါ အစ်ကိုဆန်ကျူး ပြောပြောနေတဲ့ အစ်ကိုဆန်ကျူးရဲ့ သူငယ်ချင်းပဲ၊ ဒါက ကျွန်မရဲ့ အဖေနဲ့ အမေလေ"

"ဟုတ်ကဲ့"

ဟု ဝမ်းရှက ပေ့နန်း၏မိဘနှစ်ပါးကို ဦးညွှတ်ဂါရဝပြုလိုက်လေသည်။

ထိုအခါ အဘွားကြီးက သူ့သမီးပေ့နန်း လက်ထဲမှ ဈေးခြင်းတောင်းကို ဆွဲယူလိုက်ရင်း…

"ကဲ..ကဲ အိမ်ထဲဝင်ကြ၊ နောက်ပြီးတော့မှ အေးအေးဆေး



ဆေး စကားပြောကြပေါ့ဟ"

ဟု သူတို့ကို အိမ်ထဲဝင်ရန် ပြောဆိုလာလေသည်။

ထိုအချိန်တွင် ဘေးပတ်ဝန်းကျင်မှ အိမ်များက စူးစမ်းသလို လှမ်းကြည့်နေကြသည်။

သို့သော်…

မည်သူတစ်ယောက်မျှ သူတို့ထံသို့ မလာကြချေ။

အိမ်ပြင်ကို မထွက်လာကြ။

ထို့နောက်…

ဝမ်းရှမှာ ပေ့နန်း၏ဖခင်နှင့်အတူ အိမ်ရှေ့ ဝါးကွပ်ပျစ်တွင် ထိုင်မိကြလေသည်။

ထိုအခိုက် အဘိုးအိုက ကြွေပန်းကန်လုံးထဲသို့ ရေနွေးကြမ်းအိုးထဲမှ ရေနွေးကြမ်းများ ငှဲ့ထားပြီး ဝမ်းရှထံ လှမ်းပေးလာလေသည်။

သူက အဘိုးကြီး လှမ်းပေးလာသော ရေနွေးကြမ်းပန်းကန်ကို လှမ်းယူရင်း တစ်ခါတည်း မော့သောက်လိုက်လေ၏။

သိပ်မကြာပါချေ။

ပေ့နန်းတို့သားအမိ အိမ်ထဲမှ ပြန်ထွက်လာကြသောအခါ ရေနွေးကြမ်းဖြင့် မြည်းရန်အတွက် အသားခြောက်ကင်များ ပါလာလေသည်။

ပွေနန်းက ဝမ်းရှတံ အပြုံးဖြင့် စိုက်ကြည့်ရင်း...

"ကဲ အစ်ကို ရေနွေးသောက်၊ ပွေနန်းတို့ကို ဘာမှ အားနာစရာ မရှိဘူး၊ ကြိုက်သလောက်တည်းနိုင်တယ်၊ လွတ်လွတ်လပ်လပ် နေနိုင်ပါတယ်"

ဝမ်းရှက ပွေနန်းကို ကြည့်ရင်း...

"သည်အိမ်ကို ဘယ်သူတွေက ဘယ်လိုမီးရှို့ပြီး ကျုပ်သူငယ်ချင်းနဲ့ ကျုပ်သူငယ်ချင်းရဲ့မိသားစုကို ဘယ်သူတွေက ဘယ်လို လုပ်ကြတယ်ဆိုဘာတွေကို ဘာတစ်ခုမှ မထိမ်မချန်ဘဲနဲ့ ကျုပ်ကို ပြောစမ်းပါ၊ ဒါမှ ကျုပ် ဒီမှာ ဘာဆက်လုပ်ရမလဲဆိုတာ ဆုံးဖြတ်နိုင်မယ်၊ ပထမဆုံး ကျုပ်သူငယ်ချင်းရဲ့ညီမအကြောင်းက စပြောပေါ့၊ သူ့နာမည်က ဘယ်သူ"

ဟု မေးလိုက်သော ပွေနန်းက မဆိုင်းမတွ ပြန်ဖြေလာသည်။

"ဆန်ကြူးဝေ"

"အင်း ဟုတ်တယ်၊ ကြူးဝေ..ကြူးဝေ၊ ဆန်ကျူးက ကျုပ်ကို သူ့ညီမ အကြောင်းကို ခဏခဏ ပြောတယ်၊ သူ့ညီမကြူးဝေဟာ အင်တန် အရုက်အကြောက်ကြီးပြီး အင်မတန် အေးတယ်တဲ့၊ သည်လို မိန်းကလေးတစ်ယောက်ကို ဘယ်လိုလူတွေက စော်ကားကြသလဲဆိုတာ ကျုပ်ကို ပြောစမ်းပါ"



ထိုအခါ ပွေနန်းမှာ ပါးနှစ်ဖက်ရှိုင့်သွားအောင် ပြုံးလိုက်လေသည်။

ပြီးမှ ပွေနန်းသည် ဆန်ကြူးဝေ၏ ဖြစ်ကြောင်းကုန်စင်ကို ရှည်လျားစွာ ဖွင့်ဟပြောဆိုလာလေတော့သည်။

♦ ♦ ♦

ဆန်ကြူးဝေသည် ငယ်ရွယ်ပျိုမျစ်ခြင်း ရှိသော်လည်း လှပချောမောသည်ဟု မဆိုနိုင်ချေ။

သာမန်မျှသာ ဖြစ်သည်။

သို့သော်...

အနေအထိုင် နုနယ်လှသည်။

စိတ်ထားသိမ်မွေ့သည်။

တစ်ချို့က သူမကို ရှက်ကြောက်တတ်သူတစ်ဦးဟု ဆိုကြလေသည်။

သူမ၏အစ်ကိုဆန်ကျူးနှင့်ကား စရိုက်ခြင်း ခြားနားလှသည်။

ဓားနှစ်လက်ဆန်ကျူးမှာကား လူပုံကလည်း ကြမ်းကြမ်းတမ်းတမ်း ပြောပုံဆိုပုံ နေပုံထိုင်ပုံကလည်း ကြမ်းတမ်း၏။

မည်မျှကြမ်းတမ်းစေကာမူ သူတစ်ပါးအပေါ် အကာအကွယ်ပေးခြင်း ကူညီခြင်းသာ ပြုခဲ့သည်။

ထို့ကြောင့် တစ်မြို့လုံးက သူ့ကို ချစ်ကြောက်ရိုသေကြလေသည်။

သူ၏အရှိန်အဝါကြောင့် ကြူးဝေကို မည်သူမျှ မစော်ကားရဲကြချေ။

ထို့အပြင် ကြူးဝေသည် အိမ်၌ အနေများသည်။



အပြင်ဆို၍ ဈေးသွားရုံသာ ရှိ၏။

ထိုသို့ အသွားအလာ အဆက်အဆံ နည်းပါးလွန်းလှသော ဆန်ကြူးဝေမှာ တစ်နေ့တွင် မမျှော်လင့်သော ပြဿနာတစ်ခု ကြုံတွေ့လာရလေသည်။

အကြောင်းမှာ ကျန်းစုံမြို့နှင့် သုံးလီခန့် ဝေးကွာသော ရွာကလေးသို့ ဆန်ကြူးဝေတစ်ယောက်တည်း သွားရန် အကြောင်း ဖြစ်ပေါ်လာသည်။

ယင်းအကြောင်းကလည်း မသွားမဖြစ်သော နာရေးကိစ္စတစ်ခုရှိ၍ ဖြစ်သည်။

ဆန်ကြူးဝေ၏မိခင်ကြီးမှာလည်း နာတာရှည်ရောဂါသည်ကြီးတစ်ဦး ဖြစ်နေသည်။

ထို့ကြောင့် သူမအတွက် ခရီးအဝေးအလံကို သွားနိုင်ခဲ့ခြင်း မရှိပါချေ။

သူမနှင့် အဖော်လိုက်ရန် ပေ့နန်းအား ခေါ်သော်လည်း ကလေးသူငယ်များ စာစစ်နေချိန်နှင့် ကြုံနေရသဖြင့် ပေ့နန်းမှာ မလိုက်နိုင်ချေ။

နောက်ဆုံး သူမတစ်ယောက်တည်းသာ ထိုခရီးကို သွားခဲ့ရလေသည်။

ထိုရက်ကား မိုးကြီးမိုးကောင်း ရွာသွန်းထားသဖြင့် တော

လမ်းကို အသုံးမပြုနိုင်ကြချေ။

သို့ဖြစ်၍ လီခြောက်လီ သွားရသော ခရီးကို ဆယ့်ခြောက်လီ ရှည်လျားသော လမ်းမကြီးအတိုင်း တစ်ကွေ့တစ်ပတ်ကြီးသွားကြရလေသည်။

ချောင်းသာရွာသို့ ခရီးနှင်သည့် မြင်းရထားမှာ မြို့ဈေးကွဲမှ ထွက်လေသည်။

ဆန်ကြူးဝေသည် ချောင်းသာရွာသို့ ထမင်းစားချိန်ကောင်းကောင်းအမီ ရောက်လေသည်။

ချောင်းသာရွာရောက်၍ ကိစ္စများ ပြီးစီးသောအခါ ဆန်ကြူးဝေ ညနေ နေအေးမှ ပြန်လာခဲ့ရလေတော့သည်။

ဆန်ကြူးဝေ အပြန်ခရီးတွင် ချောင်းသာရွာမှ ညီမနှစ်ဝမ်းကွဲတော်စပ်သည့် ဆွေကျင်းဆိုသော ညီမတစ်ယောက် အတူပါလာလေသည်။

ဆွေကျင်းမှာ အစ်မဖြစ်သူ ဆန်ကြူးဝေကို အတူးပင် ခင်မင်တွယ်တာခြင်း ရှိလေသည်။

ဆန်ကြူးဝေ၏ဘဝကို တစ်ဆစ်ချိုး ပြောင်းလဲအောင် ဖန်တီးလာသူမှာ ဆွေကျင်းကြောင့်ဟုဆိုလျှင် မှားမည် မဟုတ်ပါ။

သို့သော်...

ဆွေကျင်း၏နောက်တွင် ကွင်းဆက်တွေ အများကြီး ရှိနေပေသည်။



ယင်းကွင်းဆက်တွေ အများကြီးထဲမှ ဦးစွာပထမဆုံး ကွင်းဆက်မှာ ကျန်းစုမြို့ အုပ်ချုပ်သူ သံမဏိလက်ဝါး ကျင်စန်းအဖွဲ့မှ မြွေဆိုးဂူးတဆိုသူပင်...

မြွေဆိုးဂူးတမှာ အရွယ်ငယ်သလောက် ထက်မြက်သည့် တိုက်ရည်ခိုက်ရည် ရှိသည်။

ကျင်စန်းက မြွေဆိုးဂူးတကို မြို့အနောက်တောင်ဘက် တစ်လွှားကို အပိုင်စား ပေးသနားခံရသူ ဖြစ်သည်။

မြွေဆိုးဂူးတမှာ တောင်အောက်ရွာသားတစ်ယောက် မဟုတ်ပါချေ။

တောင်အောက်ရွာ၏အနောက်ဘက် နှစ်လီအကွာလောက်တွင် ရှိသော ပျားစွဲတောင်မှ ဖြစ်သည်။

ထိုတောင်အောက်ရွာနှင့် ပျားစွဲတောင်တို့သည် အစဉ်အဆက်ကတည်းက မတည့်ခဲ့ကြချေ။

တစ်ရွာက တန်ခိုးအာဏာကြီးထွားလျှင် တစ်ရွာကို နှိမ်စမြဲဖြစ်လေသည်။

ယခုလည်း ပျားစွဲတောင်က တန်ခိုးအာဏာထက်သောအခါ တောင်အောက်ရွာကို နှိမ်ချင်သည်။

သို့သော်...

ရဲရဲလည်း မနှိမ်ရဲချေ။

အကြောင်းမှာမူ တောင်အောက်ရွာမှ ဘီလူးညီနောင်၏ အဟန့်သည် ကြီးမားလှသေည်။

ယင်းသို့သော အခြေအနေတွင် မြွေဆိုးဂူးတနှင့် ဆွေကျင်းတို့၏ပြဿနာ ပေါ်လာသည်။

ဂူးတသည် တစ်ရွာသူ ဖြစ်သော ဆွေကျင်းကို မျက်စိကျခြင်းက စလေသည်။

ဂူးတက တစ်ဖက်သတ် စွဲလမ်းချစ်ကြိုက်နေရသော ဆွေကျင်းကို ကိုယ်တိုင်တွေ့ဖို့ ကြိုးစားလာလေသည်။

ထို့ကြောင့်...

ဂူးတသည် သူ၏နောက်လိုက် အဖွဲ့သားများနှင့် တောင်အောက်ရွာသို့ မြင်းကိုယ်စီဖြင့် စိုင်းနှင်လာကြသည်။

နေဝင်သွားပြီမို့ နေပူရှိန်က သိသိသာသာကြီး လျော့ပါးသွားချေပြီ။

ရွာစွန်ကန်ကြီးနှင့် မလှမ်းမကမ်းရှိ သစ်ပင်ကြီးတစ်ပင်အောက်၌ ဂူးတတို့အဖွဲ့သား ခြောက်ယောက်တို့ စုစုစည်းစည်း ရပ်မိလိုက်ကြလေသည်။

ဤတွင် ဂူးတက သူ့အဖွဲ့သားများထံ အကြည့်ရောက်သွားပြီး...



"ကဲ မင်းတို့ သည်မှာ စောင့်နေကြ၊ ငါ ကန်ကြီးဘက်သွားပြီး အခြေအနေ အကဲခတ်လိုက်ဦးမယ်၊ တကယ်လို့ ကံကောင်းထောက်မပြီး ဆွေကျင်းတစ်ယောက်တည်း ကန်ကြီးကို ရေခပ်ဆင်းလာရင်တော့ ငါရင်ဖွင့်ပြလိုက်မယ်"

ထိုသို့ ပြောလာတော့ သူ့အဖွဲ့သားတစ်ယောက်က စိုးရိမ်မကင်းသော လေသံဖြင့်...

"ဆရာလေး တစ်ယောက်တည်းသွားလို့ ဖြစ်ပါ့မလား"

ဟု မေးလိုက်၏။

ထိုအခါ...

ဂူးတက ဟက်ခနဲ ရယ်မောလိုက်ကာ...

"သည်လောက်လဲ ပူပင်မနေပါနဲ့၊ သည်ကနေပဲ အခြေအနေ လှမ်းကြည့်နေပေါ့"

"ဟုတ်ကဲ့ ဆရာလေး"

ဟုဆိုကာ သူ၏အဖွဲ့သားများ ပြိုင်တူ ခေါင်းညိတ်လိုက်ကြလေသည်။

ဂူးတက သူ၏စီးတော်မြင်းကို သူ့အဖွဲ့သားများထံ ထားရစ်ခဲ့ပြီး လူသွားလမ်းကျဉ်းလေးအတိုင်း သူခပ်သွက်သွက် လျှောက်သွားလေသည်။

ချုံတန်းကို ဖြတ်ကျော်ပြီးနောက် လယ်မြေကွက်ကျယ်ကို

သူ့သွက်လက်လျင်မြန်သော ခြေလှမ်းများဖြင့် ဖြတ်သန်းလိုက်ရာ ကွမ်းတစ်ယာညက်ခန့် အကြာတွင် တောင်အောက်စွန်း ကန်ကြီး အနားသို့ ရောက်ရှိလာလေသည်။

ကျယ်ဝန်းသော ကန်ပေါင်ပတ်လည်တွင် အရိပ်ရသစ်ပင်များ စိုက်ထားသဖြင့် ကန်ကြီးမှာ စိမ်းစိမ်းစိုစို သာယာစွာ ရှိနေလေသည်။

ထိုကန်ကြီးဆီသို့ ရောက်သောအခါ တောင်အောက်ရွာမှ လုံမပျိုများ၊ ရေခပ်ဆင်းလာခြင်း မရှိသေးသဖြင့် ကန်ပေါင်ပေါ်တွင် လူသူကင်းရှင်းနေလျက် ရှိပါလေသည်။

ထို့ကြောင့်...

ဂူးတမှာ ကန်ပေါင်ပေါ် မတက်ဘဲ ကန်ဘောင်အောက်ခြေရှိ မြက်ခင်းထဲတွင် ထိုင်လိုက်သည်။

သူ၏အကြည့်များက တောင်အောက်ရွာသူတို့ ရေခပ်ဆင်းလာမည့်လမ်းကို ရောက်ရှိနေလေသည်။

ဝန်းကျင်တစ်ခုလုံးမှာ ကျေးငှက်သာရကာလေးများ အော်သံမှ လွဲ၍ ဆိတ်ငြိမ်လျက် ရှိနေလေသည်။

သူထိုင်၍ ကြည့်နေစဉ် အခိုက်မှာပင် ရေခပ်လမ်းမှ အမျိုးသမီးနှစ်ယောက် ရေအိုးကိုယ်စီပိုက်လျက် စကားဖောင်ဖွဲ့ကာ ကန်ပေါင်ဆီသို့ တရွေ့ရွေ့ လျှောက်လှမ်းလာသည်ကို မြင်တွေ့လိုက်ရလေသည်။



"ဟာ ဆွေကျင်းလဲ ပါလာတယ်၊ ဒုက္ခပဲ၊ ကျန်တစ်ယောက်ကို ဘယ်လိုပထုတ်ရမလဲ"

မမျှော်လင့်ဘဲ ရေခပ်လာသူ မိန်းမပျိုနှစ်ယောက်တို့ အထဲမှ သူ့ရင်ထဲက မျှော်လင့်တောင့်တနေမိသော ဖက်ဖူးရောင်ဝတ်စုံဖြင့် ဆွေကျင်းကို ရုတ်တရက် မြင်တွေ့လိုက်ရသဖြင့် သူ့စိတ်ထဲမှာ ပျော်သွား၏။

ဆွေကျင်းနှင့် အခြားမိန်းမပျိုလေးတစ်ယောက် ယှဉ်တွဲပါလာသဖြင့် သူရင်ဖွင့်စကား ပြောဆိုရန်အတွက် အခက်တွေ့နေရလေသည်။

အတူပါလာသော မိန်းကလေးကို သူ မည်သို့ ပထုတ်ရမည် မသိ ဖြစ်နေ၏။

ထိုအချိန်မှာပင် ဆွေကျင်းတို့ ကန်ပေါင်ပေါ်သို့ ရောက်ရှိလာလေသည်။

ထိုအခါ...

ဂူးတမှာ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်ပြီးနောက် ဆွေကျင်းတို့ ကန်ပေါင်ပေါ် တက်ရောက်သော လှေကားထစ်အနားကို ပတ်၍ လျှောက်လာခဲ့လေသည်။

သူလှေကားထစ်များကို နင်းကျော်ဖြတ်သန်းရင်း ကန်ပေါင်

ပေါ်သို့ တက်ရောက်လိုက်လေသည်။

ကန်ပေါင်ပေါ် ရောက်တော့ ကန်စပ်တံတားထိပ်တွင် ရပ်စောင့်နေသော ဆွေကျင်းကို သူလှမ်းမြင် တွေ့လိုက်ရလေသည်။

ကျန်တစ်ယောက်မှာမူ ဝါးလှေကားထိပ်ဖျားတွင် ဆောင့်ကြောင့်ထိုင်လျက် ရေအိုးကို နှစ်ကာ ရေခပ်နေလေသည်။

"ဖပ်..ဖပ်"

ခြေသံကြားလိုက်ရ၍ ဆွေကျင်းနောက်သို့ ဖျတ်ခနဲ ကြည့်မိလိုက်ရာ လုံးဝမမျှော်လင့်နိုင်သော လူတစ်ယောက်ကို လှမ်းမြင်တွေ့လိုက်ရသောကြောင့် အံ့ဩထိတ်လန့်သွားကာ...

"ဟင် ရှင်..ရှင် ဘာလုပ်တာလဲ"

ဤတွင် ဂူးတက အပြုံးယဲ့ယဲ့ ပြုံးလိုက်ပြီး...

"ဆွေကျင်း၊ မင်း..မင်းကို ကျုပ်ပြောစရာ စကားတစ်ခွန်းရှိလို့ပါ"

ထိုအခါ ဆွေကျင်း၏မျက်နှာလေးပေါ်ဝယ် ဒေါသရောင်လွှမ်းခြုံသွားရကာ...

"ရှင့်ကို ဟိုတစ်ခေါက်က ကျွန်မပြောပြီးပြီပဲ၊ ဘာပြောစရာလိုတော့လို့လဲ"

"သည်လိုတော့ စိမ်းစိမ်းကားကား မပြောပါနဲ့ ဆွေကျင်းရယ်၊ ကျွန်တော့်ရဲ့ သံယောဇဉ် တရားကို အသိအမှတ်ပြုပါဦး"



"အို ရှင့်ကို ကျွန်မ စကားအကုန် ပြောပြီးပြီပဲ၊ ကျွန်မ သည်စိတ်မကူးသေးဘူးလို့"

ထိုအချိန်တွင် ရေခပ်နေသော အမျိုးသမီးက ရေအိုးကို ရေဖြည့်ပြီး ကန်ပေါင်ပေါ်သို့ တက်လာလေသည်။

"ဆွေကျင်း ပြန်ကြမယ်ဟေ့"

ထိုသို့ အမျိုးသမီးက ပြန်၍ ပြောတော့ ဆွေကျင်းလည်း ရေမခပ်တော့ဘဲ ဂူးတကို ကျေ့ပတ်၍ ကျော်တက်ရန် ဟန်ပြင်လိုက်၏။

"နေ..နေပါဦး ဆွေကျင်း၊ ကျွန်တော် ပျားစွဲတောင်ရွာ အဝေးကတောင် လာရတာပါ၊ ကြုံတုန်း ကျွန်တော့်စကားလေးတွေ နားထောင်စဉ်းစားပေးပါလား၊ ကဲ ခင်ဗျားပြန်တော့"

ဂူးတက ဆွေကျင်း၏သွားလမ်းကို ပိတ်ကာ ပြောဆိုလိုက်ပြီးနောက် ကျန်မိန်းကလေးတစ်ဦးဘက်သို့ ခေါင်းလှည့်ကာ ပြန်ခိုင်းလိုက်လေသည်။

အခြေအနေ မဟန်မှန်းသိ၍ ကျန်မိန်းကလေးမှာ ဆွေကျင်းကို ထားရစ်ခဲ့ပြီး ကန်ပေါင်ပေါ်မှ ခပ်သုတ်သုတ် ဆင်းသွားလေသည်။

ထိုအခါ...

ဆွေကျင်းက သူမအား ဟန့်တားနေသော ဂူးတအား ခံ

ပြင်းစွာ ကြည့်ရင်း...

"ရှင် ကျွန်မကို လမ်းဖယ်ပေးပါ"

"ခဏလေး နေပါဦး ဆွေကျင်းရယ်၊ ကျွန်တော့်ကို ဘာလို့ မေတ္တာမမျှနိုင်တာလဲ"

ဟု ပြောလာ၏။

ဆွေကျင်းက အံတစ်ချက် ကြိတ်လိုက်ပြီး...

"ရှင် သိပ်သိချင်သလား"

"သိချင်တာပေါ့ ဆွေကျင်းရဲ့"

"ကျွန်မ ရှင့်ကို မေတ္တာမမျှနိုင်လို့ပေါ့"

"တစ်ရွာနဲ့တစ်ရွာ မတည့်ကြတဲ့ အာဃာတကို ကျွန်တော်တို့ရဲ့ အချစ်ရေးမှ မပတ်သက်စေချင်ပါဘူး"

ဆွေကျင်းက ဟက်ခနဲ ရယ်မောလိုက်ပြီး...

"ဟင်း..ဟင်း၊ ဒါနဲ့မဆိုင်ပါဘူး၊ ရှင့်ကို ကျွန်မမှ မေတ္တာမမျှနိုင်တာဘဲ၊ ကဲ ရှင်ပြန်ပါတော့"

"မပြန်နိုင်ဘူးဗျာ၊ ခင်ဗျားရဲ့ စိတ်ရင်းအမှန်ကို ကျုပ်သိချင်တယ်"

"ရှင် တယ်ခက်တဲ့ လူပါလား၊ စောစောက ကျွန်မပြောတာကို ရှင်သဘောမပေါက်ဘူးလား"

ထိုစကားကြောင့် ဂူးတ၏မျက်နှာတစ်ချက် ညှိုးငယ်သွားရ



သလို သူ့ရင်ထဲ၌လည်း ခံပြင်းစိတ် ထောင်းခနဲ ထွက်ပေါ်လာရပြီး...

"ဘာလို့ ကျုပ်ကို သည်လောက်တောင် သစ်စိမ်းချိုး ချိုးနေရတာလဲ၊ တစ်ရွာနဲ့တစ်ရွာ မတည့်တဲ့ အစွဲအလမ်းကို ခင်ဗျားရင်ထဲက ဖယ်ထုတ်လိုက်စမ်းပါ"

ထိုအချိန်တွင် ရေခပ်လမ်းအတိုင်း တောင်အောက်ရွာသားလေးငါးယောက် ဆောင်ဓားကိုယ်စီ အသင့်ကိုင်ဆောင်လျက် ရေကန်ကြီးဆီသို့ ပြေးလွှားလာကြလေသည်။

ယင်းအခြေအနေကို ရေခပ်လမ်းသို့ မျက်နှာမူနေသော ဆွေကျင်းက လှမ်းမြင်တွေ့လိုက်ရ၏။

ကျောခိုင်းနေသော ဂူးတမှာမူ သတိမမူမိနိုင်ချေ။

ဆွေကျင်းမှာ သူမအတွက်ကြောင့် ဤကန်ဘောင်ပေါ်တွင် တစ်ရွာသားနှင့်တစ်ရွာသား အချင်း မဖြစ်ပွားစေလိုသော ဆန္ဒဖြင့် ဂူးတထံ လှမ်းအသိပေးလိုက်လေသည်။

"ရှင် သည်နေရာက ပြေးပေတော့၊ ကျွန်မတို့ ရွာသားတွေ လာနေကြပြီ"

ယင်းသို့ ပြောလိုက်တော့ ဂူးတမှာ နောက်ဘက်သို့ ချာခနဲ လှည့်ကြည့်မိလိုက်လေသည်။

"ဟိတ် ပျားစွဲတောင်ရွာကကောင် ထွက်မပြေးနဲ့"

တောင်အောက်ရွာသားတစ်ဦးက ဂူးတထံ လက်ညှိုးထိုးညွှန်

ရင်း လှမ်း၍ အော်ဟစ်အမိန့်ပေးလာလေသည်။

ထိုစကားကြောင့် မြို့အနောက်တောင်ဘက် တစ်ရွာကို အုပ်ချုပ်ရသော ဂူးတမှာ မခံမရပ်နိုင် ဖြစ်သွားရပြီး ရင်ဆိုင်ရန် အတွက် သူ့ဓားအိမ်ထဲမှ ဆောင်ဓားကို ရှပ်ခနဲ ဆွဲထုတ်လိုက်သည်။

သိပ်မကြာပါချေ။

ကုန်ပေါင်ပေါ်သို့ ဆောင်ဓားကိုယ်စီ အသင့်ကိုင်ဆောင်ထားကြသော တောင်အောက်ရွာသားငါးဦးတို့ ရောက်ရှိလာပြီး ဂူးတကို ဝိုင်းရံလိုက်ကြလေသည်။

ထိုအခါ...

တောင်အောက်ရွာသားက ဂူးတထံ စူးစိုက်ကြည့်ရင်း...

"ဘယ်သူများလဲလို့ လက်စသတ်တော့ မင်းကိုး၊ မင်းက ကျုပ်တို့ ရွာအထိတောင် အတင့်ရဲစော်ကားဝံ့လှချည်လား"

ဂူးတက ခပ်တည်တည်ဖြင့်...

"ကျုပ်စော်ကားတာ မဟုတ်ဘူး၊ ဆွေကျင်းနဲ့ စကားလာပြောတာ"

ထိုစဉ် ရွာသားတစ်ယောက်က...

"မင်း သူတို့ ရေခပ်တဲ့ အချိန်ကို လာစောင့်ပြီး နှောင့်ယှက်နေတာ ငါတို့ကို ဆွေကျင်းနဲ့အတူ ရေခပ်တဲ့ မိန်းကလေးက အကြောင်းစုံ ပြောပြထားပြီးပြီ"



ထိုစဉ်...

အရပ်ရှည်ရှည်နှင့်ရွာသား နောက်တစ်ယောက်က ဂူးတထံ စူးစိုက်ကြည့်ရင်း...

"ဘာလဲ ဂူးတ၊ မင်းမှာ အာဏာလက်ကိုင် ရှိတယ်ဆိုပြီး တို့တောင်အောက်ရွာကို ဗြောင်ကျကျ လာစော်ကားတာပေါ့ ဟုတ်လား"

အရပ်ပုပုနှင့် ရွာသားက စိတ်မရှည်နိုင်သော လေသံဖြင့် ပြောလာ၏။

"စကားကြော ရှည်မနေကြနဲ့တော့ဗျာ၊ ကျုပ်တို့ရွာက မိန်းကလေးကို ကျုပ်တို့ရွာ မျက်နှာဝမှ မထောက်ဘဲ ကျူးကျော်စော်ကားတဲ့လူကို ကျောင်းမှန်း ကန်မှန်း သိအောင် ဆုံးမရမယ်"

အရပ်ရှည်ရှည်ရွာသားက ခေါင်းညိတ်ထောက်ခံလိုက်လေ၏။

"ဟုတ်တယ်၊ ပြောနေတာ ကြာတယ်ကွာ"

ဟုဆို၍ သူ၏ဓားဖြင့် ဂူးတ၏ဘယ်ဘက် ရင်အုံဆီသို့ ရှေ့တစ်လှမ်းတိုး၍ လှမ်းခုတ်ပိုင်းလိုက်လေသည်။

"ယား"

"ဒိုး"

"ဝှစ်"

"ထန်"

ဂူးတက သူ့ဘယ်ဘက် ရင်အုံဆီသို့ ခုတ်ပိုင်းလာသော ဓားချက်ကို သူ၏ဓားဖြင့် ခုခံခတ်ထုတ်လိုက်လေသည်။

ဆွေကျင်းမှာ ကြောက်ရွံ့တုန်လှုပ်ကာ ကန်ပေါင်မှ ရေအိုးပိုက်၍ ဆင်းပြေးသွားလေသည်။

ကန်ပေါင်အောက်ဘက်တွင် စောစောက သူမနှင့် ရေအတူလာခပ်သော မိန်းကလေး ရှိနေလေသည်။

သူမသည် ထိုမိန်းကလေး အနားသို့ သွားလိုက်လေသည်။

ထိုအချိန်တွင် ကျန်ရွာသားလေးယောက်တို့သည်လည်း ဂူးတထံ တစ်ပြိုင်နက်တည်း ဝိုင်းရံတိုက်ခိုက်လာလေသည်။

ဂူးတမှာ သူ့ထံသို့ ဝိုင်းရံတိုက်ခိုက်လာသော ဓားချက်များကို ချားရဟတ်လည်ပတ်သလို ခုခံကာကွယ်လိုက်လေသည်။

အခြေအနေ ကြည့်ရသည်မှာ ဂူးတ၏သိုင်းပညာ အဆင့်အတန်းမှာ မခေလှချေ။

ထို့အတူပင် သူ့အား ဝိုင်းရံတိုက်ခိုက်လျက် ရှိသော ရွာသားငါးဦးတို့မှာလည်း သိုင်းပညာ တတ်မြောက်သူများ ဖြစ်ကြလေသည်။

သို့နှင့် ဂူးတနှင့် တောင်အောက်ရွာသားငါးယောက် ယှဉ်ပြိုင်တိုက်ခိုက်လာရာ ဓားကွက်နှစ်ဆယ်သို့ပင် ရောက်ရှိလာလေ



သည်။ ထိုအချိန်တွင် ဂူးတ၏ဓားချက်ကြောင့် ရွာသားနှစ်ဦးတို့ ဘယ်လက်မောင်းတို့တွင် ဓားချက်ထိရှမိသွားလေသည်။

သို့သော်...

ဓားချက်က မပြင်းထန်သဖြင့် သူတို့၏ဓားဒဏ်ရာများကို သူတို့၏အင်္ကျီလက်မောင်းစများအား ဆွဲဆုတ်၍ ပတ်ချည်ကာ ဂူးတကို ဆက်လက်တိုက်ခိုက်လိုက်လေ၏။

ထိုအခိုက်မှာပင် တောင်အောက်ရွာသားများ ဗြသံပေးကာ ကန်ပေါင်ဆီသို့ အပြေးအလွှား ရောက်ရှိလာကြလေသည်။

ယင်းအခြေအနေကို ဂူးတက လှမ်းမြင်တွေ့ရသည့်အတွက် နောက်ထပ် ရောက်လာကြသည့် တောင်အောက်ရွာသားများနှင့်ပါ သူတစ်ယောက်တည်း အမိုက်ခံ၍ ခုခံတိုက်ခိုက်နေလျှင် မကြာခင်အချိန်ပိုင်းမှာပင် ရွာသားများ၏လက်ချက်ကြောင့် သူအသက်ပျောက်ရချေတော့မည်။

ထို့ကြောင့်...

ဂူးတမှာ နောက်ထပ် လူများ ကန်ပေါင်ပေါ်သို့ ရောက်မလာခင် ရွာသားငါးယောက်တို့၏ ဝိုင်းရံတိုက်ခိုက်မှုကို ထိုးဖောက်ထွင်း၍ ကန်ပေါင်ပေါ်မှ ပြေးလွှားထွက်ပြေးသွားလေသည်။

◆ ◆ ◆

ထိုအခါ ရွာသားများလည်း ထွက်ပြေးလွတ်မြောက်သွားသော ဝူးတနောက် ထပ်ကြပ်မကွာ လိုက်ပါလာကြလေသည်။

သို့နှင့် ဝူးတသည် ထိုလယ်မြေကွက်ကို ကျော်ဖြတ်ပြေးလွှားစဉ် ချုံတောတန်းထဲမှ သူ၏အဖွဲ့သားများ၊ မြင်းကိုယ်စီနှင့်လျက် ထွက်ပေါ်လာပြီး လယ်မြေဆီသို့ ချဉ်းနင်းဝင်ရောက်လာလေသည်။

သိပ်မကြာလိုက်ပါချေ။

ထိုလယ်ကွင်းပြင်ကျယ်ကြီးထဲ၌ ဝူးတ၏အဖွဲ့နှင့် တောင်အောက်ရွာသားတို့ ရင်ဆိုင်တွေ့ဆုံကာ တိုက်ပွဲအပြင်းအထန် ဖြစ်ကြရလေတော့သည်။

ဆိတ်ငြိမ်နေသော လယ်ကွင်းပြင်ကြီးမှာ ဓားရောင်တဝင်းဝင်း၊ လူတွေ ရှုပ်ရှုပ်ထွေးထွေး အော်ဟစ်သံ၊ ဆူညံသံ တထန်ထန်ဖြင့် ငရဲတမျှ ဆူညံပွက်လောရိုက်လျက် ရှိနေပေတော့သည်။

"ယား"

"ထန်...ထန်"

"ဟေ့ မင်းတို့တွေ ရပ်လိုက်ကြစမ်း"

အတွင်းအားပါသော အသံကြောင့် ယှဉ်ပြိုင်တိုက်ခိုက်နေကြသော အဖွဲ့နှစ်ဖွဲ့စလုံး ရုတ်ခြည်း ရပ်ဆိုင်းသွားကြလေတော့သည်။



"ဟူး...ဟူး"

အဘိုးအိုတစ်ယောက်သည် ယှဉ်ပြိုင်တိုက်ခိုက်နေကြသော အုပ်စုနှစ်စုကြားသို့ ဟူးခနဲ ရောက်ရှိလာလေသည်။

ထိုအဘိုးအိုမှာ လေခွင်းဓားကျန်းရှီ၏ညီ ကျန်းလီ ဖြစ်လေသည်။

အဆင့်မြင့်မားသော ကျန်းလီ၏ကိုယ်ဖော့ပညာကို လှမ်းမြင်တွေ့လိုက်ရသူများ အံ့အားသင့်ကုန်ကြ၏။

ကျန်းလီသည် စူးရှသော မျက်လုံးအစုံဖြင့် ဝူးတကို ကြည့်ကာ...

"ဝူးတ၊ တောင်အောက်ရွာကနက်ကို ဘာလာလုပ်တာလဲ"

ဟု မေးလာတော့ ဝူးတက ကျန်းလီထံ ရိုကျိုးစွာ ကြည့်၍ ဂါရဝပြုလိုက်ပြီးနောက်...

"အဘိုး ကျွန်တော် အမှန်အတိုင်း ဝန်ခံပြောရရင် သည်ရွာမှာ ဆွေကျင်းကို ချစ်ခွင့်လာပန်တာပါ"

ဟု ပြောလိုက်၏။

အဘိုးအိုကျန်းလီက ယဲ့ယဲ့ပြုံးကာ...

"သြော် ငါလဲ ငယ်ရာက ကြီးပြင်းလာတဲ့ လူပါပဲ၊ လူငယ်တွေရဲ့ သဘာဝကို ငါသဘောပေါက် နားလည်ပါတယ်၊ ဒါပေမယ့် မင်းတစ်ခု ဂရုမမူလိုက်မိတဲ့ အချက်တစ်ချက်ကြောင့် အခုလို တစ်

ရွာနဲ့တစ်ရွာ မဖြစ်သင့်တာတွေ ဖြစ်လာခဲ့ရတာပဲ"

ယင်းစကားကြောင့် ဂူးတ မျက်မှောင်ကြုတ်သွားရပြီး...

"အဘိုး ကျွန်တော် ဘာတစ်ခု ဂရုမမူမိလိုက်လို့လဲ"

ဟု မေးလိုက်၏။

အဘိုးအိုကျန်းလီက ရယ်မောလိုက်ပြီး...

"အေး မင်းတစ်ခုသတိမမူမိတာ ငါပြောပြမယ်၊ ရှေးအစဉ်အဆက်ကတည်းက တောင်အောက်ရွာနဲ့ ပျားစွဲတောင်ရွာတို့ မတည့်ခဲ့ကြတာ အခုထက်ထိပဲဆိုတာကို မင်းလျစ်လျူရှုလိုက်တာပဲ၊ တကယ်လို့ကွာ တောင်အောက်ရွာက လူပျိုတစ်ယောက်က ပျားစွဲတောင်က အပျိုတစ်ယောက်ကို မင်းလိုပဲ ပိုင်နက်ကျူးကျော်လာပြီး ချိန်းတွေ့တယ်ဆိုရင် မင်းလဲ မြို့အနောက်တောင်ဘက် အုပ်ချုပ်ရတဲ့သူပဲ၊ ကဲ ဘယ်လိုဆုံးဖြတ်ရင်ဆိုင်မလဲ၊ မင်းတစ်ယောက်ထဲသဘောကို ပြောတာမဟုတ်ဘူး၊ ပျားစွဲတောင် ရွာတစ်ရွာလုံးရဲ့ သဘောထားကို ခြုံငုံဆုံးဖြတ်ရမှာနော်"

ယင်းအမေးကြောင့် ဂူးတတို့လူတစ်စုလုံး မျက်နှာပျက်သွားကြသည်။

"မဟုတ်ရင် သည်ရွာနှစ်ရွာဟာ အမုန်းတွေ၊ အငြိုးတွေဖွဲ့လို့ ဆုံးမှာ မဟုတ်တော့ဘူး၊ ငါဖြစ်ချင်တာက လူကြီးမိဘများဆိုင်ရာရှေ့မှာ ဆွေကျင်းရဲ့သဘောထားကို ထုတ်ဖော်မေးမြန်းသင့်တယ်၊ အခုလို မင်းခိုးကြောင်ခိုးဖွက်၊ ဒါမှမဟုတ် ဖြောင်ကျကျ လာတွေ့မယ်ဆိုရင် ပြဿနာဟာ တက်နေမှာပဲ၊ နောက်ဆုံးရလဒ်ဟာ လူ့အသက်တွေ အကျိုးမဲ့ဆုံးရှုံးတာပဲ ရှိတယ်"

အဘိုးအိုကျန်းလီက ရှည်လျားစွာ ရှင်းပြလိုက်သောအခါ ဂူးတ သဘောပေါက် နားလည်သွားရပြီး ခေါင်းတစ်ချက် လေးတွဲ့စွာ ညိတ်လိုက်လေသည်။

ဂူးတမှာ သူ့အမှားကို ဝန်ခံပြီး သူ့အဖွဲ့သားများကို ဦးဆောင်၍ လယ်ကွင်းထဲမှ စိုင်းနှင်ထွက်ခွာသွားလေသည်။

ထိုအခါ...

အဘိုးအိုကျန်းလီသည်လည်း တောင်အောက်ရွာသားများကို ဦးဆောင်၍ ရွာဘက်ဆီသို့ ဇရွေ့ရွေ့ လျှောက်လှမ်းလာကြသည်။

နောက်ပိုင်းတွင် ဂူးတမှာ တစ်မျိုး ကြံဖန်လာလေသည်။

အဘိုးအိုကျန်းလီ ပြောဆိုခဲ့သည့် စကားလမ်းကြောင်းကို နင်း၍ ရွာနှစ်ရွာ ပြေလည်ရေးအကြောင်းပြကာ လူကြီးချင်း နားဖောက်လေသည်။

ထိုအခါ တောင်အောက်ရွာမှ ဆွေကျင်း၏မိဘများသည်လည်း ဆွေကျင်း၏သဘောဟု တုံ့ပြန်စကားဆိုလာလေသည်။

သို့နှင့် ရွာနှစ်ရွာရှိ လူကြီးများနှင့် နှစ်ဖက်မိဘဆုံရာ ရှေ့

တွင် ဆွေကျင်း၏သဘောထားကို မေးမြန်းကြလေသည်။

ထိုစဉ်...

ဆွေကျင်းက ခေါင်းခါယမ်းရင်း နိုင်မာစွာ ငြင်းဆိုလာလေသည်။

ထိုအခါကျမှ တောင်အောက်ရွာနှင့် ပျားစွဲတောင်ရွာ နှစ်ရွာတို့၏ဆက်ဆံရေး အခြေအနေက ပိုမိုဆိုးရွားလာရသည်။

ဤတွင် တောင်အောက်ရွာသား ဘီလူးဖြူနှင့် ဘီလူးမည်းက ရွာလုံခြုံရေးအတွက် လှူစုသည်။

ပြီးလျှင် ပျားစွဲတောင်ရွာရှိ ဂူးတတို့ကလည်း တောင်အောက်ရွာသို့ မပြတ်ခြိမ်းခြောက်ခြင်း ပြုလေသည်။

ဂူးတတို့အဖွဲ့မှာ ဖွတ်တရွတ်ဘော့ မလုပ်ရဲကြ။

ယင်းသို့ ရွာနှစ်ရွာတို့၏ အခြေအနေ တင်းမာဆိုးဝါးလာသောကြောင့် တောင်အောက်ရွာမှ လူကြီးများမှာ ဆွေကျင်းကို ရွာတွင် မထားဘဲ မြို့ပို့ထားရန် ဆုံးဖြတ်စီစဉ်ကြလေသည်။

ထိုအစီအစဉ်ကို ချက်ချင်းပင် အကောင်အထည် ဖော်ကြလေသည်။

သို့ဖြင့် ချောင်းသာရွာသို့ နာရေးကိစ္စဖြင့် ရောက်ရှိနေသော ဆန်ကြူးဝေမှာ ကိစ္စပြီး၍ တောင်အောက်ရွာမှ စတင်ထွက်ခွာလာရခရီးသည်တင် မြင်းရထား ရောက်အလာကို ချောင်းသာရွာမြင်းလှည်း



ဂိတ်မှ စောင့်ဆိုင်းနေသည်။

ပြောရမည်ဆိုလျှင် ချောင်းသာရွာသို့ ဆိုက်ရောက်လာသောအခါ မြင်းရထားက နေရာမရှိတော့။

သို့တစေ သူမကံကောင်းပါသည်။

တောင်အောက်ရွာမှ ဆွေမျိုးမကင်းသူတစ်စုက နေရာပေးသဖြင့် သူမကျပ်ကျပ်တည်းတည်း နေရာတစ်နေရာ ရခဲ့လေသည်။

သူမ ရထားပေါ်ကျမှ တောင်အောက်ရွာမှ လိုက်ပါလာသော ဆွေကျင်းနှင့် ဆုံစည်းမိလေသည်။

အလျင်ဆုံး တွေ့မြင်သူက မြင်းရထားအတွင်း ထိုင်ခုံတွင် နေရာယူ ထိုင်နေသော ဆွေကျင်းက အစ်မတော်စပ်သူ ဆန်ကြူးဝေကို လှမ်းမြင်တွေ့လိုက်ရသဖြင့် ဝမ်းသာစွာဖြင့်...

"ဟယ် အစ်မကြူးဝေ"

"ဟင် ညီမလေးဆွေကျင်း...ဆွေကျင်းပါလား၊ ဘယ်သွားမလို့လဲ"

"အစ်မတို့မြို့လေ"

"ဟုတ်လား၊ ဒါဆို အစ်မတို့အိမ်မှာတည်းပေါ့"

ဆွေကျင်းက အပြုံးယဲ့ယဲ့ဖြင့်...

"အခု ညီမလေး တည်းမယ့်အိမ်နဲ့ အစ်မတို့အိမ်က ဝေးတာမှတ်လို့"

"ညီမလေးက ဘယ်သူ့အိမ်ကို ပြောတာလဲ"

"မမပေ့နန်း အိမ်လေ"

သည့်နောက်တော့ စကားကြောပြတ်တောက်သွားလေသည်။

သို့နှင့် မြင်းရထားကြီးသည် တောင်သုံးလုံးကြားဝယ် မြွေတစ်ကောင်ပမာ တွန့်လိမ်သွားနေသော တောင်ကြားလမ်းသို့ ရောက်ရှိလာလေသည်။

ယင်းနေရာကို တောင်သုံးလုံးကွေ့ဟု အမည်တွင်လျက်ရှိလေသည်။

◆ ◆ ◆

## ကယ်တင်ရှင်

"ခွပ်…ခွပ်…ခွပ်…ခွပ်"

အနောက်ဘက်မှ အပြင်းဒုန်းစိုင်းနှင်လာကြသော မြင်းခွာသံများကို မြင်းရထားတစ်စီးလုံးရှိ ခရီးသည်အားလုံး ရုတ်တရက်ကြားလိုက်ရသည်။

ရထားထိန်းပင် နောက်ဘက်မှ ပုံ့လွင့်လာသော မြင်းခွာသံများကို ကြားလိုက်ရသဖြင့် နောက်ဘက်သို့ ခေါင်းလှည့်ကြည့်မိလိုက်လေသည်။

"ဟင် မြင်းစီးသမားတစ်စုပါလား၊ ဘယ်ကို တစ်စုတစ်ဝေး ခရီးနှင်မလို့လဲ မသိဘူး"

ရထားထိန်းက တွေးတောရေရွတ်မိပြီး သူနှင့် မဆိုင်သော ကိစ္စမို့ ရှေ့သို့ ခေါင်းပြန်လှည့်ကာ သူ့မြင်းလေးကောင်ကိုသာ အာရုံစိုက်၍ မောင်းနှင်နေလေသည်။

သိပ်မကြာလိုက်ပါချေ။

နောက်မှ ဒုန်းစိုင်းနှင်လာကြသော မြင်းစီးသမားတစ်သိုက်တို့ မြင်းရထားကို မီလာတော့သည်။

"ခွပ်...ခွပ်...ခွပ်...ခွပ်"

ထိုအခါ တောင်ကြားလမ်း၌ မြင်းခွာသံများ ပွဲတင်ထပ်ကာ ဆူညံဝေစီသွားရလေသည်။

ယင်းမြင်းစီးသမားတစ်သိုက်တို့သည် မြင်းရထားကို ဖြတ်ကျော်တက်သွားပြီးနောက် အရှိန်မပြတ် စိုင်းနှင်လျက် ရှိသော မြင်းရထား၏မြင်းဖက်ကြိုးကို သပ်ကာ ရုတ်တရက် မြင်းရထားကို ရပ်နိုင်းစေသည်။

ထိုအခါ ရထားအတွင်းမှ လိုက်ပါလာကြသော ခရီးသည်အားလုံးတို့ ရုတ်တရက် လှုပ်လှုပ်ရှားရှား ဖြစ်လာပြီး စကားသံများထွက်ပေါ်လာလေသည်။

အဘယ်ကြောင့် ရထားထိန်းမှာ သူ၏မြင်းရထားကြီးကို စိုင်းနှင်နေရာမှ ရုတ်ခြည်းရပ်တန့်လိုက်ရပါသနည်း။

အကြောင်းမှာ ရထားထိန်းသည် သူ၏မြင်းရထား စိုင်းနှင်



စဉ် လမ်းရှေ့တွင် စောစောက စိုင်းနှင်၍ ဖြတ်ကျော်သွားကြသော မြင်းစီးသမားတစ်သိုက်က ဟန့်တားပိတ်ပင်လာကြသောကြောင့် ဖြစ်လေသည်။

စင်စစ်တော့ ထိုသို့ လမ်းပိတ်ဟန့်တားလာကြသော မြင်းစီးသမားတစ်သိုက်မှာ အခြားသူများ မဟုတ်ကြပါချေ။

ပျားစွဲတောင်ရွာမှ ဂူးတာ၏အဖွဲ့တို့ ဖြစ်လေသည်။

မှန်ပေသည်။

ဂူးတာနှင့် အဖွဲ့သားတို့မှာ အားလုံးလိုလိုပင် အရက်များမူးနေကြလေသည်။

တကယ်တော့ ဂူးတာတို့အဖွဲ့သည် ဆွေကျင်းကို ကျန်းစုမြို့သို့ ပို့မည့်အကြောင်း ကြားလိုက်သည်နှင့် တစ်ပြိုင်နက် မြင်းကိုယ်စီနှင်လျက် အခုလို အမီလိုက်လာခဲ့ခြင်း ဖြစ်လေသည်။

မြင်းရထားထိန်းသည် ဂူးတာ၏လုပ်ရပ်ကို မသိရှိရသဖြင့် မကျေမချမ်း လေသံဖြင့် လှမ်း၍ အော်ဟစ်မေးလိုက်ရာ...

"ဟေ့လူတွေ ဘာကြောင့် ကျုပ်ရထားကို ဟန့်တားနေရတာလဲ"

ဟု လှမ်းမေးလိုက်၏။

ဦးဆောင်ရပ်နေသော ဂူးတာက ရယ်သွမ်းသွေးလိုက်ကာ...

"ဒါ ခင်ဗျားနဲ့ဆိုင်တဲ့ကိစ္စ မဟုတ်ဘူး၊ ကျုပ် ခင်ဗျား ရထား

ပေါ်က လူတစ်ယောက်ကို ခေါ်ငင်ပြီးရင် ခင်ဗျားတို့ လိုရာခရီးကို သွားနိုင်ပါပြီ၊ ဟင်း..ဟင်း"

"ဟေ့ ကျောက်ကြီးနဲ့ ခေါင်းကြီး၊ သူ့ကို ဆွဲခေါ်ချပြီး ငါ့ဆီကို ခေါ်လာခဲ့ကြစမ်း"

"ဟုတ်ကဲ့"

ဟုဆိုကာ ကျောက်ကြီးနှင့် ခေါင်းကြီးက မြင်းရထား အနောက်ဘက်ဆီသို့ မြင်းကိုယ်စီ စိုင်းနှင်လျက် သွားလေ့သည်။

မြင်းရထားနောက်သို့ ရောက်သောအခါ ကျောက်ပေါက်မာ ဗရုပ္ပနှင့် ကျောက်ကြီးမှာ မြင်းပေါ်မှ အလျင် လွှားခနဲ ခုန်ဆင်းလိုက်သည်။

ပြီးနောက် သာမန်လူခေါင်းထက် နှစ်ဆမျှ ကြီးမားသော ခေါင်းကြီးဆိုသူလည်း မြင်းပေါ်မှ ခုန်ဆင်းလိုက်လေသည်။

ရထားပေါ် ရောက်တော့ သူတို့နှစ်ဦးသည် ဆွေကျင်းကို ရှာဖွေကြလေသည်။

ရထားအတွင်းပိုင်းတွင် ခပ်ကုပ်ကုပ် ထိုင်နေသော ဆွေကျင်းကို မြင်ရ၏။

သူတို့သည် ရထားအောက်သို့ ဆွေကျင်းကို အတင်းဆွဲခေါ်ချသွားသည်။

"ကျွန်မကို ကယ်ပါဦး၊ ကျွန်မကို ကယ်ကြပါဦးရှင်"



ထိုသို့ ဆွေကျင်းက ငိုယိုအကူအညီ တောင်းခံရင်းက ကျောက်ကြီးနှင့် ခေါင်းကြီးတို့၏ ဆွဲခေါ်မှုနောက်သို့ ပါသွားရလေသည်။

ထိုအချိန်တွင် ဂူးတသည် မြင်းရထားနောက်ဘက်ဆီသို့ မြင်းစီးနင်း၍ ရွေ့လျားရောက်ရှိလာလေသည်။

ကျောက်ကြီးနှင့် ခေါင်းကြီးတို့က ရုန်းကန်ငိုယိုလျက် ဒရွတ်တိုက်ပါလာသော ဆွေကျင်းကို ဂူးတထံ ဆွဲခေါ်သွားလေသည်။

"ဟင်း..ဟင်း ဆွေကျင်းရယ်၊ ကျုပ်နဲ့ ဝေးရာ ဘာကြောင့် ထွက်ပြေးချင်ရတာလဲ"

ဆွေကျင်းက အရက် အရှိန်အဝါကြောင့် နီမြန်းနေသော ဂူးတတံ ရွံ့မုန်းတီးစွာဖြင့် စိုက်ကြည့်ရင်း...

"အကြံပက်စက်တဲ့ လူယုတ်မာကြီး၊ မေတ္တာကို ဓားပြပြီး လုယက်လို့ရမယ် ထင်နေလား"

ဂူးတက ရယ်မောလိုက်ပြီး...

"ဆွေကျင်းရယ်၊ မင်းရဲ့မေတ္တာကို ဓားပြပြီး မလုယက်ပါဘူး၊ ကျုပ် မင်းနဲ့ ဝေးဝေးမခွဲနိုင်ဘူး"

ဟု ပြောကာ ဆွေကျင်း၏လက်တစ်ဖက်ကို ဆွဲယူလိုက်၏။

"ရှင်..ရှင် ကျွန်မလက်ကိုလွှတ်"

ထိုအခိုက်...

"ဟေ့…ဝူးတ၊ ကောင်မလေးကို လွှတ်လိုက်စမ်း"

စူးရှသော အသံတစ်ခု မမျှော်လင့်ဘဲ ထွက်ပေါ်လာလေ၏။

ထိုသို့ အော်ဟစ်အမိန့်ပေးလိုက်သော အသံရှင်မှာ ဆန်ကြူးဝေ ဖြစ်သည်။

ဝူးတသည် ဆွေကျင်း၏လက်ကို လွှတ်ပေးလိုက်ပြီး ဆန်ကြူးဝေကို မော့ကြည့်နေမိ၏။

ထိုအချိန်တွင် ဆန်ကြူးဝေ၏မျက်နှာမှာ ပကတိ တည်ကြည်လှ၏။

သူမ၏မျက်ဝန်းအစုံတို့မှာ သူမအစ်ကိုဖြစ်သူ ဓားနှစ်လက် ဆန်ကျူး၏မျက်ဝန်းအစုံနှင့် တူလှသည်ဟု ဝူးတ ထင်မိသည်။

ထိုအခါ သူ့မှာ အလိုလို ကြောက်စိတ်ဝင်ကာ ကျောချမ်းမိရသည်။

အံ့ဩစရာကောင်းလွန်းသည်က ဆန်ကျူး၏မျက်လုံးစုံသာမက သူ၏တစ်ကိုယ်လုံးသည်ပင် ဆန်ကြူးဝေရှေ့တွင် ပေါ်လာလိုက်၊ ပျောက်သွားလိုက် ရှိနေသည်ဟု ထင်မိသည်။

ထိုစဉ် ဆွေကျင်းသည် ဝူးတ လက်မှ လွှတ်သည်နှင့် တစ်ပြိုင်နက် မြင်းရထားပေါ်သို့ အပြေးအလွှား တက်ခဲ့သည်။

ယင်းသို့ မြင်းရထားပေါ် ရောက်သည်ဆိုလျှင်ပင် ဆန်ကြူး



ဝေက ရထားထိန်းကို လှမ်းအမိန့်ပေးလိုက်သည်။

"နှင်တော့လေ ဦးကြီး ဘာလုပ်နေတာလဲ"

ထိုအခါ ရထားထိန်းက သူ၏မြင်းလေးကောင်ကို ရိုက်နှက်မောင်းနှင်နေလေသည်။

သို့နှင့် မြင်းရထားကြီးမှာ ခပ်အေးအေး ထွက်ခဲ့ရလေသည်။

မြင်းရထားပေါ်မှ ခရီးသည်အားလုံး ထိုအခါမှ သက်ပြင်းချနိုင်ကြလေသည်။

သူတို့သည် ဆန်ကြူးဝေကို ကယ်တင်ရှင်အဖြစ် ကျေးဇူးတင်ကြသည်။

ထိုသတင်းသည် ထိုနေ့ညမှာပင် တစ်မြို့လုံးသို့ ပြန့်သွားသည်။

နယ်မြေသူ နယ်မြေသားများက ဆန်ကြူးဝေကို သူတို့၏ကယ်တင်ရှင် ဖြစ်သည်ဟု ချက်ချင်းပင် အသိအမှတ်ပြုကာ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲများအား အကူအညီ တောင်းခံကြလေတော့သည်။

◆ ◆ ◆

ဆန်ကြူးဝေအား ပထမဆုံး အကူအညီ တောင်းခံလာသူမှာ အရှေ့ရွာမှ အဘွားကြီးတစ်ယောက် ဖြစ်လေ၏။

ဆန်ကြူးဝေက...

"အဘွားမှာ ဘယ်လိုအခက်အခဲ ကြုံနေလို့လဲ"

အဘွားကြီးချန်းစုက...

"သမီးရယ် အဘွားရဲ့သား ရန်ကျိုးကို သခင်ကျင်စန်းရဲ့အဖွဲ့သားတွေက ဓားပြတိုက်မှုနဲ့ဆိုပြီး ဖမ်းသွားကြတယ်"

ယင်းစကားကြောင့် ဆန်ကြူးဝေက အဘွားကြီးချန်းစုထံ မျက်မှောင်ကြုတ်၍ စိုက်ကြည့်ရင်း...

"အဘွားရဲ့သားက ဓားပြတိုက်ခဲ့လား"

"သားလေးရန်ကျိုးဟာ အဲသလို စရိုက်ဆိုးမျိုး မရှိပါဘူးကွယ်၊ အဘွားတို့ဟာ သားကို ငယ်ငယ်လေးကတည်းက သွန်သင်ဆုံးမခဲ့ပါတယ်"

ထို့နောက်...

ဆန်ကြူးဝေက မိခင်နှင့် အဘွားကြီးချန်းစုကို နှုတ်ဆက်ပြီး အိမ်ထဲမှ ထွက်လာခဲ့၏။

သူမသည် ကျင်စန်း၏ဌာနချုပ်ရှိရာ မြို့စွန်သို့ သွားရန် ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်မိလေသည်။

မကြာပါချေ။



ဆန်ကြူးဝေသည် လမ်းမပေါ်သို့ ရောက်လာ၏။

ထိုစဉ်...

"ခွပ်..ခွပ်..ခွပ်"

အလိုက်သင့်စွာပင် မြင်းရထားလုံးတစ်စင်း သူမရှေ့ လမ်းကြောတစ်လျှောက်မှ မျက်နှာချင်းဆိုင် မောင်းနှင်လာသည်ကို တွေ့မြင်ရလေသည်။

ဆန်ကြူးဝေသည် ထိုမြင်းရထားလုံးကို ငှား၍ မြို့စွန်သို့ ထွက်လာခဲ့လေတော့သည်။

◆ ◆ ◆

## လှူသေကုန်း

လှူသေကုန်း...။

လှူသေကုန်းသည် မြို့စွန်တွင် ရှိသည်။

သို့သော်...

လှူသေကုန်းဆို၍ မြို့စွန်၌ ရှိသော လှူသေသင်္ချိုင်းကုန်းတစ်ခု မဟုတ်ပါ။

အပြစ်ရှိသော ရာဇဝတ်သားများအား သေမိန့်ချမှတ်၍ အာဏာပါးကွက်သားတို့ ကွပ်မျက်သည့် လှူသတ်ကုန်းလည်း မဟုတ်ပါချေ။

ဤသို့ဆိုလျှင် ကျန်းစုမြို့စွန်၌ ရှိသော လှူသေကုန်းဆိုသည်



မှာ မည်သို့သော လှူသေကုန်းမျိုးနည်း။

လှူသေကုန်းဆိုသည်မှာ မရဏခံတွင်းနှင့်တူသော မြို့စွန်တွင်ရှိသော ကျင်စန်း၏ခြံဝင်းကျယ်ကြီးကို ခေါ်ဝေါ်ခြင်း ဖြစ်၏။

အဘယ်အကြောင်းကြောင့် မြို့သူမြို့သားများက မြို့စွန်ရှိ သံမဏိလက်ဝါးကျင်စန်း၏ ခြံဝင်းကျယ်ကြီးကို မရဏခံတွင်းဟု သမုတ်ခေါ်ဝေါ်နေကြပါသနည်း။

ဤသည်မှာလည်း အကြောင်း ရှိပါသည်။

ယင်းအကြောင်း၏အစမှာ ကျင်စန်း၏ဌာနချုပ်မှာ မြို့စွန်တွင် တည်ဆောက်ထား၏။

သူ၏အဆောက်အအုံ တည်ရှိရာ ခြံဝင်းကျယ်ကြီးမှာ ခြံပတ်ပတ်လည်၌ ကြခတ်ဝါးချုံများကို တံတိုင်းသဖွယ် စိုက်ကာထားလေသည်။

ယင်းခြံကြီး၏ အနောက်ဘက်တွင် စိတ်ဝင်စားစရာကောင်းသည့် ကြောက်မက်ဖွယ်ရာကောင်းသည့် အရာတစ်ခု ရှိလေသည်။

ထိုအရာကို ကျန်းစုတစ်မြို့လုံးက စိတ်ဝင်စားကြသည်။

ထို့အပြင်...

ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

ယင်းအရာကား သခင်ကြီးကျင်စန်း၏ ခြံဝင်းကျယ်ကြီး အနောက်ဘက်ရှိ မရဏန္တံအိုင်ပင် ဖြစ်လေတော့သည်။

မရဏနွံအိုင်…။

ယင်းမရဏနွံအိုင် အတွင်းသို့ သက်ဆင်းမိသူတို့မှာ ပြန်လမ်းမရှိ သေပွဲဝင်ရသည်ချည်းပင်။

ထို့ကြောင့်…

တစ်မြို့လုံးက မရဏခံတွင်း ရှိရာသို့ မည်သူမျှ မလာဝံ့ကြချေ။

စင်စစ်တော့ ယင်းမရဏနွံအိုင်မှာ ကြီးမားကျယ်ပြန့်လှပေသည်။

လူအများသည် ယင်းဌာနချုပ် အတွင်းသို့ ကိုယ့်သဘောနှင့်ကိုယ် အလိုအလျောက် သွားကြသည်ဟူ၍ မရှိသလောက်ပင်။

ထိုခြံဝင်းအတွင်းသို့ ရောက်ရှိသည့် လူအချို့ ရှိပါသည်။



ထိုလူအချို့မှာ တခြားလူများ မဟုတ်ချေ။

အကြောင်းတစ်ခုခုကြောင့် အတင်းအဓမ္မ ခေါ်သွားသော အခါမျိုးမှ ယင်းခြံဝင်းအတွင်းသို့ ရောက်ရှိသွားကြရသည် ဖြစ်၏။

တစ်မူထူးခြားနေသည်မှာ ယင်းခြံဝင်းကျယ်ကြီးအတွင်းသို့ ရောက်ရှိသည့် လူအချို့တော့ ရှိပါသည်။

ထိုလူအချို့မှာ တခြားလူများ မဟုတ်ကြချေ။

ထိုခြံထဲသို့ ရောက်ရှိသွားသည့် လူတစ်ဦးတစ်ယောက်မျှလည်း အပြင်သို့ ပြန်ထွက်လာသည်ဟု မကြားချေ။

ထိုသူသည် ခြံဝင်းကျယ်ကြီးအတွင်း၌ အမျိုးမျိုး နှိပ်စက်ခံရပြီး နောက်ဆုံးတွင် မရဏခံတွင်း၌ ဇာတ်သိမ်းရသည်ဟု အဆိုရှိကြသည်။

သို့သော်…

ဤကိစ္စကို မည်သူမျှ တပ်အပ်သေချာစွာ မပြောနိုင်ချေ။

မျက်မြင်သက်သေမရှိ။

လူတွေ ချောက်ချားသွားသည်ဟုသာ ပြောနိုင်ပေသည်။

ယင်းသို့ ပျောက်ဆုံးရမှုများအတွက် တစ်ကြိမ်က လူကြီးများ စုဝေးပြီး ကျင်စန်းထံ အရဲစွန့်ပြီး သွားရောက်စုံစမ်းဖူးသည်။

ကျင်စန်း၏အဖြေမှာ ရိုးရိုးစင်းစင်းလေးပင် ဖြစ်၏။

သူ့ဆီ ရောက်ရှိလာသော လူများကို ကောင်းမွန်စွာ စစ်

ဆေးမေးမြန်းပြီးနောက် ကောင်းမွန်စွာပင် ပြန်လွှတ်ပေးလိုက်သည်။

မည်သူတစ်ယောက်ကိုမျှ အရေးယူခြင်း မရှိပါ။

အပြစ်ပေး ချုပ်နှောင်ထားခြင်း မရှိပါ။

သူတို့ အိမ်ပြန်မရောက်ကြသည်ကိုတော့ သူ မသိပါဟု ဖြစ်သည်။

ထို့ကြောင့်...

သခင်ကျင်စန်း၏ ဌာနချုပ်ရှိရာ ခြံဝင်းကျယ်ကြီးကို လူအများက မရဏခံတွင်းဟု ခေါ်ကြလေ၏။

ယောကျာ်းကြီးများပင် မသွားဝံ့သော မရဏခံတွင်းသို့ မိန်းမပျိုလေးဆန်ကြူးဝေ သွားသောအခါ မိခင်ဖြစ်သူမှာ ပြင်းပြစွာ စိုးရိမ်ပူပန်သောက ရောက်ရလေသည်။

မိခင်ဖြစ်သူမှာ သမီးဆန်ကြူးဝေမှာ မရဏခံတွင်းဟု နာမည်ကြီးနေသော ကျင်စန်း၏ဌာနချုပ် ရှိရာ ခြံဝင်းကျယ်ကြီးဆီသို့ ထွက်သွားသည်ကို ပေ့နန်း ရှင်းပြမှ သိလာရသဖြင့် သူ့သမီး နောက်ဆီသို့ ပေ့နန်းနှင့် ဆွေကျင်းတို့အား လိုက်ခိုင်းလိုက်သည်။

မိခင်ဖြစ်သူမှာ သူမ၏သမီး ဆန်ကြူးဝေ ရုတ်တရက် နှုတ်ဆက်ထွက်သွားသည်မှာ သာမန်အပြင်ထွက်သည်ဟု ယူဆလိုက်လေသည်။

နောက်မှ အိမ်ထဲသို့ ပေ့နန်း ရောက်ရှိလာပြီး ဖွင့်ဟပြောတော့မှ သူမ၏သမီး ကျင်စန်း၏ဌာနချုပ်သို့ သွားကြောင်း စိုးရိမ်စွာ သိရှိလိုက်ရသောကြောင့် ဖြစ်လေသည်။



◆ ◆ ◆

ပေ့နန်းသည် အဘွားဖြစ်သူ ဆန်ကြူးဝေ၏အမေ တစာစာ တိုက်တွန်းပြောဆိုမှုကြောင့် လူများ စုစည်းကာ မရဏခံတွင်းသို့ လိုက်ရန် ပြင်ဆင်ရတော့သည်။

ယင်းသို့ ပေ့နန်းတို့ မရဏခံတွင်းသို့ လိုက်ရန်အတွက် လူစုဝေးနေ၏။

ထိုစဉ်မှာပင်...

"ခွပ်..ခွပ်..ခွပ်"

"ခွပ်..ခွပ်..ခွပ်"

ခြံဝင်းအပြင်ဘက်မှ မြင်းခွာသံကို သူတို့ ကြားလိုက်ရလေသည်။

ထိုအခါ...

ပေ့နန်းတို့လူစုအားလုံး၏ အကြည့်က ခြံပေါက်ဝဆီသို့ စုပြုံကျရောက်သွားကြလေသည်။

ထိုအချိန်တွင် ခြံပေါက်ဝတည့်တည့်ဆီသို့ မြင်းရထားတစ်

စင်း ထိုးစိုက်လာလေသည်။

ထိုအခါ...

မြင်းရထားပေါ်မှ လူတစ်ယောက် ဆင်းလာသည်ကို ပေ့နန်းတို့ လှမ်းမြင်တွေ့လိုက်ရသောအခါ ဝမ်းသာအယ်လဲ ဖြစ်သွားကြရပြီး...

"ဟင် ဆန်ကြူးဝေတို့ ပြန်လာကြပြီ"

ဟု ပြောလိုက်၏။

မှန်ပေသည်။

မြင်းရထားပေါ်မှ ဆင်းလာသူများမှာ တခြားလူများ မဟုတ်ပါချေ။

ဆန်ကြူးဝေနှင့် အဘွားကြီးချန်းစု၏သား ရန်ကျိုးတို့ပင် ဖြစ်ကြသည်။

သူတို့ အိမ်ထဲ ရောက်လာကြသောအခါ ပေ့နန်းက ဆန်ကြူးဝေကို အလျင်စလို ပြောဆိုလိုက်၏။

"ငါတို့ အခုပဲ နင့်နောက်ကို လိုက်လာကြတော့မလို့"

ဆန်ကြူးဝေက ပေ့နန်းကို မျက်လုံးဝင့်၍ ကြည့်လာပြီး...

"ဘာလုပ်ဖို့လဲ"

ဟု မေးလာ၏။

ထိုအမေးကြောင့် ပေ့နန်း၏ရင်ထဲ အောင့်သက်သက် ဖြစ်သွားရလေသည်။



ထို့ကြောင့်...

ပေ့နန်းက ရင်ထဲ အောင့်သက်သက် ဖြစ်သွားရလေသည်။

သူမက ခပ်ဆတ်ဆတ် လေသံဖြင့် ပြန်ဖြေလိုက်လေသည်။

"နင့်ကို စိတ်မချလို့ပေါ့ဟ"

ဆန်ကြူးဝေက မျက်နှာထား တည်တည်ကြည်ကြည်လေးဖြင့်...

"စိတ်မချရအောင် ငါက ကလေးမှ မဟုတ်တာဘဲ"

ဟု ပြော၏။

ထိုသို့ ထီမထင် ပြန်ဖြေလာသံကြောင့် ပေ့နန်းမှာ ဒေါသဖြစ်သွားရလေသည်။

သို့သော်...

သူမ ဘာမျှ ပြန်မဖြေချင်တော့ပေ။

ထိုစဉ် အိမ်နီးချင်းမှ ရောက်လာကြသော လူများထဲမှ တစ်ယောက်က ဆန်ကြူးဝေကို ကြည့်ရင်း...

"ဆန်ကြူးဝေရယ်၊ နင် မရဏာခံတွင်းကို တစ်ယောက်တည်း သွားရတာ မကြောက်ဘူးလားဟင်"

ဟု မေးလိုက်၏။

ဆန်ကြူးဝေက...

"ဘာဖြစ်လို့ ကြောက်ရမှာလဲ"

ဟု ပြန်မေးလာသည်။

တစ်ယောက်က...

"နင် ဘယ်သူတွေနဲ့ တွေ့ခဲ့သလဲ"

ဟု မေးလိုက်၏။

ဆန်ကြူးဝေက...

"ဘယ်သူနဲ့ တွေ့ရမှာလဲ၊ သူတို့နဲ့ တွေ့တာပေါ့"

"သူတို့နဲ့တွေ့ပြီး နင်ဘာတွေ ဘယ်လိုပြောခဲ့သလဲ"

"ဘာတွေ ပြောနေရမှာလဲ၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး ဆိုပြီး ပြန်ခေါ်လာခဲ့တာပေါ့"

ဟူ၍ ပြောပြီးနောက် ဆန်ကြူးဝေ အိမ်ခန်းထဲသို့ ဝင်သွားလေသည်။

ထိုအချိန်မှစ၍ ကျင်စန်း ကိစ္စနှင့် ပတ်သက်၍ ဖြစ်ပေါ်လာသည့် ပြဿနာများကို ဆန်ကြူးဝေထံ လာရောက်အကူအညီတောင်းခံလာကြသူများ မစဲ ရှိလာလေသည်။

ဆန်ကြူးဝေကလည်း သူမထံ လာရောက် အကူအညီတောင်းသည့် ကိစ္စမှန်သမျှ မညည်းမညူ ဆောင်ရွက်ရလေသည်။

ယင်းသို့ သူမ ဆောင်ရွက်ပေးတိုင်းလဲ အကျိုးအောင်မြင်မှု ရရှိလာလေသည်။



ဤတွင် ပေ့နန်းသည် ကျင်စန်းထံ သွားရဲလာရဲ ရှိနေသော ဆန်ကြူးဝေအတွက် တွေးမိပြီး စိတ်ပူလာရလေသည်။

နောက်ရက်အနည်းငယ် အကြာတွင် ဆန်ကြူးဝေ၏ဘဝ တစ်မျိုးတစ်ဖုံ ပြောင်းလဲစေသော အကြောင်းရင်းတစ်ခု ပေါ်လာလေတော့သည်။

◆ ◆ ◆

ည…

အချိန်ကား မဟူရာည ကောင်းကင်ပေါ်၌ ကြယ်တာရာတို့ စုံလင်သော ညနက်သန်းခေါင်အချိန်ပင် ဖြစ်လေသည်။

တိတ်ဆိတ်ငြိမ်သက်လွန်းသော သန်းခေါင်ယံအချိန်တွင် ဆန်ကြူးဝေတို့ ရပ်ကွက်လေးမှာ အိမ်မောကျကာ ဆိတ်ငြိမ်နေလေသည်။

"ခွပ်…ခွပ်…ခွပ်…ခွပ်"

အချိန်အခါမဟုတ်။

ဆန်ကြူးဝေတို့၏ ခြံဝင်းအဝင်သို့ ရထားလုံးတစ်စင်း ထိုးဆိုက်လာလေသည်။

သိပ်မကြာပါချေ။

ထိုရထားပေါ်မှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးကြီးတစ်



ဦးတို့ သုတ်သုတ်ပျာပျာ ဆင်းလာကြလေသည်။

သူတို့နှစ်ယောက်သည် ခြံတံခါးပိတ်ထားသော ခြံပေါက်ဝတွင် ခြေစုံရပ်လိုက်ပြီး…

"ညီမ…ညီမဆန်ကြူးဝေ"

ဆိတ်ငြိမ်နေသော အချိန်မို့ သူတို့၏အော်ဟစ်သံများက ခြံဝင်းတစ်ခုလုံး ဖုံးလွှမ်းသွားလေ၏။

"ကျွီ"

"ဘယ်သူလဲရှင်"

အိမ်တွင်းတံခါးဖွင့်၍ ဆန်ကြူးဝေ ပေါ်ထွက်လာပြီး ခြံပေါက်ဝဆီသို့ အော်ဟစ်လှမ်းမေးလာလေသည်။

ခြံတံခါး အပြင်ဘက်တွင် ရပ်စောင့်နေကြသော ယောကျ်ားကြီးနှင့် မိန်းမကြီးတို့က မဆိုင်းမတွပင် ဖြေလာလေသည်။

"ဦးလေးတို့မှာ အရေးတကြီးကိစ္စ ပေါ်လာလို့ပါ"

"လာပြီ…လာပြီ"

ဟုဆိုကာ ဆန်ကြူးဝေမှာ ခြံတံခါးပေါက်ဝဆီသို့ ခပ်သုတ်သုတ် ရောက်ရှိလာလေသည်။

သူမသည် ခြံတံခါး ဖွင့်ပေးလိုက်၏။

ထို့နောက်…

သူမသည် ဧည့်ခန်းဆီသို့ ခေါ်ဆောင်လာလေသည်။

"တူမလေးရယ်၊ အမေရဲ့သမီးလေးကို သခင်ကျင်စန်းတို့အဖွဲ့ ဖမ်းခေါ်သွားကြတယ်"

ယောက်ျားကြီးက ဆို့နစ်သံဖြင့်...

"ဟုတ်ပါတယ်၊ ဦးရဲ့သမီးလေးဟာ ရွာမှာ အလှဆုံး မိန်းကလေးတစ်ဦးပါကွယ်၊ အသက်ဆယ့်ခြောက်နှစ်ကျော်ကျော်လောက်ပဲ ရှိပါသေးတယ်၊ အခုတော့ ငါ့တူမကြီးသာ မကယ်ရင် ဦးလေးရဲ့သမီးလေး ရေတိမ်နစ်ရတော့ပါမယ်၊ အဟီး...ဟီး"

"ဟင့်...ဟင့်"

ပြောရင်းဆိုရင်း ထိုယောက်ျာကြီးနှင့် မိန်းမကြီးတို့ ဝမ်းနည်းကြေကွဲစွာ ငိုယိုလေတော့၏။

ထိုအခါ တစ်ဖက်သား ဒုက္ခရောက်လျှင် မနေတတ်သော ဆန်ကြူးဝေက...

"သူတို့အဖွဲ့ ဦးလေးသမီးကို ဘယ်အချိန်က ခေါ်သွားကြတာလဲ"

ဟု မေးလိုက်၏။

အမျိုးသမီးကြီးက...

"မနက်ခင်း သမီးလေး ဈေးသွားတဲ့ အချိန်မှာ သူတို့ ဖမ်းခေါ်သွားကြတာပဲ"

"ကဲ အပြင်မှာ ရထားရှိတယ် မဟုတ်လား"



သူမက ထိုသို့ မေးလိုက်ရာ လူကြီးက ခေါင်းဆတ်ခနဲ ညိတ်လိုက်ကာ...

"ပါလာပါတယ်"

"ဒါဆို ခဏစောင့်၊ ကျွန်မ ဖန်မီးအိမ်တစ်ခု သွားယူလိုက်မယ်"

ဟု ပြောပြီး ဖန်မီးအိမ် ယူလိုက်၏။

"ကဲ အခုပဲ မြို့စွန်ကို သွားကြမယ်"

ဟုဆိုကာ ရှေ့က ဦးဆောင်၍ ဧည့်ခန်းထဲမှ လှမ်းထွက်လာလေသည်။

ထိုစဉ်...

အိမ်ခန်းထဲမှ တရွေ့ရွေ့ လှမ်းထွက်လာသော မိခင်ဖြစ်သူက...

"သမီးကြူးဝေ ဘယ်သွားမလို့လဲ"

"သိပ်မကြာပါဘူး မေမေ၊ ခဏလေး လိုက်သွားဦးမယ်"

မိခင်ဖြစ်သူက သမီးကြူးဝေအား စိုးရိမ်ကြောင့်ကြသော အကြည့်ဖြင့် လှမ်းကြည့်ရင်း...

"သမီးလေး ကိုယ်စိတ်ထင်တိုင်း မလုပ်ပါနဲ့ကွယ်၊ အချိန်အခါလဲ ကြည့်ပါဦး"

ဟု ပြောလိုက်၏။

သူမက မိခင်ကြီးကို တစ်ချက်ပွေ့ဖက်နမ်းရှုံ့လိုက်ပြီး…

"သမီးအတွက် ဘာမှမပူနဲ့နော်၊ သမီးသွားတော့မယ်"

"သမီး"

ယင်းသို့ ပြောဆိုပြီး သူမမှာ မိခင်ကြီး လှမ်း၍ ဟန့်တားနေသည်ကိုပင် ဂရုမူတော့ဘဲ အိမ်ထဲမှ ကျောခိုင်းထွက်ခွာသွားလေတော့သည်။

ပထမပိုင်း ပြီး၏။

ဒုတိယပိုင်းစာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။